
www.burmeseclassic.com

မြတ်မြတ်ေချဂစဂေပ

# မောင်သာမြဦ



BURMESE CLASSIC .com

အိမ်တစ်ဆုပ်မှာ
အိမ်လုပ်ပြီး
မနေချင်ပါ

အသစ်စက်စက်စ / ဆုံးလုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

## စီးပွားရေးဦးတည်ချက် (၄)ရပ်

၁။ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးတက္ကာများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
၃။ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
၄။ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
၂။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
၃။ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
၄။ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

၁။ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
၂။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
၄။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး။

BURMESE CLASSIC .com

# မောင်သာပြည့်

# တာဝန်တစ်ခုပဲမှာ အဲဒါလုပ်ပြီးမနေချင်ပါ

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၉ ၀၆၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၄၉၄ ၀၆၀၅

ထုတ်ဝေသူ
ဦးသန်းဆွေ (၀၁၄၇၃)၊ စစ်သည်တော်စာပေ
အမှတ်(၁၁၃-က)၊ ဥယျာဉ်လမ်း၊ (၁၉)ရပ်ကွက်
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးမောင်မောင်လွင် (၀၂၃၅၀)
ကဝိရတနာပုံနှိပ်တိုက်
အမှတ်(၂၀၄)၊ လမ်း(၃၀) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့်ရေခံပန်းချီ | - | မမွေး |
| ကွန်ပျူတာစာစီ | - | မော်ဒန်စာပေ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | - | ၂၀၀၆၊ ဇူလိုင်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၅၀ ကျပ် |
| ဖြန့်ချိရေး | - | မြတ်မြတ်ချောစာပေ |


# "တိမ်တစ်ဆုပ်မှာ အိမ်လုပ်ပြီး မနေချင်ပါ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း-တစ်

www.burmeseclassic.com

www.burmeseclassic.com

## [၁]

"နန်းထိုက်ရတနာ" ကုမ္ပဏီ၏ရုံးခန်း အသစ်ထားရှိသည်မှာ ဘာမှမကြာသေး။ ဖွင့်ပွဲနေ့က သူခင်မင်လေးစားသည့် ပုဂ္ဂိုလ်ကြီး တကူးတက လာရောက်ဖွင့်ပေးခဲ့သည်ကို သူကျေနပ်အားရစွာ ရှိနေဆဲမှာ. . ,

ဖုန်းမြည်သံက နားစည်ကို လာရောက်ရိုက်ခတ်သည်။ ထိုင်ခုံနောက်မှီကို ခေါင်းတင်ထားရာမှ သူ ကိုယ်ကိုဆတ်ကနဲ မတ်လိုက်ပြီး စကားပြောခွက်ကို အသာဆွဲယူလိုက်၏။

နားမှာ ကပ်မိသည်နှင့် . . .

"အမိန့်ရှိပါ"



www.burmeseclassic.com

www.burmeseclassic.com



"နန်းထိုက်ရတနာကုမ္ပဏီကလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော် မြို့နယ်ရဲစခန်းက တာဝန်မှူးပါ၊ ဦးကိုကို အောင်ကို စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့၊ ကျွန်တော် ကိုကိုအောင်ပါ"

ရဲစခန်းကတဲ့ . . .။

သူ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေခိုက်မှာ . . .

"ဒီလိုပါ ဦးကိုကိုအောင်၊ ဦးကိုကိုအောင်ရဲ့ညီ မောင် ညီညီအောင် ရိုက်မှုနဲ့ ရဲစခန်းကို ရောက်နေပါတယ်"

"ဟာ. ."

"အဲဒါ ဖုန်းဆက် အကြောင်းကြားတာပါ။ ဦးကိုကို အောင် ရဲစခန်းကို လာရောက်စေချင်ပါတယ်"

တာဝန်မှူးက မြို့နယ်နှင့် စခန်းအမှတ်ကို ပြောပြသည်။

"ကောင်းပါပြီ၊ ကျွန်တော် အခုပဲလာခဲ့ပါ့မယ်"

တစ်ဖက်မှ ဖုန်းချသွားသံ ကြားသည်။

သူ ဖုန်းခွက်ကို အသာချပြီး လေပူကို မှုတ်ထုတ်လိုက်သည်။ သူ့ဘဝမှာ ဒီညီလေးတစ်ယောက်သာရှိသည်။ သည်ညီနှင့် ပတ်သက်ပြီး သူ့ဘဝမှာ စိတ်သက်သာဖွယ်ရာ တစ်ကွက်မှ မရှိခဲ့။

သူ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။





ရုံးအကူ ဦးလှတူ အခန်းထဲသို့ အပြေးကလေး ရောက်လာသည်။

"ကျွန်တော် အပြင်ထွက်ဦးမယ် ဦးလှတူ၊ စက်ာပူက ဖုန်းဝင်လာရင် ခင်မေလှိုင်နဲ့ တွေ့ပေးလိုက် ဟုတ်လား"

"ဆရာ ပြန်မလာတော့ဘူးလား"

"မလာတော့ဘူး၊ ပြဿနာက ဘယ်ထိရှည်လျားဦးမလဲ မသိဘူးဗျာ၊ စိတ်ညစ်ပါတယ်"

"ညီတော်မောင်ရဲ့ အရေးကိစ္စ ပေါ်လာပြန်ပြီ ထင်တယ်"

"ခင်ဗျား တွေးတတ်သားပဲ"

"ဩော်-ဆရာရယ်၊ ဆရာ့ဘဝမှာ စိတ်ညစ်စရာဆိုတာ ညီညီအောင်အတွက်ပဲ ရှိခဲ့ရတာမဟုတ်လား။ ဒီတော့ ဆရာ စိတ်ညစ်တယ်ဗျာ ဆိုတာနဲ့ ကျွန်တော်က ညီတော်မောင်ကိစ္စပဲ တန်းသိလိုက်တာပါ"

"အမှန်ပဲ ဦးလှတူ၊ အခု ရဲစခန်းရောက်နေပြန်ပြီလေ"

"ဒုက္ခပါပဲ ဆရာရယ်"

"ဟုတ်တယ်ဗျာ။ ကျွန်တော့်အတွက်တော့ တကယ့်ကို ဒုက္ခပါပဲ"



www.burmeseclassic.com

မှာစရာရှိတာမှာပြီး သူ အလုပ်ခန်းထဲမှ ထွက်ခဲ့၏။ ကားမောင်းရင်း ညီဖြစ်သူနှင့် ပတ်သက်သည့်အကြောင်းအရာတွေ သူ့ခေါင်းထဲမှာ ဝေစည်နေ၏။ ညီညီအောင် ရဲစခန်းရောက်နေသည်ဆိုသည့် အကြောင်းကို သူ မေမေ့ထံ ဖုန်းမဆက်ရဲ။ သူ့နည်းတူ ညီညီအောင်သည်လည်း မေမေ့ထံကို ဖုန်းဆက်မည်မဟုတ်။

သူ့ကို ညီညီအောင်က အားကိုးသည်။

အစ်ကိုအပေါ် ဆိုးနွဲ့တတ်သလို ညီဖြစ်သူ၏ ပြဿနာအရပ်ရပ်ကိုလည်း သူကပဲ လိုက်လံဖြေရှင်းပေးခဲ့ရသည်။

ရဲစခန်းရောက်တော့ တာဝန်မှူးရှေ့ ထိုခုံတန်းမှာ ညီညီအောင်ကို ခပ်မတ်မတ်ထိုင်လျက် တွေ့၏။ သူ့ကို မြင်သည်နှင့် တာဝန်မှူးက . . .

"ဦးကိုကိုအောင် ထင်ပါတယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

ကိုကိုအောင် အသက်သုံးဆယ်စွန်းရုံသာ ရှိပါသေး၏။

သို့သော်လည်း လုပ်ငန်းကြီး လုပ်ကိုင်သူတစ်ယောက်၏ ဥပဓိရုပ်က အရွယ်နှင့်မလိုက်အောင် ခန့်ထည်တည်ကြည်လွန်းသည်။

သူ ဝတ်ဆင်ထားသည့် ရွှေအိုရောင် ရခိုင်ပုဆိုးနှင့် တန်ဖိုးသောင်းဂဏန်းအထက်မှာ တည်ရှိသည့် စပို့ရှပ်အဖြူရောင်စွတ်စွတ်က လိုက်ဖက်လွန်းသည်။ ဘယ်လက်သူကြွယ်မှာ ဝတ်ဆင်ထားသည့်





စိန်လက်စွပ်၏ တန်ဖိုးကို စိန်အကြောင်း နားလည်သူသာဆိုလျှင် သိန်းတစ်ရာအောက်ကို တန်ဖိုးဖြတ်ဝံ့သည်မဟုတ်။

သူ စခန်းမှူးရုံးခန်းထဲရောက်တော့ စခန်းမှူး၏ လေးစားဖွယ်သော အပြုံးကို သူမြင်သည်။ ဖြစ်စဉ်အားလုံးကို စခန်းမှူးက သိထားပုံရပါ၏။

"ထိုင်ပါ ဦးကိုကိုအောင်"

စခန်းမှူးအဖွဲ့ ရှေ့ထိုင်ခုံမှာ သူဝင်ထိုင်သည်။

"ဖြစ်လေ့ ဖြစ်ထရှိတဲ့ လူငယ်သဘာဝပေါ့ ဦးကိုကိုအောင်ရယ်၊ ရပ်ကွက်က အကြောင်းကြားတော့ ကျွန်တော်တို့ သွားဖမ်းရပါတယ်။ အရိုက်ခံရတဲ့ လူငယ်ရဲ့ ဒဏ်ရာက ချုပ်ရလောက်အောင် မပြင်းထန်ပေမယ့် ပေါက်ပြဲမှုကြောင့် သွေးထွက်သံယိုဖြစ်ရတာပေါ့လေ"

သူခေါင်းကို ညိတ်ပြသည်။

စခန်းအတွင်းသို့ ဝင်လာစဉ်တုန်းက ခေါင်းမှာ သွေးသံရဲရဲနှင့် ညီညီအောင်အရွယ် လူငယ်တစ်ယောက်ကို တွေ့ခဲ့ပါ၏။ လူငယ်၏နံဘေးမှာ မိဘလား၊ ရပ်ကွက်လူကြီးလားခန့်မှန်းလို့မရသည့် ပုဂ္ဂိုလ်သုံးဦးကိုလည်း တွေ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ သဘောထားစေတနာမှန်က ကြီးတဲ့အမှုကို သေးအောင်၊ သေးတဲ့

www.burmeseclassic.com



အမှုကို ပပျောက်အောင် ဆောင်ရွက်ချင်တဲ့ စေတနာပါ။ ခု လူငယ်ချင်းဖြစ်တဲ့ ကိစ္စမှာ တရားတဘောင် အချုပ်အနှောင် တွေလည်း မဖြစ်စေချင်ပါဘူးဗျာ။ တစ်ဖက်နဲ့တစ်ဖက် ပြေလည်အောင် ညှိနှိုင်းဆွေးနွေးလိုက်ရင် အမှုကိစ္စတွေ ငြိမ်းအေးသွားမယ်လို့ ကျွန်တော် ထင်ပါတယ်"

"ကျွန်တော့်ဆန္ဒကလည်း အဲသလိုပဲ ရှိပါတယ်။ တစ်ဖက်က မိဘရှင်တွေများ ရှိနေကြမလား မသိပါဘူး"

"ရှိပါတယ်၊ ရှိပါတယ်၊ နားလည်အောင် ညှိနှိုင်း ဆွေးနွေးပါ။ ကျွန်တော်တို့ဘက်ကလည်း ကူညီဖို့ အသင့်ပါပဲ"

သည်သို့နှင့် လူကြီးချင်းတွေ့ဆုံပြီး ဆွေးနွေးဖြစ်သည်။

တစ်ဖက်ကလည်း အေးအေးချမ်းချမ်း သမားတွေပါပဲ။ တောင်းပန်စကားကို လိုလိုလားလားနှင့် ခေါင်းညိတ်ကြပါသည်။

တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး စခန်းမှ ပြန်ထွက်တော့ သူပင့်သက်ရှည်ကြီးကို မှုတ်ထုတ်၏။

ကားကို ဦးဝိစာရလမ်းဘက် ကွေ့ချိုးမောင်းတော့ ညီညီအောင်က . . .

☆ ☆ ☆





"ငွေငါးသောင်း နစ်နာကြေးပေးသော့ သူတို့က ကိုကို့ကို ဖင်ဘူးတောင်းထောင်ပြီးကန်တော့ချင်စိတ်ပေါက်သွားမှာပေါ့ ကိုကိုရာ၊ တစ်သောင်း နှစ်သောင်းပေးရင်တောင် သူတို့ ကပြီးယူမှာ"

ကားမောင်းရင်း သူက ညီညီအောင်ကို စွေစောင်းကြည့်သည်။

"ဟား . . ဟား . . လောကကြီးမှာ ငွေပါ ကိုကိုရာ။ ကိုကိုက ကျွန်တော့် ညီအတွက် တောင်းပန်ပါတယ် ခင်ဗျာ။ သာတယ်နာတယ် မတွက်ပါနဲ့။ ဆေးဖိုးဝါးခ ငွေငါးသောင်း ကျွန်တော် ကူညီပါရစေလို့ ဆိုလိုက်ရော သူတို့မျက်နှာတွေ ဝင်းလက်သွားတာ ကိုကို သတိမထားမိဘူးလား"

"တော်စမ်း ညီညီ၊ လောကကြီးမှာ ငွေဟာ အရာရာကို အောင်မြင်နိုင်တယ်လို့ မင်းထင်နေသလား"

"ထင်နေတာမဟုတ်ဘူး ကိုကို၊ လုံးဝယုံကြည်နေတာ"

"ငါ သူဌေးသားပဲ။ ငွေရှိတယ်ဆိုပြီး မင်းအတွေးတွေ မတိမ်ပါနဲ့ ညီညီရယ်။ လောကမှာ စေတနာ မေတ္တာဆိုတာအဓိကကျပါတယ်။ ခုကိစ္စမှာ တို့က ငွေရှိတယ်ဆိုပြီး ခင်ဗျားတို့ အမှုမဖွင့်ပါနဲ့။ ကျုပ် ငွေငါးသောင်း ပေးမယ်လို့များ ပြောကြည့်ပါလား။ ထဆဲခံရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ညီညီ။ သူတို့တွေမှာ ငွေမရှိပေမယ့် မာနရှိကြတယ်။ ခုလို ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့တောင်းပန်ပြီး ကူညီတဲ့သဘောမျိုးသက်ရောက်အောင် ယဉ်ကျေးမှုတော့ သူတို့လည်း ကျေကျေနပ်နပ်ရှိတာပေါ့"

ညီညီအောင်က ခပ်မဲ့မဲ့လေး ပြုံးပြီး . . .

"သူတို့က တွေးနေမှာပဲ"

"ဘာတွေးမှာလဲ"

"ခေါင်းပေါက်ရုံ အရိုက်ခံရတာနည်းတယ်။ ခေါင်းကွဲပြီး ဆယ်ချက်လောက် အချုပ်ခံလိုက်ရရင် ဒီထက်မကတဲ့ လျော်ကြေးတွေ ရမှာလို့တွေးပြီး အရနည်းလို့ စိတ်မကောင်းဖြစ်နေကြမှာ"

"ညီညီအချုပ်ခန်းထဲရောက်မှာကို အရင်စဉ်းစားပါဦး"

"ကိုကို ရှိနေသမျှ ညီ ဘယ်သူ့ကိုမှ ဦးကြို့နေစရာမလိုပါဘူး ကိုကိုရ။ ဟုတ်တယ်မဟုတ်လား ကိုကို"

လက်မောင်းကို ဆွဲကိုင်ပြီး ပြောသည်။

သည်လိုဆိုတော့လည်း ညီဟာ လူ့ဘဝ လူ့အကြောင်းကို ဘာမှမသိရှာတဲ့ ကလေးငယ်တစ်ယောက်လိုပါပဲလား။

ဒုတိယအကြိမ် ချဖြစ်သည့် ပင့်သက်တွင် ညီဖြစ်သူအတွက် အမောများ ပါနေသည်ကို ကိုယ့်ဘာသာကိုယ်သိသည်။





"ခု ရန်ဖြစ်တဲ့ကိစ္စမှာ ညီမလွန်ဘူး ကိုကို"

"သူ့ခမျာ မရှုမလှခံရတာကွာ၊ လက်သီးနဲ့လည်းအထိုးခံရတယ်။ တုတ်နဲ့လည်း အရိုက်ခံရတယ်။ ဘာမှသက်သာတာ မရှိဘူး"

"ဒါက ညီလျှင်လို့ ကိုကို။ သူတို့ကသုံးယောက် ညီ့ကိုဝိုင်းသမကြတာ။ ညီကလည်း ကရာတေးကို ခါးပတ်နက်ရထားတာမဟုတ်လား။ ဘယ်လွယ်လွယ်နဲ့ ဖြိုလို့ရလိမ့်မလဲ"

"ဘယ်လို စဖြစ်တာလဲ"

"ညီ ကားမောင်းလာတာကို ငှက်ပျောခွံနဲ့ လှမ်းပစ်တယ်လေ။ ငှက်ပျောခွံက ကားထဲကိုတန်းဝင်လာတာ"

"ဟာ တယ်ဆိုးပါလား"

"ညီက ကားကိုရပ်လိုက်ပြီး ပစ်တဲ့ကောင် ငှက်ပျောခွံကို ပါးစပ်နဲ့ လာချီစမ်းဆိုပြီးစိန်ခေါ်တာပေါ့။ အဲဒီမှာ ဖိုက်ပွဲကျွင်းပသွားရတာ ကိုကိုရ"

"တယ်ပြီး ရန်လိုကြပါလား"

"ဒါတောင် ဒီကောင်တွေက ကားကိုဝိုင်းသမမလို့လုပ်တာ။ အောင်ဇေယျ ကားကိုမောင်းထွက်တာ မြန်လို့ ကား စိစိညက်ညက်မကြေတာ"



www.burmeseclassic.com

www.burmeseclassic.com

ကြားရသည့်စကားတွေက ဘယ်လိုမှ စိတ်သက်သာခြင်းမရှိ။ ညီညီအောင် ပုံစံကတော့ မဖြစ်ခဲ့လေသည့်ပုံစံ။ နံဘေးမှာ အေးအေးလူလူ ထိုင်လိုက်ပြီး လေကလေးပင် ချွန်လိုက်သေး၏။ ကား ပန်းခြံတွေ့ရောက်တော့မှ . . .

"ကိုကို မေမေ့ကို ဖုန်းဆက်ပြောလိုက်သေးလား"

"မပြောပါဘူး"

"တော်သေးတာပေါ့။ မေမေက သွေးတိုးနဲ့။ ညီ ရဲစခန်းရောက်နေတာသိရင် ရောဂါတက်နေမှာ"

"အဲဒီအတွက်တော့ မပူပါနဲ့"

"ပူရတာပေါ့ ကိုကိုရ။ ဒီအမေလေး တစ်ယောက်တည်းရှိတာ"

"မင်း ရဲစခန်းရောက်တာ ခုတစ်ခါမှ မဟုတ်ပဲကွာ။ သုံးလေးခါမက ရောက်ခဲ့လို့ မေမေရော ကိုကိုပါ ဖြေလိုက်ရှင်းရတာပဲဟာ။ ဒီတော့ မင်း ရဲစခန်းရောက်နေတယ်ဆိုရုံလောက်နဲ့တော့ မေမေ ဘယ်လိုမှ သွေးမတိုးနိုင်တော့ဘူး"

သူ့စကားကို ညီညီအောင်က ရယ်ပြီး လမ်းထိပ်ရောက်တော့ ကားကို ကမန်းကတန်း ရပ်ခိုင်း၏။

"ပြန်လိုက်ခဲ့လေ"





"အောင်ဇေယျက ကားနဲ့ အိမ်ကို တန်းပြန်မှာမဟုတ်ဘူး ကိုကို။ လက်ဖက်ရည်ဆိုင်မှာ စောင့်နေမှာ"

ကားရပ်ပေးရသည်။

သူ့ကို ဆလံပေးသွားသည့် ညီ့ပုံစံက ဘာမှမဖြစ်ခဲ့သလိုပါပဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၂]

ပြဿနာဆိုသည့်စကားကို သူ ဘယ်လိုမှ လက်ခံနိုင်ခြင်းမရှိ။ သူ၏တင်ပြမှုများကို အောင်ဇေယျက ခေါင်းကို တွင်တွင်ခါယမ်းသည်။

"ငါ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် အနေနဲ့ မင်းကို အကြံပေးပါရစေ ညီအောင်"

သူ့ကို အောင်ဇေယျက ညီတစ်လုံး ဖြတ်ပြီး ညီအောင်ဟု ခေါ်သည်။

"ဘာအကြံဉာဏ်ပေးမှာလဲ"

"မင်း သက်နှင်းဝေကို မကြေပါနဲ့ကွာ။ တခြားကောင်





မလေးတွေ အများကြီးပါ။ မင်း ကြိုက်တာရွေး။ စာပေး ပေးဆို ငါပေး ပေးပါ့မယ်"

"ငါက လောလောဆယ် သူ့ကို ကြိုက်နေတယ်ကွ"

သူ့စကားကြောင့် အောင်ဇေယျ ခေါင်းကုတ်သည်။

အခြေအနေကလည်း သည်နေ့မှ စလာရသည့် အခြေအနေ။

သက်နှင်းဝေ ဆိုင်ကိုအသွား ကားဂိတ်မှာ သူနှင့်ဆုံသည်။ သူက ကားရပ်ပြီးခေါ်တော့ သက်နှင်းဝေကလည်း အလွယ်တကူပါလဲ။ သူ့ ကားပေါ်မှာ ဘာစကားမှမပြောဘဲ ဗိုလ်ချုပ်ဈေးထိ လိုက်ပို့ပေးသည်။ အပြန်မှာ သူ့စိတ်တွေ အရမ်းလှုပ်ရှားခဲ့သည်ကိုတော့ ကိုယ့်ကိုယ်ကို သိ၏။

"သူ့ရဲ့ အနီးကပ်အလှက ငါ့ကို အရမ်းဖမ်းစားသွားတယ်ကွာ။ ခါတိုင်း သူ့ကို ငါ မြင်ဖူးနေတာပဲ။ စိတ်မဝင်စားခဲ့ပါဘူး။ ဒီနေ့မှ စိတ်ဝင်စားမှု စသွားတာ အောင်ဇေယျ"

သူ့စကားကို အောင်ဇေယျ မျက်ခုံးလှုပ်သွားပုံရသည်။ သူ့ကို မြူးမြူးပျာပျာ ကြည့်ပြီး . . .

"ပြဿနာတွေ စွတ်တက်မယ်ကွာ"

"ဘာပြဿနာတက်ရမှာလဲကွ"

"အစ်ကိုကြီး ကိုအောင်တို့ ပြန်တွေ့ရင် ဘယ်နဲ့လုပ်မ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ အစ်ကိုကြီးက သူ့စီးပွားရေးလုပ်ငန်းမှာ သူလည်း ရှုပ်ရှုပ်ထွေးထွေးမနေဘူး။ အရောင်းဆိုင်က ဝန်ထမ်း အမျိုးသမီးတွေကိုလည်း ရှုပ်ရှုပ်ယှက်ယှက် ကိစ္စတွေ လက်ခံတာမဟုတ်ဘူး။ အလုပ်ခန့်ကတည်းက ချစ်သူ ရည်းစားရှိတယ်ထင်ရင် ခန့်တာမှ မဟုတ်တာ။ သိမ်သိမ်မွေ့မွေ့ သိက္ခာရှိရှိ နေထိုင်ပြောဆိုပါ့မယ် ဆိုတဲ့ ခံဝန်ကိုလည်း ကောင်မလေးတွေ လက်မှတ်ထိုးထားရတာ"

သည်စကားအပေါ်မှာတော့ သူ ခပ်တွေတွေကလေး ဖြစ်သွားရသည်။ ဗိုလ်ချုပ်ဈေးကျောက်မျက်အရောင်းဆိုင်၏ တင်းကြပ်သည့် စည်းကမ်းများကို သူနှင့် အနီးကပ်နေသည့် အောင်ဇေယျက သိထား၏။

"ဒီမယ် အောင်ဇေယျ။ ငါ့ရင်ထဲကအချစ်တွေကို မင်း ဖျက်လိုဖျက်ဆီး မလုပ်ပါနဲ့"

"ဘယ်တုန်းကများ လုပ်ခဲ့လို့လဲ ညီအောင်ရာ"

"ခု လုပ်နေတယ်လေကွာ"

အောင်ဇေယျခေါင်းကို တဗျင်းဗျင်း ကုတ်နေသည့်ပုံကို သူ မကြိုက်။ ဒါသည် သူ့ဆန္ဒကို ဆန့်ကျင်ရာ ရောက်နေ၏။

"မင်းဟာ ငါနဲ့ ညီအစ်ကိုလို နေတဲ့ သူငယ်ချင်း၊ ငါနဲ့





ပတ်သက်လာရင် ဘာကိုဖြစ်ဖြစ် မင်း စွန့်စားရမယ်။ အခု ငါ စာရေးမယ်။ မင်းက သက်နှင်းဝေကို သွားပေးရမယ်"

သည့်နောက် အအေးဆိုင်၏ နောက်ဆုံးစားပွဲမှာ ဘောပင်တစ်ချောင်းနှင့် ညီညီအောင် စာရေးတော့၏။

စာရေးပြီးတော့ အောင်ဇေယျကို ပေးဖတ်သည်။ အောင်ဇေယျက စိတ်မပါတပါနှင့် ဖတ်နေ၏။

"ကောင်းရဲ့လား"

"ကောင်းပါတယ်"

"လိုတိုရှင်းလေးပေါ့ကွာ။ အချိန်ယူ ရေးမယ်ဆိုရင်တော့ သက်နှင်းဝေ စာဖတ်ပြီး ငါ့ဆီကို ကမန်းကတန်းတောင် ပြေးလာနိုင်တယ်"

စာကို သေသေချာချာခေါက်ပြီး အပြင်ရောက်မှ စာအိတ်ဝယ်၍ စာအိတ်ထဲ စာခေါက်လေး ထည့်ပိတ်လိုက်သည်။

"ငါ လက်ဖက်ရည်ဆိုင်က စောင့်နေမယ်။ စာကို သူ့လက်ထဲရောက်အောင် ထည့်နော်"

"အစ်ကိုကြီး ကိုအောင် ရောက်နေရင် ဘယ်လိုလုပ်မလဲ"

"ကိုကိုက သူ့ကုမ္ပဏီရုံးခန်းကနေ ညနေမှ ဆိုင်ကိုပြင်



www.burmeseclassic.com

www.burmeseclassic.com



တား တကယ်လို့ ကိုကိုတို့ တွေ့ရင်လည်း မပေးပဲပြန်လှည့်ခဲ့ပေါ့ကွာ။ မင်းကို စကားပြောရတာ အရမ်းလက်ဝင်နေပါလား"

"မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ ညီအောင်"

"လှုပ်တဲ့မျက်ခုံးပေါ်က မျက်ခုံးမွေးကို နှုတ်ပစ်လိုက်ကွာ။ ဒါဆို မျက်ခုံးလှုပ်တာ ရပ်သွားလိမ့်မယ်"

အောင်ဇေယျလက်ထဲ စာထည့်ပြီး သူ လက်ဖက်ရည်ဆိုင်ဘက်လျှောက်ခဲ့သည်။

အောင်ဇေယျ တုံ့နှေးနှေးပုံစံနှင့် ဗိုလ်ချုပ်ဈေး ကျောက်မျက်အရောင်းဆိုင်ဘက်ထွက်သွားသည့်ဟန်ကိုတော့ သူ ရယ်ချင်နေမိ၏။

☆ ☆ ☆

ဆိုင်ထဲ ဝင်လိုက်သည်နှင့် ကိုအောင်ဇေယျကြီး ဈေးလာသလားဆိုသည့် အမေးကို သက်နှင်းဝေက ရယ်ရယ်ပျပျနှင့် မေးသည်။

"ဟုတ်တယ် မဝေ။ ဗိုလ်ချုပ်ဈေးကို တစ်နေ့ တစ်ခေါက် မှန်မှန်မရောက်ဘဲ မနေနိုင်ဘူး"

"တစ်ယောက်တည်းလား"



"ညီညီအောင် ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတယ်"

ပြောပြီး မျက်နှာကို အကဲခတ်ကြည့်သည်။

သက်နှင်းဝေမျက်နှာက ဘာမှထူးခြားပြောင်းလဲခြင်းမရှိ။ စိတ်မှာ လှုပ်ရှားရင်း အောင်ဇေယျက ဘေးဝန်းကျင်ကို အကဲခတ်သည်။

တစ်ဖက်ကောင်တာမှာ ငတိမလေးတွေ သူတို့တာဝန်နှင့် သူတို့ အလုပ်ရှုပ်နေကြသည်။ အဓိကပုဂ္ဂိုလ်ကြီး အစ်ကိုကြီး ကိုကိုအောင်၏ အရိပ်ယောင်ကို မမြင်ရသဖြင့် သူ အသက်ရှူချောင်သွားသည်။

အစ်ကိုကြီး ကိုကိုအောင် မရှိတာကိုက ကြီးစွာသော အခွင့်အရေးပါပဲ။ သည်အခွင့်အရေးကို သူ လက်လွှတ်ခံလို့မဖြစ်။ ပြီးတော့ သက်နှင်းဝေကောင်တာမှာ လူရှင်းနေသည်။

"မဝေ"

"ဘာလဲ ကိုအောင်ဇေယျ"

"ကျွန်တော် သွားမယ်နော်"

"ဟုတ်ကဲ့"

"ဒါပေမယ့် မသွားခင် စာကလေး ပေးခဲ့ပါရစေ"

"ဟင် . . ."

"ဟင်ဆိုပြီး မျက်လုံးကြီး ပြူးမကြည့်ပါနဲ့ မဝေရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစာက ကိုယ်ပေးတဲ့စာ မဟုတ်ပါဘူး။ ညီညီအောင်
က မဝေကို ပေးခိုင်းတဲ့စာပါ"

ပြောပြီး စာအိတ်ကို သက်နှင်းဝေရှေ့ ချခဲ့ပြီး သူ ဆိုင်ထဲမှ ခပ်သွက်သွက်ကလေး ထွက်ခဲ့သည်။

နောက်ပိုင်း ဘာပြဿနာတွေ ဖြစ်မည်တော့ မသိ။

လက်ဖက်ရည်ဆိုင်ရောက်တော့ ညီညီအောင်က သူ့လက်ကို ဆုပ်ကိုင်ပြီး . . .

"ငါ့သူငယ်ချင်းက တကယ်အားကိုးရတယ်ကွာ"

ဆိုသည့် စကားကို ပြောသည်။

သူငယ်ချင်းအတွက် ကူညီလိုက်ရသော်လည်း အောင်ဗေယျ ရင်မှာ ရင်ခုန်မှုကတော့ ခုတိုင် မပျောက်နိုင်သေး။

☆ ☆ ☆



[၃]

ကိုကို မိုးအတော်ချုပ်မှ ပြန်ရောက်လာသည်။

သားကြီး မိုးချုပ်လှချည်လားဆိုသည့် မေမေ့ အသံကိုလည်း အိပ်ခန်းထဲက သူကြားသည်။

"အစည်းအဝေးက ခပ်စောစောပြီးပါတယ် မေမေ။
မိတ်ဆွေတွေဆုံတုန်း စားသောက်ကြတဲ့ပွဲက အချိန်
တော်တော်ယူသွားတယ်"

အသံတွေ တိတ်ဆိတ်သွားပြီး မကြာမီမှာ သူ့အိပ်ခန်းတံခါးကို ဖွဖွညင်သာ လာခေါက်သံက ပေါ်ထွက်လာ၏။

ညီညီအောင် အိပ်ယာပေါ်က လူးလဲထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သည်အချိန်က သူ အိပ်ခန်း အိပ်ရာပေါ်မှာ ရှိတတ် သည့်အချိန်မဟုတ်။ သည်ညတော့ အခန်းထဲမှာ သက်နှင်းဝေအကြောင်းကို သူ တွေးချင်နေသည်။ ဒါ့ကြောင့် အောင်ဇေယျနှင့်လက်ဖက်ရည်ဆိုင်မှာ လမ်းခွဲခဲ့ပြီး သူ အခန်းပြန်ရောက်နေခြင်းဖြစ်သည်။

"ညီညီ အိပ်ပြီလား"

သူ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ကိုကို အခန်းထဲ ဝင်လာ၏။ ပြီး ခုတင်ဘေးမှ ဆိုဖာတပ်နီကယ်လ် ဇိမ်ထိုင်ခုံကို ဆွဲယူထိုင်သည်။

"တို့ ညီအစ်ကိုနှစ်ယောက် ဒီမှာပဲ စကားပြောတာအဆင်ပြေပါတယ်"

သူ ကိုကို့မျက်နှာကို စူးစမ်းသလို လှမ်းကြည့်၏။ ကိုကိုက သူ့ကို ပြုံးကြည့်ရင်း အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်၍ တစ်လိပ်ကိုနှိုက်ယူမီးညှိသည်။ စီးကရက်ဘူးကို သူ့ဘက်ရွှေ့ပေးရင်း . . .

"သောက်လေ"

"ဒီနေ့ စီးကရက် အသောက်များသွားတယ် ကိုကို။ ဆောရီးပါပဲ"

"တိုင်းတိုင်းဆဆ သောက်ပေါ့ကွာ။

သည်စကားတွေကို သူ စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားနေတာ





က သူ့အခန်းထဲသို့ ကိုကို ဝင်လာသည့်အကြောင်းရင်း။ အကြောင်းကိစ္စမရှိပဲနှင့် ကိုကိုသည် သူ့အခန်းကို လာတတ်သည်မဟုတ်။ သူစဉ်းစားနေဆဲမှာပဲ ကိုကိုက . . .

"တို့ ညီအစ်ကိုနှစ်ယောက်ကြားမှာ ရှက်စရာအကြောင်းတရား ဘာမှ ရှိစရာမလိုဘူးဆိုတာကိုတော့ မင်း နားလည်ထားပေးရမယ်"

"ကိုကို ကျွန်တော့်ကို ပြောစရာစကားတွေ ရှိနေပြီထင်တယ်"

"ဟုတ်တယ် ညီညီ။ ပြောစရာစကားမှာ သက်နှင်းဝေက ကိုကို့ကို တိုင်လိုက်တဲ့အကြောင်းအရာပဲ"

သူ့ရင် ထိတ်ခနဲဖြစ်သွားသည်။

ကိုကို့ရှေ့မှာ မျက်နှာမထားတတ်သလိုလည်း ဖြစ်ရ၏။

"ညီညီ သူ့ကိုစာပေးလို့ ကိုကို့ကို လာတိုင်တဲ့အကြောင်းကို မပြောတော့ပါဘူး။ ညီညီ့ကို မေးချင်တဲ့စကားတော့ ကိုကို့ရင်မှာ ရှိနေတယ်"

"မေးပါ ကိုကို"

"ကောင်းပြီ မေးမယ်။ ညီညီ သက်နှင်းဝေကို တကယ်ချစ်မြတ်နိုးလား"

သည်အမေးအတွက်တော့ သူ့မှာ ဖြေရန်စကား အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

"မချစ်ဘူး ကိုကို။ ဒါပေမယ့် ကြိုက်တယ်"

"ဟင် . . ."

ဟင် ဟုဆိုပြီး ကိုကို မျက်လုံးပြူး မျက်ဆန်ပြူးသွားတာကို ကြည့်၍ သူ ရယ်ချင်၏။

"ချစ်တာနဲ့ ကြိုက်တာ ကွာလို့လား ကွာ"

"ကွာတာပေါ့ ကိုကိုရဲ့။ ချစ်တယ်ဆိုတာက သူက ရုပ်လှလှ မလှလှ၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် မတောင့်တောင့် နှလုံးသားထဲက ဖြစ်ပေါ်လာတဲ့ သံယောဇဉ်နဲ့ ငြိတွယ်တာက အချစ်၊ ကြိုက်တာက ရုပ်လှလို့၊ ကိုယ်လုံးတောင့်လို့၊ ကွာပါတယ်။ အရမ်းကို ကွာပါတယ်"

"ဒါဖြင့် မင်း သက်နှင်းဝေအပေါ် သဘောထားတာ က ဒုတိယအမျိုးအစားထဲကပေါ့"

"ဟုတ်တယ် ကိုကို"

"ဒါဆိုရင် မင်း မတရားတဲ့အလုပ် လုပ်လိုက်တာပဲ"

ကိုကို့မျက်နှာ ရုတ်ချည်းတည်သွားသည်။ သည်မျက်နှာထား တည်တာကြီးကိုတော့ သူ လန့်သည်။

"သက်နှင်းဝေဟာ ဝန်ထမ်းတွေထဲမှာ အနေအထိုင်





အတည်ကြည်ဆုံးပဲ။ သိက္ခာပိုင်းဆိုင်ရာမှာတော့ ကိုကို့ ဝန်ထမ်းတွေကို ပြောစရာအချက်မရှိဘူး။ ညီညီ သက်နှင်းဝေကို လေးလေးနက်နက်ချစ်ခဲ့ရင် ကိုကို့ဘက်က လုံးဝသဘောတူပြီးသားပဲ။ ဒါပေမယ့် ကြိုက်တယ်ဆိုတဲ့ စကားပုံစံကြီးက ယောက်ျားတစ်ယောက်အတွက် သိပ်မိုက်ရိုင်းလွန်းတယ်"

သူ ကိုကို့မျက်နှာကို မဝံ့မရဲ ကြည့်လိုက်၏။

"ကိုကို မင်းကို တောင်းပန်ပါတယ်။ ညီညီ တကယ် စုံမက်ရင် ကိုကို့ဝန်ထမ်းတွေထဲက ကြိုက်ရာကို လက်ညှိုးထိုးပါ။ မိဘားဖဘားပီပီနားဖောက်ပြီး ကိုကိုကိုယ်တိုင် တောင်းရမ်းပေးမယ်။ ယောက်ျားတစ်ယောက်ရဲ့ ဆန္ဒတစ်ခုတည်းနဲ့တော့ ကိုကိုတို့ မျိုးရိုးဂုဏ်သိက္ခာ မပျက်ပြားပါစေနဲ့။ နန်းထိုက်ရထန့ာဟာ မိသားစုပုံစံ နဲ့ နေကြတာ။ ကိုကို့ရဲ့ အရိပ်အောက်မှာ မှီခိုနေသူ အားလုံးရဲ့ဘဝ အေးချမ်းပါစေ။ လုံခြုံပါစေ၊ ညီညီ ကလည်း စောင့်ရှောက်ထိန်းသိမ်းပါ။ ကိုကို မင်းကို ပြောချင်တာ ဒါပါပဲ"

ကိုကို အခန်းထဲက ထွက်သွားသည်။

သည်လိုနှင့် သက်နှင်းဝေနှင့် ပတ်သက်သည့် နှလုံးကဏ္ဍ



www.burmeseclassic.com

www.burmeseclassic.com



တည်း ပြီးဆုံးသွားရတော့၏။

☆ ☆ ☆



## [၄]

"ညက သားကြီးကို စကားပြောမလို့ပဲ။ ဒါပေမယ့် မင်္ဂလာစကားကို မင်္ဂလာနံနက်ခင်းမှာ ပြောချင်တာနဲ့ ညက မပြောဘဲ မေမေနေတာ"

လက်ဖက်ရည်ဝိုင်းမှာ မေမေက လက်ဖက်ရည်ကို ကိုယ်တိုင်ဖျော်ပြီး ယင်းစကားကို ပြောသည်။

သူ လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး မေမေ့ မျက်နှာကိုကြည့်တော့ မေမေ့မျက်နှာမှာ အပြုံးတွေ ဝေနေ၏။

"မင်္ဂလာစကား ဟုတ်လားမေမေ။ မေမေ့ဆီက မင်္ဂလာစကားကို သား မကြားရတာ တစ်နှစ်လောက် ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီထင်တယ်"

မေမေက စောစောကထက် ပိုပြီးပြုံးသည်။

သည်မင်္ဂလာစကားဆိုတိုင်းမှာ သူ ရင်ခုန်ရတာထက် ရင်တုန်ရတာက သုံးကြိမ်သုံးခါမကပါပဲ။

"သားကြီးက မေမေ မင်္ဂလာစကားပြောတိုင်း ခေါင်းကို တွင်တွင်ယမ်းတတ်လွန်းလို့ ပြောရမယ့် မအောတောင် မျက်နှာငယ်တယ်"

အကြောင်းတရားတွေကို သူ သိပြီးသား။

မေမေ၏ စကားရည်ရွယ်ရင်းကိုလည်း ကိုကိုအောင် နားလည်သည်။ မေမေ့ဘဝအတွက် အရေးအကြီးဆုံး ကိစ္စတစ်ခုက စိန်ရွှေရတနာတွေလည်း မဟုတ်။ သည့်ထက်ပိုပြီး ကြီးပွားချမ်းသာဖို့လည်း မဟုတ်။ သူ့ကို အိမ်ထောင်ချပေးဖို့က မေမေ့အတွက် အစဉ်ထာဝရ အရေးကြီးသော ကိစ္စရပ်ဖြစ်နေ၏။

အရေးကြီးသည်ဟု ယူဆထားသည့်အတိုင်းလည်း မေမေသည် သူ၏ ချွေးမအလောင်းအလျာကို တစ်ယောက်မဟုတ် တစ်ယောက် အိမ်သို့ ခေါ်လာတတ်၏။

သူနှင့် စကားလက်ဆုံကျခွင့်ပေးပြီး ချွေးမအလောင်းအလျာလေး အပြန်မှာ သူကလေးကို သားကြီး မနှစ်သက်ဘူးလားဟင် ဆိုသည့် အမေးစကားကို မျှော်လင့်ကြီးစွာ မေးတတ်ပါ၏။





"ကျွန်တော် မိန်းမ မလိုချင်သေးပါဘူး မေမေရာ" ဆိုသည့် စကားကိုလည်း သူ သုံးကြိမ်သုံးခါမက ပြောခဲ့ရပါ၏။ ခု သည်မင်္ဂလာစကား တစ်နှစ်နီးပါး ပျောက်ကွယ်နေပြီးမှ သည်နံနက်ခင်းမှာ ပြန်လည်ပေါ်ထွက်လာပြန်သည်။

သူ မေမေ့ကိုတော့ အရမ်းအားနာသည်။

"သားကြီးအသက်က သုံးဆယ်ကို တော်တော်စွန်းနေပြီ။ ကိုယ့်အသက် မငယ်တော့ဘူးဆိုတာလည်း ကိုယ့်ကိုယ်ကို သိထားမှပေါ့"

"သုံးဆယ်စွန်းတာပဲ မေမေရယ်။ လေးဆယ်စွန်းတာမှ မဟုတ်တာ"

"မဟုတ်ဘူးလေ။ အိမ်ထောင်ရေးဆိုတာ သူ့အရွယ်၊ သူ့အချိန်ခါကို မူတည်ပြီး စဉ်းစားရမယ် သားကြီးရဲ့။ နောက်ပြီး မေမေ့ကိုလည်း သနားပါဦး"

"ဟင်-မေမေ ဘာဖြစ်လို့လဲ"

"ဘာရောဂါမှ မဖြစ်ပါဘူး။ ဖြစ်နေတာက မြေးချီချင်နေပြီလေ"

"ဒါဆိုလည်း လွယ်ပါတယ်"

"စမ်းသာလိုက်တာ သားအိမ်ထောင်ပြုမယ်ပေါ့"

"မဟုတ်ပါဘူး။ ညီညီအောင်ကို မိန်းမပေးစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် မေမေ မြေးချီရမှာပဲဟာ"

"ဟယ်-သားငယ်က ငယ်ပါသေးတယ်ကွဲ့"

"မေမေကသာ ငယ်နေ။ မေမေ့သားမှာ ရည်းစားတွေ က တစ်လှေကြီးလောက်ရှိတာ"

မေမေက ပြုံးပြီး ခေါင်းယမ်း၏။

"အငယ်ကောင်က ကလေးစိတ်သာသာပဲရှိတာ သားကြီးရယ်။ ခုကလေးမလေးကို သားကြီး ကြည့်ပါဦး။ သားကြီး သဘောကျမှာပါ"

သူ ငြိမ်နေတော့ မေမေက စကားတက်လာ၏။

"နက်ဖြန်ညနေ သူတို့မိသားစု အိမ်ကို ထမင်းစားလာမယ်။ အဲဒါ သားကြီး အိမ်ကို စောစောပြန်လာဖို့ မေမေက ပြောချင်တာပါ"

သည့်နောက် မေမေ၏ နောက်ဆက်တွဲစကားတွေက တွဲတန်းရှည်လှသည်။

သူကလေးရဲ့ မာမီက မေမေနဲ့ တက္ကသိုလ်မှာ တစ်ခန်းတည်း အတူနေခဲ့တာ သားကြီးရဲ့ ဆိုသည့် စကားလည်း ပါသေး၏။ သား မြတ်နိုးမှာပါ ဆိုသည့်စကားနှင့် စကားရပ်တော့မှ သူ အလုပ်တိုက်သို့ ထွက်လာခဲ့ရတော့၏။

နက်ဖြန်အတွက် အိမ်ဖော်ကောင်မလေး နှစ်ယောက်နှင့် ချက်





ဟယ် ပြုတ်ဟယ်နှင့် မေမေ အလုပ်ရှုပ်နေမှာကို သူ မြင်ယောင်နေသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [၅]

သူနှင့်ပတ်သက်သည့် ဂုဏ်သတင်းကို လိုအပ်သည်ထက် ပိုပြီး ပြောတော့ သူ မနေတတ် မထိုင်တတ် ဖြစ်ရသည်။

ညီညီအောင်ကတော့ သူနှင့်ပတ်သက်ခြင်းမရှိသဖြင့် ညနေစာ စားပြီးပြီးချင်း ကားတစ်စီးနှင့် အပြင်ထွက်သွား၏။

"သားကြီးက စီးပွားရေး အရမ်းလောဘကြီးတာ မေ သက်ရဲ့။ သူ့ဘိုးဘွားတွေ ချန်ထားခဲ့တဲ့ အမွေအနှစ်နဲ့ တစ်သက်မက ထိုင်စားနေလို့ရတယ်။ အဲဒါ တောင်း ပန်လို့လည်း မရဘူးလေ။ သူ့ဖေဖေ ဆုံးလို့ ရက်လည် တဲ့နေ့မှာပဲ လုပ်ငန်းတွေအားလုံး ပခုံးထမ်းတော့တာ"





မေမေ ပြောသမျှကို မေမေ့သူငယ်ချင်းဆိုသူ အန်တီမေသက် ကတော့ ပြုံးပြီးနားထောင်နေပါ၏။ မေမေ့နံဘေးထက်ဆီမှာက တော့ မေမေ ချွေးမအရမ်းတော်ချင်နေသည့် ခိုင်သစ္စာ။ ခိုင်သစ္စာ က သူ့ကို တစ်ချက်တစ်ချက် လှည့်ကြည့်ပြီး ခေါင်းကို ငုံ့သွားတတ် သည်။

"သားကြီး"

ပြောချင်သည့်စကားတွေ တစ်ဝကြီးပြောပြီးတော့မှ မေမေက သူ့ကို ခေါ်သည်။

"ခိုင်သစ္စာကို မှတ်ထားနော်။ ညီမလေးလို သားကြီး က ချစ်ခင်တွယ်တာ။ အလုပ်အားလပ်တဲ့ ရက်တွေ အန်တီမေသက်အိမ်ကို သွားလည်ရမယ်"

သူ ခေါင်းမညိတ်ဘဲနေတော့ မေမေက စကားပြောရင်းနှင့် သူ့ကို မျက်လုံးပြူးပြသည်။ ဒီအမူအရာကို မေမေပဲ လုပ်တတ်၏။

"ဟုတ်ကဲ့ သွားပါမယ်"

သည့်တော့မှ မေမေ ကျေနပ်သွားသည်။

"သားကြီးက စကားအပြောအဆို နည်းတယ် မေသက်ရေ။ တစ်ခါတစ်ခါများ သူ့ဝန်ထမ်းတွေကို ဘယ်လိုများ ပြောဆိုဆက်ဆံ သလဲလို့ ကိုယ်စဉ်းစားတယ်"

"ဒါကတော့ မေမေရယ်။ သူတို့ လုပ်ရမယ့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com

တာဝန်တွေကို ညွှန်ကြားထားပြီးပြီပဲဟာ။ စကားတွေ
တို ဘာအပိုပြောဖို့ လိုတော့လဲ။ ကိုယ့်တာဝန် ကိုယ်
ကျေပွန်ကြရင် လုပ်ငန်းမှာ အလုပ်ရှင်ရော၊ အလုပ်
သမားရော ကျေနပ်ကြရတာပဲ"

သည့်နောက် မေမေက ထုံးစံအတိုင်း ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို နိုင်သစ္စာကို ခြံထဲ ခေါ်သွားပြီး ပန်းပင်တွေ လိုက်ပြဖို့ ပြောသည်။

တကယ်တမ်းကျ ခြံထဲမှာ နိုင်သစ္စာကို ပြရန် စိတ်ဝင်စားဖွယ်ကောင်းသည့်ပန်းပွင့် တစ်ပွင့်မျှမရှိ။ မေမေ စိုက်ပျိုးထားသည့် နှင်းဆီတို့၊ ဩဂစ်တို့ ဆိုတာကလည်း နိုင်သစ္စာ မမြင်ဘူးစရာအကြောင်းမရှိ။

သို့သော်လည်း မေမေ့ဆန္ဒအရ ထုံးစံအတိုင်းတော့ သူ လုပ်ရ၏။

နိုင်သစ္စာကို ခြံထဲခေါ်လာပြီး ဟိုအပင် လက်ညှိုးထိုးပြ၊ သည်အပင် လက်ညှိုးပြလုပ်တော့ နိုင်သစ္စာက ရယ်ပြီး . . .

"သစ္စာက ပန်းပွင့်တွေကို စိတ်မဝင်စားဘူး ကိုကို
အောင်"

"ဗျာ"

"ကိုကိုအောင်ကို စိတ်ဝင်စားပြီး ဒီခြံကို မာမီနဲ့အတူ





ရောက်လာရတာပါ"

"ဗျာ"

"တဗျာဗျာနဲ့ ဘယ်လို ဖြစ်နေရတာလဲ။ စိတ်ဝင်စား
တယ်ဆိုတာက အသက်ကလေးငယ်ငယ်နဲ့ စီးပွားရေး
လုပ်ငန်းတွေကို အရွယ်နဲ့မမျှအောင် လုပ်တယ်ဆိုတဲ့
မာမို့အပြောကို စိတ်ဝင်စားပြီး လူမြင်ချင်တာနဲ့ လိုက်
လာတာ"

"ကျွန်တော့်ကို ဘယ်လိုများ သုံးသပ်မလဲ မသိဘူး"

"မဆိုးပါဘူး"

သူ့ရင် ဒိတ်ခနဲဖြစ်သွားသည်။

သည်တစ်ခါတော့ သူ ရင်တွေပန်းတွေ တုန်လို့ပါလား။

နောက်ပိုင်းပြောဖြစ်သည့် စကားတွေကတော့ အမြီးအမောက်သိပ်တည့်ခြင်းမရှိ။ ညနေအတော်စောင်းမှ ခင်သစ္စာတို့ သားအမိပြန်သွားသည်။

သူနှင့် မေမေ ညှိခန်းမှာ နှစ်ယောက်တည်း ကျန်တော့မေမေက. . .

"သားကြီး လက်ခံနိုင်လောက်တဲ့အဆင့်မှာ ရှိတယ်လို့
တော့ မေမေထင်တယ်"

ဘာမှမပြောဘဲ သူပြုံးနေမိသည်ကိုက မိမိ၏အားနည်းချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှန်းတို့ မကြာခင် သူ သိလိုက်ရ၏။

“မြေးတွေနဲ့ ပျော်ပျော်ပါးပါး နေချင်တဲ့ မေမေ့ကို အလေးပေးပြီး စဉ်းစားပေါ့ သားကြီးရယ်။ သားကြီး ခေါင်းညိတ်ရင် အရာအားလုံး ပြီးပြတ်သွားစေရမယ်။ မေသက်က မေမေ့စကားတစ်ခုပါ”

ညဘက် သူအပြင်မထွက်ဖြစ်။

ည ကိုးနာရီ ခွန်းစွန်းလောက်မှာ မြဲထဲ ကားဝင်လာသံကြားသည်။ ညီညီအောင် လည်ပတ်ရာက ပြန်လာပြီကို သိ၏။

ခသံများကို နားစွင့်နေဆဲမှာပင် အပေါ်ထပ်သို့ တက်လာသည့် ခြေသံကိုကြားသည်။ ခြေသံသည် သူ့အိပ်ခန်းတံခါးရှေ့မှာ ရပ်သွား၏။

တစ်ဆက်တည်း အခန်းတံခါး ဖွဖွခေါက်သံကြောင့် သူ အခန်းတံခါးကို ထဖွင့်ပေးသည်။

“ထင်တယ်၊ ကိုကို မအိပ်သေးဘူးဆိုတာ”

“ဒီအချိန်က ကိုကို့ အိပ်ချိန်မှ မဟုတ်ပဲ ညီညီ”

“သိပါတယ်။ ကိုကို အပြင်မထွက်ဘဲ အခန်းအောင်းပြီး နိုင်သစ္စာအကြောင်း စဉ်းစားနေမယ်ဆိုတာ”

“ဟဲ-အခန်းထဲ ဝင်မှာလား”

“ဝင်မှာပေါ့ ကိုကိုရ။ ကိုကိုနဲ့စကားပြောချိန်ရအောင်





လက်ဖက်ရည်ဆိုင်က ခပ်စောစော ထပြန်လာတာ”

ဖြစ်နိုင်၏။

ညီညီအောင် လက်ဖက်ရည်ဆိုင်က ပြန်လာချိန်သည် ည ဆယ်နာရီ၏ သည့်ဘက်ပိုင်းမှာ ဘယ်တော့မှမရှိ။

သူ ကိုယ်ကလေး ရို့ပေးတော့ ညီညီအောင် အခန်းထဲ ဝင်လာသည်။ ပြီး သူ့ခုတင်စောင်းမှာ တင်ပျဉ်ခွေထိုင်လိုက်၏။

“ပြော. . . နိုင်သစ္စာနဲ့ပတ်သက်ပြီး ပြောချင်တဲ့စကားတွေကို ကိုကို အရင်ပြော”

နိုင်သစ္စာအကြောင်း ပြောဖို့ သူ ဘာလို့ရင်တုန်နေရတာလဲ။

မေမေ့ဆန္ဒကို အလေးထားပြီး ဘာမှပြောစရာမရှိဟုတော့ သူ ထင်သည်။

သည်တော့ သူ နိုင်သစ္စာကို စိတ်ဝင်စားလို့လား။ မျက်နှာကို စေ့စေ့ပင် မကြည့်ခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် သူ ညီညီအောင်ကိုတော့ စကားတစ်ခွန်း ပြောမိ၏။

“ခေတ်ဆန်ဆန် ကလေးနဲ့ ချောသားပဲ”

“ဘယ်လို ကိုကို။ ခေတ်ဆန်ဆန်ကလေးနဲ့ ချောသားပဲဟုတ်လား။ ပြော. . ပြော. . ဒီစကားကို မေမေ့ရှေ့သွားပြော။ ကိုကို့လက်ကိုဆွဲပြီး တစ်ခါတည်း နိုင်သစ္စာနဲ့ ပေးစားပစ်လိုက်လိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



သည်လိုတော့လည်း သူ ခပ်တွန့်တွန့် ဖြစ်သွား၏။

အတန်ကြာ စဉ်းစားပြီးမှ . . .

"ညီညီက သဘောမတူဘူးလား"

"ဟာ-ဒီသွားခေါ်မကြီးနဲ့ ကိုယ့်အစ်ကိုကို ကျွန်တော်က သဘောတူနိုင်ပါ့မလားဗျ"

"သွားခေါ်မကြီး ဟုတ်လား။ ခိုင်သစ္စာက သွားခေါ်လို့လားကွ"

"ခေါ်တာပေါ့ ကိုကိုရာ။ နေပါဦး ကိုကိုက ခိုင်သစ္စာကို ဘာတွေသွားကြည့်တာလဲ"

သူ ညီဖြစ်သူကို ခပ်ရှက်ရှက်ကလေး ဖြစ်သွား၏။ ဝန်ခံရလျှင် ဘဝမှာ ဘယ်မိန်းကလေးနဲ့မှ အတွေ့အကြုံမရှိခဲ့။ လုပ်ငန်းတာဝန်များနှင့် ပတ်သက်လျှင်ပင် သူ့ဝန်ထမ်းအမျိုးသမီးတွေရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး စကားပြောခဲ့သည်မဟုတ်။

"ခေါ်တာမှ သိသိသာသာခေါ်တာ ကိုကို။ ကျွန်တော်က သူ့ကို သေသေချာချာ အကဲခတ်ကြည့်တာ။ ဝတီမက လျှင်တော့ လျှင်တယ်။ သူ့ကိုယ်သူ မရယ်မိအောင် သတိထားပြီး ပါးစပ်ပိတ်ပြီး ကိုကို့ကို ပြုံးပြတာ။ ရယ်လိုက်ရင် သူ့သွားခေါ်ကြီး အထင်းသားပေါ်မှာကို အရမ်းစိုးရိမ်တယ်လေ"





သူ ခိုင်သစ္စာကို အဲသလောက်ထိ မလေ့လာမိ။

သည်နေရာမှာ ညီဖြစ်သူကိုတော့ ကြိတ်ပြီး အထင်ကြီးလိုက်မိ၏။

"နောက်ပြီး အကျင့်ကလည်း ယုတ်လိုက်သေးတယ်"

"ဟေ . . ."

"ပြောလိုက်ရင် ကိုကို စိတ်ခတ်ကျသွားမယ်။ ဒါပေမယ့် ကိုကို စိတ်ခတ်ကျအောင် ဒီစကားကို ပြောကို ပြောရမယ်"

သူ သိလိုဇောနှင့် နားကို စွင့်ထား၏။

"ကျွန်တော်တို့ စားသောက်ပြီး ထမင်းစားခန်းက ထွက်တော့လေ၊ အဲဒီအသံကို ကိုကို မကြားလိုက်ဘူးလား"

"ဘာသံလဲ"

"အီးသံပေါ့ ကိုကိုရ။ အီးပေါက်တဲ့အသံ။ ဘူလို့တော့ မမြည်ဘူး။ ထိန်းပြီးညှစ်ပေါက်တာ ထင်ပါရဲ့။ ပီခနဲကို အသံထွက်လာတာ"

"ဟုတ်ရဲ့လားကွာ။ တခြားတစ်နေရာရာက ထွက်တဲ့အသံ ဖြစ်မှာပါ"

"ကျွန်တော်က သူ့နောက်ကနေ ကပ်ပါလာတာ။ ဝတီမက အီးပေါက်ပြီး ကျွန်တော့်ကို မလုံမလဲလှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးတယ်"

သူ နိုင်သစ္စာမျက်နှာကို ပြေးမြင်သည်။

ခြံထဲမှာ အတူလျှောက်တုန်းကတော့ နိုင်သစ္စာ ကိုယ်က နံ့သာနံ့တွေ မွှေးကြိုင်လို့ပါပဲ။

"စိတ်လျှော့လိုက်စမ်းပါ ကိုကိုရာ။ ကျွန်တော် ကြားဖူးတယ်။ အီးကိုမြည်အောင် ပေါက်တတ်တဲ့ မိန်းမတွေဟာ ယောကျ်ားကို သိမ်းနိုင်တတ်ကြတယ်တဲ့။ နောက်ပြီး လူတောသူတောထဲမှာ သူတို့ဝါယောကို ဘယ်လိုမှ ထိန်းချုပ်လို့ မရဘူးတဲ့။ နိုင်သစ္စာကို ကိုကို လက်ထပ်လိုက်ပြီးမှ ကုမ္ပဏီညွှေ့ခံပွဲတွေ ခေါ်သွားလို့ လူရှေ့သူရှေ့မှာ အီးပေါက်ရင် ကိုကို ဘယ်လိုလုပ်မလဲ"

ဒါကတော့ သူ ဘယ်လိုမှ မလုပ်တတ်သည့်ကိစ္စ။

ညီညီအောင်ပြောမှ အလေးသာထားသည့် စိတ်ကူးကလေးတွေ ကသောင်းကနင်း ဖြစ်ကုန်၏။

"နောက်ပြီးတော့ ကိုကိုရာ။ ကိုယ်မမြတ်နိုးပဲနဲ့ အိမ်ထောင်ပြုတဲ့အလုပ်ကို မလုပ်စမ်းပါနဲ့။ မချစ်ပဲနဲ့ယူရင် ရေရှည်မှာ ကိုကို မောသွားမယ်။ ကိုကိုက အဖက်ဖက်က ပြည့်စုံနေတဲ့သူပဲ။ ထိပ်ဆုံးကကို ရှာလိုက်စမ်းပါ။ ကျွန်တော် မတားပါဘူး"





"ငါက မင်းလို မရှာတတ်ဘူးကွ"

သူ့စကားကို ညီညီအောင်က ဟက်ဟက်ပက်ပက်ကလေး ရယ်၏။

"ဒီမှာ ကိုကို ဘာမှ ရှာနေစရာမလိုဘူး။ ရောက်ကို ရောက်လာမှာ။ ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစား ရွေးဖို့ကတော့ ကိုကို့တာဝန်ပေါ့"

သူ ညီညီအောင့်မျက်နှာကို ငေးငေးစိုက်စိုက်ကလေး ကြည့်၏။ ဒီကောင့်မှာ ဒီလိုအတွေးအခေါ်တွေ ဘယ်တုန်းကရှိနေခဲ့သည်မသိ။

သည်စကားအပေါ် သူရှက်နေဆဲမှာ ညီညီအောင်က ရယ်ပြီး အခန်းထဲက ထွက်သွားသည်။

သည်လိုနဲ့ပဲ. . .

မေမေ ကြိုးပမ်းထားသည့် မင်္ဂလာကိစ္စကြီး ပျက်ပြားသွားရပြန်သည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [၆]

"မင်း တော်တော်ဆိုးတဲ့ကောင်ကွာ"

ညီညို့အောင်က ပြုံးနေ၏။

"မင်းလုပ်ပုံနဲ့ အစ်ကိုကြီး ကိုအောင် မိန်းမရတော့မှာ မဟုတ်ဘူး"

"ငါက အကျိုးနဲ့ အကြောင်းကို ယှဉ်ပြီးပြောပြတာ။ နောက်ပြီး ကိုကို့ကို မိန်းမ မယူစေချင်ဘူးကွာ"

"ဘာဖြစ်လို့"

"ဒါမှ ကိုကို ရှာတာတွေကို ငါ သဘောရှိသုံးနိုင်မှာ ပေါ့ကွ။ မိန်းမရသွားရင် စီးပွားခွဲမယ်၊ ဘာမယ်ဆိုတဲ့ ပြဿနာတွေက ပေါ်လာဦးမှာ။ ဒီငတိမ ကြည့်ရတာ





ကိုကို့ကို စိတ်ဝင်စားပုံလည်း မရပါဘူးကွာ။ ကိုကို ရှာဖွေတဲ့စီးပွားနဲ့ ပိုင်ဆိုင်မှုတွေကို မျှော်လင့်နေတာ ပါ။ မျက်နှာမှာ သူ့လောဘတွေ အထင်းသားပေါ် တယ်"

"အန့်တီကတော့ မင်းကို စိတ်ဆိုးမှာပဲ"

"ဆိုးတာပေ့ါ။ အစ်ကိုလုပ်တဲ့သူက မိန်းမ မယူချင်ရ တဲ့ကြားထဲ မင်းက အနာအဆာတွေ သွားဖော်ပြရ သေးတယ်ဆိုပြီး ငါ့ကို ဆူတာပေ့ါ"

သူ့လုပ်ရပ်တွေကို အောင်ဇေယျက သဘောကျနေ၏။

"နောက်ပြီးတော့ မင်း စဉ်းစားကြည့်ကွာ။ လက်ထပ် ရင်တောင် ကိုကိုက မချစ်ဘဲနဲ့ လက်ထပ်ရမှာ။ ဘဝ ခရီးရှည်ကြီးကို အချစ်မပါဘဲ အတူလျှောက်ရမှာ ငါ ဖြင့် စဉ်းတောင်မစဉ်းစားဝံ့ဘူး"

"ဟုတ်ပါတယ်လေ။ အစ်ကိုကြီး ကိုအောင် ကို မင်း ဖျက်လိုက်တာ ကောင်းပါတယ်။ အစ်ကိုကြီးက မိန်းမ နဲ့ ပတ်သက်တဲ့အတွေ့အကြုံ ဘာမှရှိတာမဟုတ်ဘူး။ ဟိုငတိမ လည်ရင်လည်သလောက် အစ်ကိုကြီးခံရမှာ"

"ငါက ငါ့အစ်ကို ကို သည်အဖြစ်မျိုး ဘယ်အရောက် ခံမလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ထယ်ထဲမှ စီးတာရက်တိုကို ပြောင်းထဲသို့ လက်ညှိုးနှင့် တောက်ပြီး လွှင့်ပစ်လိုက်၏။ နံနက်နေရောင်က မြင့်တက်လာသည်။

"ဒါနဲ့ ပြောရဦးမယ် ညီအောင်"

"ဘာကိုလဲ"

"ညက ငါ့ဆီကို မေသရဖူ ဖုန်းဆက်တယ်"

သူ မျက်လုံးကို အနည်းငယ်ပြူးပြီး ကြည့်လိုက်၏။

မေသရဖူတဲ့။

အရင်ကတော့ မေသရဖူဆိုသည့် အသံကိုကြားလျှင် ရင်ခုန်မိတာ အမှန်ပါပဲ။ ခုအချိန်မှာတော့ မေသရဖူဟာ သူ့အတိတ်ကာလ၏ အဖျားစွန်းစွန်းလောက်မှာ ကျန်ရစ်ခဲ့ပြီ။

"ဆက်စရာအကြောင်း မရှိဘူးထင်တယ်"

"ငါလည်း ဒီလိုပဲတွက်တယ် ညီအောင်။ ဒါပေမယ့် သူ ပြောတာကို ပြောရမယ့်တာဝန်က ငါ့မှာရှိနေတယ်"

သူ နားကိုစွင့်ထားမှန်း သိတော့ အောင်ဇေယျက. . .

"မင်းကို တွေ့ချင်တယ်တဲ့"

"နိုး . . နိုး . . တွေ့စရာအကြောင်း ဘာမှမရှိဘူး"

မေသရဖူနှင့် ပတ်သက်ပြီး ခါးသီးခဲ့ရသည့် အဖြစ်တွေကို သူ မေ့လို့မရ။

သူနှင့် မေသရဖူ ချစ်ခဲ့စဉ်က . . .





ကြိုက်ခဲ့ဖူးသူအားလုံးထဲတွင် မေသရဖူကိုတော့ သူ ချစ်ခဲ့သည်။ သည်လိုချစ်ကြရင်းမှ မေသရဖူက စည်းဖောက်သည်။ သူ့အပြင် ငတိတစ်ကောင်နှင့် တွဲသည်။

ပက်ပင်းတိုးတော့ ညီညီအောင်တို့က ဘယ်ငြိမ်ခံလိမ့်မလဲ။ နှလုံးသား အစာမကြေပွဲကြီးကို ဆေးခါးသောက်ပြီး ရှင်းကြသည်။

ကရာတေးပညာကို အဆင့်မြင့်မြင့် တတ်ထားတော့ သူ့ရဲ့တိုက်ကွက်မှာ ငတိ အလူးအလဲ။

ဒါကို မေသရဖူက 'ညီညီအောင် နင် ရက်စက်လွန်းတယ်' ဆိုပြီး သူ့ပါးကိုရိုက်သည်။ သူကလည်း မေသရဖူကို နားရင်းနှစ်ချက်ကျွင်းပစ်ခဲ့၏။

သည်ကတည်းက . . .

ပြီးပြတ်သွားတဲ့ဇာတ်လမ်း။

ဒါကို မေသရဖူက ဘာလို့အခန်းဆက် ပြန်လုပ်ချင်ရတာလဲ။

"ငါ့ကို ပြောသေးတယ်။ တကယ်တမ်းကျ သူ မင်းကို ချစ်တာပါတဲ့"

"သမိန်ပေါသွပ်ရယ်သလို ရယ်လိုက်ရရင်တော့ ဖြကနဲ နေတော့မယ်။ မင်းက မပြောလိုက်ဘူးလား။ ညီညီအောင် ဆိုတဲ့ကောင်မှာ ချစ်တတ်တဲ့ နှလုံးသား မရှိတော့ဘူး။ ကြိုက်တတ်တဲ့ အသည်းနှလုံးပဲ ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့"

"ဒီတစ်ခါ ထပ်ဆက်ရင်တော့ ပြောလိုက်မယ်ကွာ။ ငါ
လည်း ဒီကောင်မကို ခပ်ချဉ်ချဉ်ပါပဲ"

သည်နောက်ပိုင်း မေသရဖူက အောင်ဇေယျဆီ ဖုန်းဆက်သေ
သည်။ အောင်ဇေယျကလည်း သူ ပြောခိုင်းသည့်စကားတွေကို ပြ
ပြောသည်။

ဇာတ်လမ်းက ပိုပြီး ပြီးပြတ်သွားသည်ဟု နားလည်ထားမိသေ
ဆဲမှာ . . .

★ ★ ★



# [၇]

"ဒီနေ့ အငယ်ကောင် မိုးချုပ်လှချည်လား သားကြီး"

သူ မေမေ့မျက်နှာကို လှမ်းကြည့်တော့ မေမေ့မျက်နှာမှာ ပူပန်
ည့် အငွေ့အသက်များ ရှိနေ၏။

"အလွန်ဆုံး ညဉ့်နက်ရင် ဆယ်တစ်နာရီပဲ။ ဆယ့်တစ်
နာရီ စွန်းတဲ့အထိ သားငယ် အပြင်မှာ ဘယ်တော့မှ
မနေဘူး"

သားနှစ်ယောက်၏ ညဘက် အိမ်ဝင် အိပ်ထွက်ကို မေမေက
သအချာ မှတ်ထားသည်။

"ကျွန်တော်လည်း ညီညီ အလာကို နားစွင့်နေတာ
မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း-အရွယ်နဲ့ အသိဉာဏ်က ရှေ့မရောက် နောက်မရောက်၊ တာဝန်ခွဲပေးပြန်တော့လည်း မလုပ်ဘူးလို့တော့ မငြင်းပါဘူး။ လုပ်လိုက်ရင် ကမောက်ကမတွေဖြစ်နဲ့"

မေမေ ရည်ရွယ်ပြောသည့်စကားကို သူ သဘောပေါက်၏။

ညီညီအောင် ဆယ်တန်း နှစ်နှစ်ဆက်တိုက်ကျတုန်းက ကုမ္ပဏီမှာ အလုပ်လုပ်ခိုင်းသည်။ အလုပ်ဝင်သည့်နေ့မှာပင် ဝန်ထမ်းကောင်မလေးကို ရည်းစားစကားပြောသည်။ သူ့ဒွေးညီ ဆိုတော့ ခပ်သွက်သွက်ကောင်မလေးများနှင့် လုံးလားထွေးလား။ ရေရှည်မှာ လုပ်ငန်းကို ထိပါးလာမည် ကြိုမြင်သဖြင့် ပြိုင်ကားပုံစံ ကားတစ်စီး ဝယ်ပေးပြီး အပြင်လောကမှာ သူ့ကို လွတ်လပ်စွာ နေချင်သလိုနေထိုင်ခွင့်ပြုလိုက်ရသည်။

"သားကြီး ကားထုတ်ပြီး သားငယ် သွားတတ်တဲ့ ဆိုင်တွေ လိုက်ရှာရင် ကောင်းမလားမသိဘူး"

မေမေ့သဘောထားမှာ ရှာစေချင်သည့် ဆန္ဒတွေလည်း ပါနေ၏။

"ကျွန်တော် စဉ်းစားမိပါတယ် မေမေ"

သူ ထိုင်ရာကထပြီး နံရံမှာ ချိတ်ထားသည့် ကားသော့ကို ယူအယူတွင် . . .





"ကွီ . . . ကွီ . . ."

ဖုန်းမြည်သံနားဆီသို့ ရောက်လာသည်။ သူ ဖုန်းခွက်ရှိရာသို့ လျှောက်သွားပြီး ဖုန်းခွက်ကို မ,ယူ၍ နားမှာကပ်လိုက်၏။

"ပြောပါ ခင်ဗျာ"

"× × × × ×"

"ဟုတ်ပါတယ် ခင်ဗျာ"

"× × × × × ×"

"ဟုတ်ကဲ့"

"× × × ×"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် အခုပဲလာခဲ့ပါ့မယ်"

သူ ဖုန်းခွက်ကို အသာပြန်ချလိုက်သည်။

မေမေက သူ့မျက်နှာကို လှမ်းကြည့်နေ၏။

"မေမေ့သားကတော့ တကယ့်ကို ပြဿနာကောင်ပါလား၊ ခု မရမ်းကုန်းမြို့နယ်က ရပ်ကွက်ဥက္ကဋ္ဌက ဖုန်းဆက်တာ"

"ဒဏ်ရာအနာတရနဲ့ ဘာမှမပတ်သက်ဘူး မေမေ၊ အကြောင်းမသင့်ရင်တော့ မေမေ့သား မိန်းမ ရနိုင်တယ်"

"ဘုရား . . . ဘုရား . . . ဘယ်လိုမိန်းမစားတွေနဲ့များ



www.burmeseclassic.com

www.burmeseclassic.com

ကြုတွေ့နေသလို့လဲတွယ်။ ခု မေမေပါ သားကြီးနဲ့ လိုက်လို့ မဖြစ်ဘူးလား”

“မေမေ နေခဲ့ပါ။ ကျွန်တော် သွားပါ့မယ်”

သူ ဂိုဒေါင်ထဲက ကားထုတ်သည်။

မြို့ဝင်းအပြင်ရောက်တော့ ညနေ၏မှောင်မိုက်ခြင်းကို သတိပြုမိ၏။ ကားမောင်းရင်း ကောင်းကင်ကို မော့ကြည့်ဖြစ်သည်။

မိုးပြင်မှာ ကြယ်ပွင့်ကလေးတွေ အများအပြားပါလား။

သည်လိုများပြားမှုမျိုး မေတ္တာတွေထားခဲ့မိလို့လည်း ညီညီတစ်ယောက် ဆိုးချင်တိုင်းဆိုး၊ ပေချင်တိုင်း ပေနေတော့တာပါပဲ။

ဘာပဲဖြစ်ဖြစ် . . .

မေမေနဲ့ သူ့မေတ္တာတရားတွေ သည်ညီတစ်ယောက်အပေါ်မှာ မထားလို့ ဘယ်မှာသွားထားရမှာလဲ။

စိတ်တော့ အရမ်းမောရပါသည်။

★ ★ ★

ရပ်ကွက်ရုံးခန်းရှေ့ ကားရပ်လိုက်သည်နှင့် ရုံးခန်းထဲမှ မျက်လုံးပေါင်းများစွာက သူ့ဆီစုပြုံရောက်လာသည်။

တံခါးဖွင့်ဆင်းပြီး တည်ငြိမ်သော ခြေလှမ်းများနှင့် သူ ရုံးခန်းထဲ ဝင်သည်။ ရပ်ကွက်လူကြီးများ၏ ရှေ့ထိုင်ခုံတွင် ညီညီအောင်နှင့်





အသမြင်ဖူးသော မျက်နှာစိမ်း အမျိုးသမီးငယ်တစ်ယောက်။ ညီညီအောင်နှင့် ရွယ်တူတန်းတူလောက်ရှိမည်။

“ကျွန်တော် မောင်ညီညီအောင်ရဲ့ အစ်ကိုပါ”

“သဘောပေါက်ပါတယ် ဦးကိုကိုအောင်။ ထိုင်ပါခင်ဗျာ ထိုင်ပါ။ စောစောက ဦးကိုကိုအောင်ကို ဖုန်းဆက်တာ ကျွန်တော်ပါပဲ။ ကျွန်တော်က ဦးသန်းဌေးပါ။ ဒီရပ်ကွက်ရဲ့ ရပ်ကွက်ဥက္ကဋ္ဌပါ”

ရုံးခန်းထဲမှာ လူတွေ အတန်အသင့်တော့ များသည်။ ရပ်ကွက်လူကြီးများဟုလည်း သူ နားလည်လိုက်၏။ ရုံးခန်းအပြင်ဘက်မှာတော့ လူအချို့က စူးစမ်းဟန်နှင့် ရပ်ကြည့်နေကြသည်။

“အင်း . . အကျိုးအကြောင်းကိုတော့ ဦးကိုကိုအောင်ရဲ့ ညီကို မေးကြည့်တာ ပိုပြည့်စုံလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့လည်း အလုပ်သိမ်းပြီး ရုံးခန်းပိတ်အပြန်မှာ လမ်းမှာ အခြေအနေ ရုန်းရင်းဆန်ခတ်သဘောမျိုးဖြစ်နေတာနဲ့ ရပ်ကွက်ရုံးထဲခေါ်ပြီး အခြေအနေကို ထိန်းသိမ်းထားရတာ။ ကောင်မလေးဘက်က မိဘတွေကိုတော့ ကလေးမဆန္ဒ လိုက်လျောပြီး အကြောင်းမကြားရသေးပါဘူး”

သူ ညီညီအောင့်မျက်နှာကိုလှမ်းကြည့်လိုက်သည်။ ညီညီအောင်



www.burmeseclassic.com

www.burmeseclassic.com



သေး ထစ်ခုံကျော်မှာ ကောင်မလေးကတော့ ခေါင်းကို ငုံ့ထားသည်။

"လူငယ်တွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပေ့ါ ဦးကိုကိုအောင်ရယ်။ အခြေအနေ နည်းနည်းပါးပါးရှုပ်ထွေးသွားရတာက ဦးကိုကိုအောင်ရဲ့ ညီက ပြင်းပြင်းထန်ထန်ငြင်းတယ်လေ"

"ဟာ . . . ငြင်းရမှာပေါ့ အန်ကယ်။ ကျွန်တော်နဲ့ ဘာမှ ပတ်သက်တာမှ မဟုတ်တာ"

ညီညီအောင်က အသံဆတ်ဆတ်နှင့် ဝင်ပြော၏။

ကောင်မလေးက . . .

"ဘာမပတ်သက်ရမှာလဲ။ နင် ယောကျ်ားမဟုတ်ဘူးလား။ ယောကျ်ားဆိုတာ ကိုယ့်တာဝန် ကိုယ်ယူရဲရတယ်"

"ဒီမယ် မေသရဖူ။ နင် တော်တော်မျက်နှာပြောင်ပါလား။ ငါ့ကိုရတာနဲ့ နင် ချမ်းချမ်းသာသာ နေရမယ်ထင်နေလို့လား။ နင် ယောကျ်ားပေါင်းစုံနဲ့ ဖြစ်ချင်သလို ဖြစ်လာပြီး ငါ့ကို တရားခံမရှာနဲ့"

ဒေါသကဲနေသည့် ညီဖြစ်သူ၏မျက်နှာကို သူက ခပ်စိုက်စိုက်ကြည့်ရင်း . . .

"ညီညီ လူကြီးတွေရှေ့မှာ စကားကို ဒီလို ရိုင်းရိုင်း





စိုင်းစိုင်း မပြောရဘူးလေ။ နောက်ပြီး ညီညီ့မှာ ဒီကလေးမနဲ့ပတ်သက်ပြီး အမှန်တကယ် တာဝန်ရှိနေရင် ဒီတာဝန်ကို ယောကျ်ားကောင်းပီပီ မလွှဲရှောင်ရဘူး"

"ဟာ-မဟုတ်သေးပါဘူး ကိုကို။ ကျွန်တော် ကိုကို့ကို အဖြစ်စုံ ပြောပြပါ့မယ်။ ကိုကို သေသေချာချာ နားထောင်ပြီး သုံးသပ်ပေးပါ"

ညီဖြစ်သူ၏ စကားတွေက ရဲတင်းနေ၏။

ဆတ်ဆတ်ထိမခံ ဖြစ်နေဟန်များကို ကြည့်ပြီး သူ စဉ်းစားရခက်နေရသည်။

ညီညီအောင် ချောင်းတစ်ချက်အဟန့်မှာ အားလုံးက ညီညီပြောမည့်စကားကို နားစွင့်နေကြ၏။

"ကျွန်တော်နဲ့ မေသရဖူ ချစ်သူရည်းစား ဖြစ်ခဲ့တာကတော့ အမှန်ပဲ ကိုကို။ ဒါပေမယ့် ကြာပါပြီ။ သူမျက်နှာများငို့ လမ်းခွဲခဲ့တာ ဒီနေ့ဟာ တစ်နှစ်တင်းတင်း ပြည့်တဲ့နေ့ပဲ။ သိပ်မကြာသေးဘူး။ အောင်ဇေယျကတစ်ဆင့် သူ ကျွန်တော့်ကို ဆက်သွယ်တယ်။ တွေ့ချင်တယ်ပြောတယ်။ ကျွန်တော် သွားမတွေ့ဘူး"

"ဒီမယ် ညီညီအောင်။ နင် အပိုစကားတွေ ပြောမနေ



www.burmeseclassic.com

ပါနဲ့"

မေသရဖူက ညီညီကို ဝင်ဟန့်၏။

"ဘာအပိုစကားလဲ။ ငါ့အစ်ကို သဘောပေါက် နားလည်အောင် ပြောပြရမှာပဲ"

"ခုချိန်မှပြောလည်း အလကားပဲ။ ငါ ဘယ်လိုမှ အိမ်မပြန်ဘူး"

အခြေအနေက အတော်ကို စိတ်ပျက်ဖွယ်ကောင်းလာ၏။ သည်ပုံစံ ကောင်မလေးမျိုး အသိုင်းအဝန်းထဲ ရောက်လာမှာကို သူ အရမ်းစိုးရိမ်သည်။

"သမီးက စကားမဝင်ပါနဲ့လေ။ သူ့အစ်ကိုကို သူပြောချင်တဲ့စကားတွေ ပြောပြပါစေ"

ရပ်ကွက်ဥက္ကဋ္ဌက ဝင်ဟန့်မှ ကောင်မလေးငြိမ်သွား၏။

ညီညီအောင်က စကားကိုဆက်သည်။

"ဒီည အောင်ဇေယျက မင်္ဂလာဒုံက သူ့အမေတိုက်မှာ ညအိပ်မယ်ဆိုတာနဲ့ ကျွန်တော် လိုက်ပို့တယ်။ အပြန်မှာ မေဖလားဝါးဘာ့ဂ်ရှေ့မှာ အမှတ်မထင် မေသရဖူနဲ့ ဆုံတယ် ကိုကို။ ညမိုးချုပ်လို့ သူ့ကို ကားနဲ့ ခေါ်တင်လာတယ်။ လက်ဖက်ရည် သောက်ချင်တယ်ဆိုလို့ လမ်းဆုံမှာ လက်ဖက်ရည်သောက်ရင်း သူ





စကားတွေ အများကြီးပြောတယ် ကိုကို။ ဒါပေမယ့် သူပြောတာကို ကျွန်တော် စိတ်မဝင်စားဘူး။ အပြန်ကျတော့ သူ အိမ်မပြန်တော့ဘူး။ ဘာဘူးလုပ်တော့တာပဲ။ ကျွန်တော် ကားကို ချက်ချင်းရပ်ပြီး သူ့ကို ကားပေါ်က မောင်းချတယ်။ အဲဒီမှာ သူနဲ့ကျွန်တော် ရုန်းရုန်းကန်ကန် ဖြစ်နေတုန်း ရပ်ကွက်လူကြီးတွေ ရောက်လာတာ"

"ကိုယ်ဝန်ဆိုတာက . . ."

"ဟာ-မဟုတ်တာ ကိုကိုရာ။ ဒါ ကျွန်တော်နဲ့ ဘယ်လိုမှ ပတ်သက်တဲ့ကိစ္စ မဟုတ်ဘူး"

မေသရဖူက ထအော်၏။

"မသိဘူး၊ မသိဘူး၊ ဒါတွေမသိဘူး"

"မသိရင် ဒီနေရာမှာတင် လဲသေလိုက်ဟာ"

သူ ကြားဝင်ရပါတော့၏။

"ဟာ-မင်းတို့ဟာ နေကြစမ်းပါဦးကွာ"

စိတ်က ညစ်သထက် ပိုညစ်လာ၏။

သူ၏ စိတ်နောက်ကျိမှုအခြေအနေကို ရပ်ကွက်ဥက္ကဋ္ဌကလည်း သိသည် ထင်ပါ၏။

"ဒီကိစ္စမှာ ကျွန်တော်တို့လည်း ဘယ်လိုမှ ဖျန်ဖြေ

www.burmeseclassic.com



မတတ်ဖြစ်ရပြီ ဦးကိုကိုအောင်။ အခြေအနေက နှစ်ဖက်မိဘလူကြီးတွေ တွေ့ဆုံဖြေရှင်းရတော့မယ့်ကိစ္စပဲ ဗျာ။ ကဲ . . သမီးက အိမ်လိပ်စာပေးပါ။ အန်ကယ်တို့ လူကြီးတွေခေါ်ပြီး တွေ့ဆုံပေးရမယ့်တာဝန်ပဲရှိတော့ တယ်"

မေသရဖူက အိမ်လိပ်စာ ပြောပြသည်။

ရပ်ကွက်လူကြီးတွေ အလုပ်ရှုပ်ရတော့၏။

မေသရဖူဘက်က လူကြီးတွေ ရောက်လာတော့ စကားအခြေအနေက တင်းတင်းမာမာဖြစ်လာကြသည်။ သည်အထဲမှာ မေသရဖူ၏ ဦးလေးနှစ်ယောက်က အဆိုးရွားဆုံး။

အနေအထားကိုကြည့်ပြီး သူ စကားအခြေအတင် မဖြစ်ချင်တော့။ ဥပဒေကြောင်းတွေကို သူ နားမလည်သည်လည်း မဟုတ်။ သူ့အတွက် တန်ဖိုးရှိသော အချိန်တွေကို တရားရုံးမှာ ဖြုန်းတီးပစ်လို့မဖြစ်။ သည်အရေးအတွက်လည်း သူ့ဦးနှောက်ကို အစားမခံနိုင်။

တစ်ဖက်သတ် မျက်နှာပြောင်ပြောင် ပြောလာသူများကို သူ မဲ့ပြုံးကလေးတစ်ချက်သာ ပြုံးပြခဲ့၏။

သည့်နောက် . . . .

သူတို့၏ သေးသိမ်ယုတ်ညံ့သော ဆန္ဒများကို ညတွင်းချင်းပင် သူ ရှင်းလင်းပစ်ခဲ့သည်။





အပြန်မှာ ညီညီအောင်က တောက်တခေါက်ခေါက်။

သူကတော့ အိမ်ရောက်သည်နှင့် အကြောင်းအရာအားလုံးကို ခေါင်းမှ ထုတ်ပစ်လိုက်၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [၈]

လေဆိပ်ဟိုတယ်၏ မှန်ခန်းထဲမှနေ၍ ကွင်းအလယ်မှာ ရပ်ထားသော လေယာဉ်ပျံများကို လှမ်းမြင်ရသည်။

ဘူးဘီယာကို ဖောင်းခနဲ ဖောက်ဖွင့်လိုက်ပြီး သူက အောင်ဇေယျရှေ့ ချပေးသည်။

"မင်းအဖြစ်က တွေးမိတိုင်း တကယ့်ကိုဒေါသပြန်ဖြစ်ရတဲ့ ကိစ္စကြီးကွာ"

"အမှန်ပဲ အောင်ဇေယျ။ မေသရဖူနဲ့ သူ့မိသားစု မျက်နှာပြောင်ချက်ကို မင်း မြင်စေချင်တယ်။ ငွေစကားပြောကြတော့ ကိုကိုက ပြဿနာတွေကို ငြိမ်း





ငြိမ်းချမ်းချမ်းဖြစ်သွားအောင် ကျွန်တော့်ညီ မှားမှား မှန်မှန် နစ်နာကြေးငွေ ငါးသိန်း ကျွန်တော်တို့က ပေးပါ့မယ်ဆိုတော့ မျက်နှာတွေက ဝင်းလက်သွားလိုက်တာများကွာ"

ပြောပြီး သူ အံကိုကြိတ်သည်။

အဲသည် ညတုန်းက ကိုကို့ကိုလည်း အရမ်းသနားသွားသည်။ ညီဖြစ်သူ သူ့စကားတွေကို ကိုကို မယုံလို့မဟုတ်။ တစ်ဖက်က အကွက်ကိုဝင်အောင်ဆင်ပြီး ငွေညှစ်သည့်ကိစ္စ။ မေသရဖူ ဦးလေးဆိုသူက ဆိုလျှင် . . . .

"ခင်ဗျားညီ ကျုပ်တို့တူမကို မပေါင်းချင်တာ ကျုပ်တို့ကလည်း အတင်းထိုးမပေးပါဘူး။ ဒါပေမယ့် နစ်နာခဲ့ရတဲ့အတိုင်းအတာကိုတော့ ခင်ဗျားတို့ထည့်စဉ်းစားရမယ်ပေါ့ဗျာ။ ခင်ဗျားတို့က သူဌေးတွေပဲ"

သည်စကားကို အရှက်မဲ့စွာ ပြောခဲ့၏။

သည်စကားအပေါ်မှာ သူ မခံမရပ်နိုင်ဖြစ်ရသော်လည်း ကိုကိုကတော့ မဲ့ပြုံးကို တစ်ချက်သာပြုံးပြီး သူတို့ဆန္ဒကို ပြည့်ဝစေလိုက်၏။

"ဒါညစ်တာပဲကွ။ မင်းနဲ့အစ်ကိုကြီးကိုအောင်က အလျော်ပေးဖို့ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ-ငါက ဘယ်ပေးချင်မလဲကွ။ ကိုကိုက ငါ့ရှေ့မှာ ရပ်ထားတော့ ငါ မိုက်မိုက်ကန်းကန်း ဝင်ပြောလို့မရဘူး"

"ဆေးစစ်ချက်ယူပြီး သွေးစစ်လိုက်ရင် မင်းကိုယ်ဝန်ဟုတ်မဟုတ်ဆိုတာ တန်းပေါ်ပါတယ်"

"ဒါတွေကို ကိုကိုက သိပ်သိတာပေါ့ကွာ။ ရှေ့နေ ရှေ့ရပ် ဆိုတာတွေလည်း ကိုကို့ သူငယ်ချင်းတွေထဲမှာ အများကြီး။ ကိုကိုက တရားရုံးရောက်ရတဲ့ အခြေအနေထိ အဖြစ်မခံဘူး။ ငါ့ကိုလည်း လူသိရှင်ကြား အညွှန့်ကျိုး မခံနိုင်ဘူး။ တရားတအောင် တက်ရင်လည်းကိုယ့်ဘက်က ပိုင်မယ်ဆိုတာသိရက်နဲ့ ကိုကိုက ငွေလမ်းခင်းပြီး ဖြတ်ပစ်လိုက်တာ။ သူတို့ဇာတိရှပ်ကို အဲဒီရပ်ကွက်က လူကြီးတွေ အကုန်သိတယ်"

ဘာပဲဖြစ်ဖြစ် သည်ပွဲကတော့ သူ စိတ်နာကျင်ရသည့်ပွဲ။ ဖြစ်ခဲ့သည့်ကိစ္စများနှင့် ပတ်သက်ပြီး သူ ရန်ကုန်မှာ နေချင်သည့် စိတ်ဆန္ဒလည်းမရှိ။ သူ့စိတ်တွေ အရမ်းထွေသွားသည်ကိုသိသော ကိုကိုက သူ့ညီ စိတ်ပြေလက်ပျောက်ဖြစ်ရန်နှင့် နိုင်ငံရပ်ခြား အတွေ့အကြုံများ ရစေရန်အတွက် စင်္ကာပူခရီးကို စီစဉ်ပေးသည်။ သူကလည်း လိုလိုလားလား လက်ခံခဲ့၏။





"ရန်ကုန်မှာ မွေ့ပြီး နိုင်ငံရပ်ခြားမှာတော့ ထပ်ပြီး ပြဿနာမရှာပါနဲ့ကွာ။ မင်း အန်တီချိုနဲ့ အစ်ကိုကြီးကို သနားပါဦး"

"ခု ဖြစ်တဲ့ကိစ္စမှာ ငါ နောင်တတွေတော်တော်ရလိုက်တယ် အောင်ဇေယျ။ စင်္ကာပူကို အလည်အပတ်သွားပေမယ့် နေရတဲ့အချိန်တွေမှာ ငါ စီးပွားရေးလုပ်ငန်းတွေကို လေ့လာမယ်။ ကိုကိုကလည်း စင်္ကာပူက သူ့မိတ်ဆွေတွေကို ဖုန်းဆက်ထားတယ်။ သူတို့ လာကြိုကြမှာ"

ခရီးအတွက် အစီအစဉ်များကတော့ အားလုံးအတိအကျ။ ပထ
ခ လေဆိပ်ကို ကိုကိုနှင့် မေမေပါ လိုက်ပို့ရန် အစီအစဉ်ရှိသည်။
နက်ဦးကတည်းက မေမေ ခေါင်းမူးသည်ဆို၍လိုက်မပို့ရန် တောင်း
ခံရသည်။ ကိုကိုကလည်း ဂိုဒေါင်က ကားအထုတ်မှာ သူ့လုပ်ငန်း
ကိစ္စ အရေးတကြီး ဖုန်းရောက်သဖြင့် ထားခဲ့ရပြန်၏။ သူနှင့် အောင်
ဇေယျနှစ်ဦးသာ စိတ်လွတ်ကိုယ်လွတ် ထွက်လာဖြစ်ကြသည်။

"မင်း မရှိတော့ရင် ငါ ပျင်းနေမှာအမှန်ပဲ"

"သုံးလေးလ ခရီးလေးများကွာ။ ဒါနဲ့ မင်း အိမ်ကို မကြာမကြာလာပြီး ငါ့ကားကို ယူသုံးနော်။ ဆီထုတ်ဖို့လည်း မမေ့နဲ့။ ကိုကိုက ဆယ့်နှစ်ရာသီ အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



နေတာ။ ငါ့ကားကို သူ ဂရုစိုက်နိုင်မှာ မဟုတ်ဘူး"

"စိတ်ချပါ"

သူ နာရီကို ငုံ့ကြည့်သည်။

ပစ္စည်းများ စစ်ဆေးမည့်အချိန်က နီးကပ်နေပြီ။ သူနှင့် အောင်ဇေယျ အောက်ထပ်ဆင်းခဲ့၏။

"ကဲ-မင်းပြန်တော့ အောင်ဇေယျ"

"ဟာ-လေယာဉ်ထွက်မှ ငါပြန်မှာပေါ့"

"အပေါ်ထပ်ကနေ တစ်ယောက်တည်း ငေါင်စင်းစင်းကြီး ရပ်ကြည့်နေရမှာများကွာ။ လုပ်မနေစမ်းပါနဲ့။ ကိုယ့်ရည်းစား ခရီးဝေးသွားလို့ လက်ကလေးပြပြီး နှုတ်ဆက်ကျန်ရစ်တာက ဖီးလ်ရှိပါသေးတယ်။ ပြန်တော့ကွာ။ မင်း ပြန်တော့"

ပစ္စည်းများ ပေါင်ချိန်တဲ့အထိ အောင်ဇေယျက မပြန်သေ ကိစ္စပြီးတော့မှ အောင်ဇေယျ သူ့ကို နှုတ်ဆက်ပြီး ပြန်သွားသည်

လေယာဉ်ပေါ်တက်တော့ သူ့စိတ်တွေ လှုပ်ရှားမှုမရှိသေ လေယာဉ်ကြီး မြေပြင်ကခွာတော့မှ သူ မေမေနှင့် အစ်ကိုကြီး သတိရလိုက်သည်။

သည်ခရီးကတော့ . . . .

သူ့အတွက် ပထမဆုံးသော ဝေးမြေရပ်ခြားခရီးပါပဲ။

☆ ☆ ☆



# အပိုင်း-နှစ်

www.burmeseclassic.com

www.burmeseclassic.com

## [၉]

"ဟာ-မောင်ကိုအောင် ဒီနေ့ ခြံထဲဘာထဲ ဆင်းလို့ပါလား"

အသံက စည်းရိုးကို ကျော်လာသည်။

သူ့ကို မောင်ကိုအောင်ဟု ခေါ်သူသည် အန်ကယ်ဝေလုသာဖြစ်သည်။

အော်ဂစ်ပင်များကို အာရုံစိုက်နေရာမှ သူ မော့ကြည့်လိုက်၏။

"သြော်-အန်ကယ်ဝေလု"

ဦးဝေလုမျက်နှာမှာ အပြုံးတွေ ဝေနေသည်။

ခြံခြင်းကပ်လျက်ဖြစ်သော်လည်း အန်ကယ်ဝေလုနှင့် တွေ့ဆုံမှုက နည်းလှသည်။ အန်ကယ်ဝေလုကလည်း အိမ်ကပ်သူမဟုတ်၊





ရုံဖန်ရုံခါများတွင် ခြံကြီး၏ ဝင်းတံခါးနှင့် အိမ်တံခါးများသည် ရက်အတန်ကြာမျှ ပိတ်ထားလျက်ရှိနေတတ်၏။

"အင်း-ဒီနေ့က မောင်ကိုအောင်ရဲ့အားလပ်ရက် ထင်ပါရဲ့"

"ဟုတ်တယ် အန်ကယ်။ ဒီဆန်းဒေးကတော့ ကျွန်တော့်အတွက် ရတောင့်ရခဲ အားလပ်ရက်ပါပဲ။ ဒါကြောင့် မနက်စောစော ခြံထဲဆင်းပြီး ပန်းပွင့်တွေ လျှောက်ကြည့်နေတာ"

"ငါ့တူ စိတ်ကူးယဉ်ဖို့အတွက် ချိန်ခါသင့်နေပြီ ထင်တယ်"

"ဒီလိုလည်းမဟုတ်ပါဘူး အန်ကယ်။ လုပ်ငန်းတွေထဲမှာ စိတ်တစ်ခုလုံး နှစ်ထားရတော့ ဒီလိုအားလပ်တဲ့ နံနက်ခင်းမှာ စိတ်လွတ် ကိုယ်လွတ်နေရတာ စိတ်အရမ်းချမ်းသာတာပဲ"

"ခရီးထွက်လေ မောင်ကိုအောင်ရဲ့။ စိတ်တစ်ခုလုံးကို အနားပေးပြီး ခရီးရှည်တစ်ခုကို ထွက်ပစ်လိုက်စမ်းပါ။ မင်းအတွက် စိတ်ဓာတ်ခွန်အားတွေ အပြည့်အဝ ရရှိလာမယ်"

"သူငယ်ချင်းတွေ ကလည်း အကြံဉာဏ် ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



တမြန်နှစ်က ကျွန်တော် ငပလီကိုအပန်းဖြေခရီးထွက်တယ်။ ပျော်လည်း ပျော်ခဲ့ပါတယ် အန်ကယ်။ ဒါပေမယ့် စိတ်ကို အနားပေးလို့ကို မရဘူး။ နေ့တိုင်း လုပ်ငန်းအကြောင်းတွေပဲ တွေးနေမိတာပဲ။ မတွေးပဲလည်း မနေနိုင်ဘူး"

သူ့စကားကို သဘောကျစွာဖြင့် အန်ကယ်ဝေလုက တဟားဟားရယ်သည်။ မိမိစီးပွားရေးလုပ်ငန်းတွင် မည်မျှအလုပ်လောဘကြီးသည်ကို ခြံခြင်းကပ် တိုက်က အန်ကယ်ဝေလု ကောင်းကောင်းသိသည်။

"ကဲ-အန်ကယ့်ခြံဘက် ကူးခဲ့ပါဦး မောင်ကိုအောင်။ တို့ တွေဝရီးနှစ်ယောက် စကားလက်ဆုံ မကျရတာ အတော်ကြာပြီပဲ"

သူ တစ်ဖက်ခြံသို့ ကူးခဲ့၏။

သစ်ပင်ကြီးများနှင့် အုပ်ဆိုင်းနေသည့်ခြံ။ အန်ကယ်ဝေလုခြံမှာ အလှစိုက်ပန်းများရှိဖို့ ဖယ်ထား။ ခြုံနွယ်ရိုင်းများကိုပင် ရှင်းမည့်သူ မရှိ။ ယခင်ကတော့ အန်ကယ်ဝေလုသည် သူ့တစ်ဖက်ခြံက မာလီကုလားကို အရက်ဖိုးပေးပြီး ခြံကို ရှင်းခိုင်းတတ်သည်။

တိုက်ကြီးကတော့ အခန့်အထည်ပါပဲ။

ယခင် အန်ကယ်ဝေလု အိမ်သူ ရှိခဲ့စဉ်ကတော့ သားသမီးများ





နှင့် သည်အိမ်ကြီးသည် စိုစိုပြည်ပြည် စည်စည်ကားကားရှိခဲ့ဖူးပါ၏။

"ထိုင် မောင်ကိုအောင်။ သည့်ကွပ်ပျစ်ကလေးပေါ် ထိုင်ရတာလည်း အရသာတစ်မျိုးပဲကွ။ ခဏလေးနေဦးနော်။ အန်ကယ် ဆတ်သားခြောက်တွေ ဖုတ်ပြီး ဆီဆမ်းထားတယ်။ ကောက်ညှင်းပေါင်းကိုတော့ မနက်စောစောကတည်းက ဈေးဘက် တစ်ပတ်လျှောက်ပြီး ဝယ်ထားတာ"

အန်ကယ်ဝေလုက မီးဖိုဆောင်ဘက် ဝင်ပြီး ဆတ်သားခြောက်ဆီဆမ်းနှင့် ကောက်ညှင်းပေါင်းပန်းကန် ယူလာသည်။

"ရေနွေးကြမ်းလေးနဲ့ကွာ။ အရမ်း အဆင်ပြေပါတယ်။ အန်ကယ်က ထမင်းကို အပြင်မှာစားတော့ လက်ဖက်ရည် ကော်ဖီဆိုလဲ ဆိုင်မှာပဲသောက်တာ။ နို့ဆီသကြား အိမ်မှာ ဘာမှမရှိဘူး"

"ရပါတယ် အန်ကယ်။ ရှိတာ တည်ခင်းတာကိုက ကျေးဇူးကြီးလှပါပြီ"

"ဟဲ့. .ဟဲ့. .မောင်ကိုအောင်ကတော့ စကားအရာမှာ လိမ္မာပါးနပ်ပါ့ကွာ။ ဒါနဲ့ ညီတော်မောင်တစ်ယောက် မတွေ့ပါလား။ မနက်ဖက်တွေမှာ သူ့ပြုံင်ကားလေးကို သ,နေတာ မမြင်ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ညီ ခရီးထွက်သွားတယ် အန်ကယ်"

"ဟုတ်လား"

"တစ်ပတ်လောက်ရှိပြီ။ စက်ဘီးပူကိုပါ။ သူများနိုင်ငံမှာ ကိုယ်လို လူငယ်တွေ စီးပွားရေးကို ဘယ်လိုအားကျိုးမာန်တက် လုပ်ကြတယ်ဆိုတာ ညီညီကို သိစေချင်လို့ ကျွန်တော်စီစဉ်ပြီး လွှတ်လိုက်တာ"

"ကောင်းတာပေါ့ မောင်ကိုအောင်ရာ။ ပတ်ဝန်းကျင်ရဲ့ သွန်သင်မှုဆိုတာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ရေးရာကို ပြုပြင်ပြောင်းလဲနိုင်တယ်ကွ"

"ညီညီက ဆိုးတယ်အန်ကယ်"

"သိတယ်လေ။ ဒါပေမယ့် လူငယ်ပဲလေ။ မိဘက စီးပွားရေး ငွေကြေး တောင့်တင်းတော့ လူငယ်တစ်ယောက်ရဲ့ သာမန်ဆိုးတာထက်တော့ နည်းနည်းပိုဆိုးရမှာပေါ့။ သဘာဝကျပါတယ်"

အန်ကယ်ဝေလုက အဖန်ရေကို ငှဲ့ပေးသည်။

ဆိတ်သားခြောက် ပန်းကန်ကိုလည်း သူ့ရှေ့သို့ တွန်းရွှေ့ပေးသည်။ ကောက်ညှင်းပေါင်းဖြူဖြူနှင့် ဆိတ်သားခြောက် တွဲဖက်စားရသည့် အရသာကို သည်တစ်ခါသာ သူ ထူးထူးခြားခြား ခံစားဖူးပါသည်။





စားသောက်ရင်းနှင့် အန်ကယ်ဝေလု၏ ဘဝကို သူ တစေ့တစောင်းလေ့လာသည်။

ဘဝက အထီးကျန်ဆန်လွန်းသည်။

တစ်ခါတစ်ခါတော့ အန်ကယ်ဝေလုကို သူ အကွာရာနိမ့်နိမ့်ကိုရှိလာကားလေးနှင့် မြူးမြူးသွက်သွက် သွားလာသည်ကို တွေ့ဆုံဖူး၏။

"ကျွန်တော် အန်ကယ့်ဘဝကြီးကိုကြည့်ပြီး ပျင်းတယ်"

"အန်ကယ်ကလည်း မောင်ကိုအောင် ဘဝကြီးကို ကြည့်ပြီး စိတ်ပင်ပန်းလွန်းတယ်"

သည်တစ်ခါတော့ နှစ်ယောက်ပြိုင်တူ ရယ်ဖြစ်ကြ၏။

စက္ကန့်အတော်ကြာ ရယ်ပြီးတော့မှ အန်ကယ်ဝေလုက အရယ်ကို ရပ်လိုက်ပြီး . . .

"မှန်ပါတယ် မောင်ကိုအောင်။ မောင်ကိုအောင် ပြောသလို အန်ကယ့်ဘဝကြီးက အထီးကျန်ဆန်ပြီး တကယ့်ကို ပျင်းစရာကောင်းခဲ့တယ်။ ဒါပေမယ့် ခုမကြာခင်ရက်ပိုင်းအတွင်းမှာ အန်ကယ်ဟာ အပျော်တွေကို ကြုံရဆုံရတော့မယ်"

"ဗြော်-အန်ကယ် ပျော်ပွဲစားထွက်မလို့လား"

"ဟာ - ကိုယ့်လူ တော်တော်ထူလှပါလား။ အပျော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြုံရတော့မယ်ဆိုတာက အန်ကယ် မိန်းမယူတော့မလို့"

"ဗျာ. . ."

"တအံ့တသြကြီးဖြစ်မနေစမ်းပါနဲ့ မောင်ကိုအောင်ရာ၊ မင်းအန်တီ ဆုံးသွားပြီးကတည်းက အန်ကယ် သားသမီးတွေကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပညာတတ်တွေဖြစ်အောင် ပြုစုပျိုးထောင်ခဲ့တယ်။ ဟော-ပညာတွေတတ်၊ ကြင်ယာတွေလည်း ရရော တစ်ယောက်မှ ဖအေ့နားမှာ မရှိကြဘူး။ အားလုံး တိုင်းတစ်ပါးမှာ ကျွန်သွားခံနေကြတယ်"

"အလုပ်သွားလုပ်နေကြတာပါ အန်ကယ်ရဲ့"

"အလုပ်ကွာ၊ ကိုယ့်တိုင်း ကိုယ့်နိုင်ငံမှာ လုပ်လို့မရဘူးလား။ အန်ကယ်ကတော့ တိုင်းတစ်ပါး သွားအလုပ်လုပ်ရင် တစ်ပါးကျွန်ခံတာပဲလို့ သုံးသပ်တယ်။ ဒါတွေထားပါလေ။ သားသမီးတွေ အနားမှာမရှိတော့ အန်ကယ့် လူ့အိုဘဝအတွက် အဖော်ဆိုတာ လိုအပ်တယ်မို့လား။ သည်သုံးသပ်မှုတွေနဲ့ ဆုံးဖြတ်ချက်ကို အန်ကယ် ချလိုက်တာပါ"

"သားသမီးတွေက သဘောတူပါ့မလား အန်ကယ်ရယ်"





"အိုး-မောင်ကိုအောင်ရယ်။ သူတို့ သဘောအတူကို စောင့်စားနေရအောင် အန်ကယ်က သူတို့ လုပ်စာထိုင်စားနေပဲ့ကောင်မှ မဟုတ်တာ။ သူတို့ပို့တဲ့ငွေကို အန်ကယ်က လုံးဝလက်မခံဘူး။ ခု ဆုံးဖြတ်ချက်တွေနဲ့ပဲ သည်တိုက်နဲ့ ခြံကို သိန်းနှစ်ထောင်နဲ့ အန်ကယ် ရောင်းလိုက်ပြီ။ ရွှေ့တစ်ပတ် နှစ်ပတ်အတွင်း အန်ကယ် ပြောင်းတော့မယ်"

"ဟာ-အန်ကယ်ရာ"

"အန်ကယ် ဆုံးဖြတ်ပြီး လုပ်တာပါ။ သားသမီးတွေအတွက် သိန်းတစ်ထောင်ကို အမွေပေးလိုက်မယ်။ ကျန်တဲ့ငွေကို ဘဏ်မှာအပ်ပြီး တင့်တင့်တယ်တယ် တိုက်ခန်းလေးတစ်ခု ဝယ်မယ်။ အန်ကယ်တို့လင်ကိုယ်မယား ဘဏ်တိုးကလေးနဲ့ အေးအေးချမ်းချမ်း ထိုင်စားမယ်။ အိုမင်းမစွမ်းတဲ့အရွယ်မှာ အဖော်ကောင်းလေးနဲ့ ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းနေဖို့ အထူးလိုအပ်တယ်ပေါ့ မောင်ကိုအောင်ရာ"

သူ အန်ကယ်ဝေလုမျက်နှာကို အငေးသား ကြည့်နေမိသည်။ အန်ကယ်ဝေလု မျက်နှာမှာတော့ သူ ချမှတ်ထားသည့် အနာဂတ်အတွက် အပျော်ရိပ်တွေ ဖြာဝေနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ပြန်ရောက်ပြီး မေမေ့ကို အကျိုးအကြောင်း ပြောပြတော့ . . .

"ဒီအဘိုးကြီးရယ်၊ သေခါနီးမှ တော်တော်ထတယ်"

ဆိုစကားကို မေမေ တရားလက်လွတ်ပြော၏။

ဘာပဲဖြစ်ဖြစ် . . .

အန်ကယ်ဝေလုဘက်မှ ရပ်တည်ပြီး အန်ကယ်ဝေလုကိုယ်စား သူ ပျော်ကြည့်သည်။

အန်ကယ်ဝေလု၏ ဒုတိယအကြိမ် မင်္ဂလာဦးညမှာ အန်ကယ်ဝေလု ရင်ခုန်နေမှာတော့ အမှန်ပါပဲ။

★ ★ ★



[၁၀]

ခြံနီးဝန်းကျင်မှ မိတ်ဆွေများကို လိုက်လံနှုတ်ဆက်ပြီး အန်ကယ်ဝေလု ပြောင်းသွားသည်။ ဘည့်နောက်ပိုင်း အန်ကယ်ဝေလုနှင့် ပတ်သက်သည့်သတင်းစကားကို သူ နားမစွင့်ဖြစ်တော့။ ကိုယ့်အလုပ် ကိုယ့်တာဝန်များကလည်း တခြားအရေးကိစ္စများကို စဉ်းစားဆွေးတောခွင့်မပေး။

အန်ကယ်ဝေလု ပြောင်းရွှေ့သည့်နေ့ ညဘက်မှာတော့ စက်ဘ်ပူဆောက် ညီညီအောင်ဆီက ဖုန်းလာသည်။ သူ သုံးလလောက် ဆက်နေမည့်အကြောင်းနှင့် ငွေကို ကိုကို့မိတ်ဆွေ ဦးမြင့်ဖော်ထံမှ လိုအင်သလောက် ဆွဲယူသုံးနေသည့်အကြောင်းများပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ညီညီအောင့်ကို လိုအပ်သည်များ ညွှန်ကြားပြီး အန်ကယ်ဝေလု ပြောင်းသွားသည့် အကြောင်းနှင့် အိမ်ထောင်ပြုလိုက်သည့် အကြောင်း ပြောပြ[illegible]သေး၏။

ညီညီအောင်နှင့် စုန်းစကားပြောပြီး ညနေ သုံးနာရီခွန်းစွန်းလောက်မှာ မိုလ်ချုပ်ဈေးက ရတနာဆိုင်သွားရန် သူ သတိရသည်။

သူ ကုမ္ပဏီရုံးခန်းက ထွက်တော့ အပြင်မှာ နေ၏အပူက ပြင်းအားကောင်းတုန်း။ ကားကို မောင်းထွက်ရင်း ပြပွဲသွင်းရမည့် ကျောက်မျက်များအကြောင်း စဉ်းစားရသေး၏။

သူ အရောင်းဆိုင်ရောက်ရောက်ခြင်းမှာပင် ဒေါ်ခင်မာက . . .

"ပစ္စည်းရှင်ကတော့ အတော်ကိုနှမျောရှာမှာပဲ ဆရာ"

"ဘာကိုလဲ ဒေါ်ခင်မာ"

အရောင်းဝန်ထမ်းများ၏ အကြည့်က သူ့ဆီရောက်လာသည်။ သူက ဒေါ်ခင်မာ ထပေးသည့် ဆုံလည်ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

"ဆိုင်ထဲမှာ ဘယ်သူပြုတ်ကျခဲ့လဲ မသိဘူး။ ရွှေကတော့ နှစ်ကျပ်သားကျော်ကျော်မှာ ရှိတယ် ဆရာ။ ပြုတ်ကျခဲ့တဲ့သူကတော့ သူ့ပစ္စည်း ဘယ်မှာပြုတ်ကျခဲ့မှန်းတောင် သိမှာမဟုတ်ဘူး"

ပြောရင်း ဒေါ်ခင်မာက သူ့စားပွဲအံဆွဲကို သော့နှင့် လှည့်ဖွင့်သည်။ ပြီး အံဆွဲထဲမှ ရွှေထည်ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်၏။

"ဟာ-ရွှေလက်ကောက်ကြီးပါလား"

"ဟုတ်တယ် ဆရာ။ ကျွန်မတို့ ပိုင်ရှင်ကို မျှော်နေကြတယ်။ ခုချိန်ထိ ဘယ်သူမှ လာမမေးကြဘူး"

လက်ကောက်က နဂါးလက်ကောက်နှစ်ထပ်ခွေ။ သူ ရွှေအလေးချိန်ကို ဆကြည့်တော့ ဒေါ်ခင်မာ ပြောသလို နှစ်ကျပ်သားကျော်ကျော်လောက်မှာ ရှိ၏။

"လက်ရာက ရှေးလက်ရာပုံပဲ။ အဘွားကြီးတစ်ယောက်ယောက်များ ကျသွားသလားမသိဘူး"

"ဆိုင်ထဲကို လူစုံဝင်နေတာပဲ ဆရာ"

သက်နှင်းဝေကို လှမ်းခေါ်ပြီး လက်ကောက်ကို ချိန်ကြည့်ခိုင်းသည်။ ထင်ထားသည့်အတိုင်း ရွှေက နှစ်ကျပ်သားကျော်၏။

"ကျွန်မ ဆရာ့လက်ထဲ အပ်လိုက်ပြီနော်"

ဒေါ်ခင်မာက ပြောသည်။

သူ လက်ကောက်ကိုကိုင်ရင်း အတန်ကြာစဉ်းစားပြီးမှ ဖုန်းခွက်ကို မ,ယူ၍ ဂဏန်းကွက်များကို လက်နှင့် နှိပ်လိုက်၏။

မကြာမီ တစ်ဖက်မှ ဖုန်းခွက်မသံ ကြားရပြီး . . .

"အမိန့်ရှိပါ၊ နန်းထိုက်ရတနာကုမ္ပဏီကပါ"

ဦးလှတူ၏အသံမှန်း သူ ချက်ချင်းသိလိုက်၏။






www.burmeseclassic.com

www.burmeseclassic.com



"ဦးလှတူ ကျွန်တော် ပြောမယ်။ သေသေချာချာ နားထောင်ပါ"

"ဟာ-ဆရာလွှား။ ပြောပါဆရာ-ပြောပါ"

သတ္တုပြားလေးထဲမှ ခပ်ပြာပြာအသံကို ပြန်ကြားရ၏။

"ဘောပင်နဲ့ စာရွက်ကို အသင့်ပြင်ပါ ဦးလှတူ"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

"အသင့်ဖြစ်ပြီလား"

"ဖြစ်ပါပြီ ဆရာ"

"ကျွန်တော်ပြောတာ လိုက်ရေး။ တန်ဖိုးကြီး ရွှေထည်ပစ္စည်းတစ်ခုကို ကောက်ရထားပါသည်။ ပိုင်ရှင်ကိုယ်တိုင် လာရောက်၍ အထောက်အထား ခိုင်ခိုင်မာမာပြနိုင်ပါလျှင် ပစ္စည်းကို ပေးအပ်ပါမည်။ ဆယ်ရက်အတွင်း ပိုင်ရှင်အစစ်အမှန် မပေါ်ပေါက်ခဲ့ပါလျှင် ပစ္စည်းကို ရွှေတိဂုံစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအဖွဲ့သို့ သွားရောက်လှူဒါန်းပါမည်"

"လိပ်စာကိုကော ဆရာ"

"ကုမ္ပဏီလိပ်စာကိုထည့်။ အဲဒါ ခုချက်ချင်း သတင်းစာတိုက်ကို သွားပါ။ နက်ဖြန် သဘက် သတင်းစာမှာပါလာဖို့ အစွမ်းကုန် ဆောင်ရွက်ပါ"





"စိတ်ချပါ ဆရာ"

ကိုကိုအောင် ဖုန်းခွက်ကို အသာပြန်ချပြီး ပင့်သက်ကို မှုတ်ထုတ်လိုက်၏။

"လူတွေများ တယ်ပြီးနုမော်နမဲ့ နိုင်ကြတာပဲ။ တန်ဖိုးကြီးတဲ့ ပစ္စည်းကိုဝတ်ရင် သတိကိုလည်း ကြီးကြီးမားမား ထားရမှာပေါ့။ လမ်းပေါ်မှာ ပြုတ်မကျတာ ကံကောင်းတယ်"

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၁၁]

ညှော်ခံပွဲရှိပြီဆိုလျှင် သူ ညဉ့်နက်မှ အိမ်ပြန်ရောက်တတ်သည်။ **သူ ပြန်**မရောက်မချင်း မေမေ အပါဝင် နန်းထိုက်ရတနာခြံကြီးမှ **လူများ**အားလုံး အိပ်စက်အနားယူခြင်းမပြု။ သည့်အတွက်လည်း သူ **မေမေ့ကို** မကြာခဏ ပြောခဲ့ဖူးသည်။ သည်တော့ မေမေက . . .

"အိပ်ရာဝင်တော့လည်း အိပ်ပျော်တာမှ မဟုတ်ပဲ သားကြီးရယ်။ ကလေးမလေးတွေနဲ့ စကားစမြည်ပြောရင်း တီဗွီကြည့်ရင်း သားကြီးပြန်အလာကို နားစွင့်နေတာပါပဲ။ နောက်ပြီး သားကြီးပြန်ရောက်ချိန်က ညဉ့်နက်သန်းခေါင်မှ မဟုတ်တာ။ ဆယ်နာရီ ဆယ့်တစ်





နာရီဆိုတာ တီဗွီတောင်ပြီးသေးတာ မဟုတ်ဘူး"

သည်ညလည်း သူပြန်ရောက်တော့ ည ဆယ့်တစ်နာရီခွဲနီးပြီ။ လသာဆောင်မှာ ထွက်ထိုင်ပြီး မေမေ သူ့ကို မျှော်နေသည်ကိုလည်း သတိပြုမိ၏။

ကားကို ဂိုဒေါင်ထဲသွင်းပြီး သူ အိမ်ပေါ်တက်ခဲ့သည်။ ခြံစောင့်ကြီး ဦးဘိုးလုံ၏ ဝင်းတံခါးပိတ်သံကိုလည်း သူကြား၏။

အခန်းထဲတန်းမဝင်ဘဲ မေမေရှိရာ လသာဆောင်ဘက် သူ ထွက်ခဲ့သည်။ ထံပါးရောက်တော့ မေမေက . . .

"သောက်ကြတယ်ထင်တယ်"

"နည်းနည်းပါးပါးပါ မေမေ။ တွေ့ဆုံပွဲ ညှော်ခံပွဲတွေမှာ အရက်ဖန်ခွက်ကို ကိုယ်စီကိုင်မြှောက်ပြီး မင်္ဂလာလုပ်ရတာ ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေပြီ"

သူ မေမေ့ရှေ့ ကြိမ်ဆက်တီအစိုင်းကြီးမှာ ဝင်ထိုင်သည်။

"စောစောက သားငယ်ဆီက ဖုန်းလာတယ်။ အစ်ကိုကြီးနဲ့ မေမေ့ကို လွမ်းတယ်တဲ့"

မေမေက ဆွေးဆွေးမြွေမြွေကလေး ပြောသည်။

သူ မေမေ့မျက်နှာကို လှမ်းအကြည့်မှာ . . .

"လွမ်းရင်ပြန်ခဲ့ပေါ့ သားရယ်လို့ မေမေက ပြောလိုက်တယ်။ သူ နှစ်လလောက်နေရင် ပြန်လာမယ်တဲ့။ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာရင် အရင်က ညီညီအောင်နဲ့ လုံးဝမတူစေရပါဘူး တဲ့။ သူ့အရွယ် လူငယ်တွေ လုပ်ငန်းကြီးကြီးကျယ် ကျယ် လုပ်နေကြတာမြင်တော့ သူ့ကိုယ်သူ ပြန်ရှက် တယ်တဲ့။ မြန်မာပြည် ပြန်ရောက်ရင် ကိုကို့လုပ်ငန်း တွေကို တစ်ဖက်တစ်လမ်း ဦးစီးနိုင်တဲ့ အရည်အချင်း တွေ သူ့ထံမှာ ပါလာမှာပါတဲ့"

"ကျွန်တော်လည်း အဲသလိုပဲ မျှော်လင့်ပါတယ် မေမေ၊ ညီလေးရဲ့စိတ်ဓာတ်တွေကို ပတ်ဝန်းကျင်က ပြောင်း လဲပေးတာထက် ပတ်ဝန်းကျင်ကို ကြည့်ပြီး သူ့စိတ် ဓာတ်တွေကို သူ့ဘာသာသူ ပြောင်းလဲပစ်နိုင်တာဟာ တန်ဖိုးအရှိဆုံးပဲ"

"ဪ-သားငယ်က ဝယ်သေးတော့ စီးပွားရေးကိစ္စ တွေကို သူ နားရှုပ်မှာစိုးလို့ မေမေ မပြောခဲ့မိဘူးပေါ့ ကွယ်။ သူ့အစ်ကိုကြီး လုပ်ဆောင်နေတာတွေ ကြည့် ပြီး သားငယ်က အရာရာကို သဘောပေါက်နားလည် လာမယ်လို့ မေမေ ယုံကြည်ထားပါတယ်"

မေမေ့စကားအဆုံးမှာ အေးတင်က အအေးဗူးကို စတီးဇွန်း ပေါ်တင်ပြီး ယူလာသည်။

"ညီလေးနဲ့ ပတ်သက်သမျှတွေမှာ ကျွန်တော် ပြိုင်ပြိုင်မှ





မရှိပါဘူး မေမေ။ ညီလေးအနေနဲ့ သူ့ဘဝ နန့်ရှယ် ရှယ်မှာ ဖေဖေဆုံးခဲ့တယ်။ ဖတဆိုးလေးအတွက် ကျွန် တော့်ရင်ထဲမှာ အမြဲဂရုဏာသက်ဝင်မှု ရှိပါတယ်"

"ဒီစကားကြားရတာ မေမေ အရမ်းစိတ်ချမ်းသာပါ တယ် သားကြီးရယ်။ သားငယ်က လူငယ်သဘာဝ ခပ်ဆိုးဆိုးလေးဖြစ်တာပါ။ သားကြီးကိုကျ အင်မတန် လေးစားအားကိုးတာပါ"

သိပြီးသည့် အကြောင်းတရား။

အအေးဗူးကို ဖွင့်သောက်ရင်း သူ့အကြည့်က တစ်ဖက်ခြံကြီး သို့ ရောက်သည်။ တစ်ခုထူးခြားသလို မြင်တွေ့ရ၏။

"ဟိုဖက်ခြံကြီး ရှင်းနေသလိုပဲ မေမေ"

"မနက်ကတည်းက အလုပ်သမားတွေ ရောက်လာကြ တယ်လေ။ သစ်ပင်တွေ ခုတ်ရှင်းသူက ရှင်း။ တိုက်ကို ဆေးသုတ်ဖို့ ဆေးကြောတိုက်ချွတ်သူက ချွတ်နဲ့"

"ဘယ်သူတွေ ဝယ်သွားလဲမသိဘူး"

"ဦးဝေလုကို သားကြီး မမေးကြည့်ဘူးလား"

"မမေးကြည့်မိဘူး မေမေ။ သူကလည်း ရောင်းလိုက် ပြီဆိုတာပဲ ပြောတယ်။ တိုက်ကြီးက အခန့်အထည်ပါ။ ရှင်းလင်းပြီး ဆေးသုတ်လိုက်ရင် ရုပ်လုံးကြွလာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်တဲ့သူတွေကလည်း မြင်မှာပေါ့လေ။ ဘယ်လို ခြံနီးချင်းတွေနဲ့ ဆုံဆည်းဦးမလဲ ဆိုတာပဲ မေမေက စောင့်ကြည့်နေတာ"

အန်ကယ်ဝေလု ရောင်းလိုက်သည့် ခြံကြီးနှင့် ပတ်သက်လို့ကတော့ စိတ်ဝင်စားမှုက ဒါပါပဲ။

အဟောင်းမရှိရင် အသစ်ရောက်လာလိမ့်မည်။

ဒါတွေဟာ နိယာမတရားပဲလေ။

ကိုယ့်အလုပ် ကိုယ့်စီးပွားတွေနဲ့မို့ အန်ကယ်ဝေလု ခြံကြီးကို သည့်ထက်ပိုပြီး စိတ်ဝင်စားစရာလည်းမလို။

နောက်ပြီး . . . .

ရောက်ရှိလာမည့် လူအသစ်တွေကိုလည်း ထူးပြီးတော့ စိတ်ဝင်စားနေစရာ အကြောင်းလည်းမရှိပါဘူး။

☆ ☆ ☆



[၁၂]

ဖုန်းကို ပြန်ချလိုက်သည်။

ဖက်စပ်အတွက် နက်ဖြန်ပစ္စည်းတွေ ရောက်မည်ဆိုသည်ကို အကြောင်းကြားလာ၏။ အခြားလုပ်ငန်းတွေကို ခေါင်းထောင်ကြည့်တော့ မေမေက . . .

"လောဘမကြီးပါနဲ့ သားရယ်။ ရတနာလုပ်ငန်းကို မေမေတို့ဘိုးဘွားစဉ်ဆက် လုပ်လာကြတာ။ အာရုံကို တစ်ခုတည်းမှာပဲ နှစ်ပါ"

ဆိုသည့်စကားကို သူ သတိရသည်။

သို့သော်လည်း ယနေ့ ဈေးကွက်စီးပွားရေးစနစ်မှာ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



များစွာကို ခေါင်းထောင်ကြည့်ရခြင်းသည် အရသာတစ်မျိုးဖြစ်သည်။ သို့သော်လည်း မေမေပြောသလို လောဘကြီးသည်ဟု ကိုယ့်ကိုယ်ကို သုံးသပ်ရတော့မည်။

နက်ဖြန်ရောက်လာမည့် လယ်ယာလုပ်ငန်းနှင့်ပတ်သက်သည့် စက်ပစ္စည်းတွေကတော့ ငွေချေပြီး နောက်နေ့ တဆင့်လွှဲပေးရုံပါပဲ။ သည်လိုအခွင့်အရေးမျိုးဆိုတာကလည်း အစဉ်ယာဝရ ရှိနေသည် မဟုတ်။ ကုန်သည်များက မိမိကုမ္ပဏီအပေါ် ယုံကြည်သက်ဝင်မှု ရှိနေဖို့ကတော့ အထူးလိုအပ်ပါသည်။

နောက်မှီပေါ် ခေါင်းတင်ပြီ ပင့်သက်အချမှာ ကံခါးရှက် ပွင့်ဟသွား၏။

ဦးလှတူ အခန်းထဲဝင်လာသည်။

"ဆရာ ညွှန်သည်က တွေ့ချင်လို့တဲ့"

"လွှတ်လိုက်လေ"

ဦးလှတူ ပြန်ထွက်သွားပြီး မကြာမီ အခန်းထဲသို့ အမျိုးသမီး တစ်ဦး ဝင်ရောက်လာ၏။

သူမ၏ ဟန်ပန်အနေအထားကို သူ ချက်ချင်းအကဲခတ်လိုက်သည်။

မျက်နှာစိမ်းမိန်းကလေးတစ်ယောက်၏ အသွင်သဏ္ဍာန်၊ သူ့စီးပွားရေးလုပ်ငန်းများနှင့် မပတ်သက်သည်ကတော့ အရမ်းသေချာ၏။





ဟန်ပန်အနေအထားနှင့် သက်ဝင်လှုပ်ရှားမှုသည် အလှ၏ အနိမ့်ပိုင်းက မဟုတ်သည်ကိုလည်း သူ သဘောပေါက်သည်။ သူမ ကိုယ်ပေါ်မှ အဝတ်အထည်တန်ဖိုးနှင့် သူမဆင်ယင်ထားသည့် ရတနာပစ္စည်း တန်ဖိုးက သူမ၏ လူနေမှုတန်း နိမ့်ပါးခြင်းမရှိသည်ကို ဖော်ပြနေ၏။

"ထိုင်ပါခင်ဗျာ"

"နန်းထိုက်ရတနာ ကုမ္ပဏီရဲ့ . . . "

"အုပ်ချုပ်ရေးမှူးလို့ပဲ နားလည်လိုက်ပါ"

သူမက တောက်တောက်ပပ ပြုံးသည်။

ပြုံးရင်းနှင့် သူ့ရှေ့ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်၏။

"ကျွန်မ သတင်းစာထဲက ကြော်ငြာကို ဖတ်မိပြီး လာခဲ့တာပါ။ သတင်းစာမှာ အဲဒီ ကြော်ငြာပါလာတော့ အရမ်းဝမ်းသာသွားတယ်လေ။ ဝမ်းသာတယ်ဆိုတာက ရွှေရဲ့ တန်ဖိုးကို အလေးထားပြီး ပြောတာမဟုတ်ပါဘူး။ ဆုံးပြီလို့ ထားလိုက်တဲ့ ကိုယ့်ဘွားအေရဲ့ အမွေပစ္စည်းလေးကို ပြန်ရမှာမို့လို့ပါ"

စကားက ချိုသော်လည်း မာနတွေပါနေ၏။

ဒါကလည်း သူ့အတွက် အကြောင်းမဟုတ်။

သူ့ဘက်မှတာဝန်က သူမ၏ပစ္စည်းမှန်မမှန် စစ်ဆေးသုံးသပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆုံးဖြတ်ဖို့ပါပဲ။

"သတင်းစာမှာ ကြော်ငြာထည့်လိုက်တဲ့ ရတနာပစ္စည်း ကျွန်တော့်ရဲ့ ဟောဒီအံဆွဲထဲမှာ ရှိပါတယ်"

"ဟုတ်ကဲ့၊ အရမ်းကျေးဇူးတင်တာပါပဲရှင်"

"ဟာ-အရမ်းကျေးဇူးတင်တာပါပဲရှင် ဆိုတာနဲ့ ပစ္စည်းကို ကျွန်တော် ဘယ်ထုတ်ပေးလို့ ဖြစ်မလဲဗျာ"

သူ့စကားကြောင့် သူမမျက်နှာရဲရဲကလေး ဖြစ်သွားသည်။ တစ်ဆက်တည်းလိုမှာပင် သူမမျက်နှာတင်းတင်းကလေးဖြစ်သွားပြန်၏။

သည်ပြောင်းလဲမှု အသွင်သဏ္ဌာန်လေးက အရမ်းချစ်စရာကောင်းနေသည်ဟု သူ မဆီမလျော်တွေးမိသည်။

"ကျွန်မ သဘောပေါက်ပါတယ်"

"ဘာကို သဘောပေါက်တာပါလိမ့်"

"ဘယ်လိုပုံစံ၊ ဘယ်လိုအရည်အသွေး၊ ရွှေချိန်က ဘယ်လောက်၊ နောက်ဆုံးအဆင့်သည် ရွှေရဲ့ ဘောက်ချာကိုတောင် ရှင် ပြခိုင်းပါလိမ့်မယ်"

ကိုကိုအောင် ခပ်လှိုက်လှိုက်ကလေး ပြုံး၏။

ပြုံးရင်းနှင့် . . .

"ဘယ်မှာ ပြုတ်ကျခဲ့တယ်လို့များ ထင်သလဲ"

"ကျွန်မ စဉ်းစားလို့ကို မရခဲ့ဘူး။ အဲဒီနေ့က ဗိုလ်ချုပ်





ဈေးလည်း သွားတယ်။ ကုန်တိုက်တွေ ကိုလည်း လျှောက်သွားတယ်။ ရန်ကင်းစင်တာကိုတောင် ရောက်သေးတာ။ အိုလေ-ဒါတွေက ပြဿနာမဟုတ်ပါဘူး။ ရှင်တို့က ကြော်ငြာတယ်။ ကျွန်မက ကျွန်မပစ္စည်းဖြစ်လိမ့်မယ်အထင်နဲ့ လာတယ်။ ကျွန်မပစ္စည်းမဟုတ်ရင် ဆောရီးပဲဆိုပြီး ကျွန်မ ပြန်သွားရုံပဲ"

စကားကတော့ တကယ့်ကို အလာကြီး။

သူမ၏ မျက်လုံးအကြည့်များကလည်း ရဲတင်းလွန်းသည်။

"ထားပါလေ။ ထုံးစံအတိုင်း ကျွန်တော် မေးမယ်နော်"

သူမ ခေါင်းကို ဆတ်ခနဲညိတ်၏။

"ဘယ်လို ပုံစံ၊ ရွှေချိန်က ဘယ်လောက်ရှိမယ်၊ ကိုက်ညီရင်တော့ ခင်ဗျားပစ္စည်းပဲဆိုတာ ယုံကြည်ပြီး ပြန်အပ်လိုက်ပါ့မယ်"

"ပြောပြမယ်နော်။ ရွှေက နှစ်ကျပ်သားကျော်တယ်။ အတိအကျတော့ ကျွန်မလည်း ချိန်မထားမိဘူး။ ရွှေဘောက်ချာကိုလည်း ကျွန်မ မပြနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘွားဘွားပစ္စည်းလေ။ လုပ်ထားတာ ကြာပြီ။ ရှေးလက်ရာလို့တောင် ပြောလို့ရတယ်။ ဘွားဘွား မဆုံးခင် ကျွန်မကို မွေးနေ့လက်ဆောင် ပေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပုံစံက နဂါးလက်ကောက်နှစ်ထပ်ကွင်း။ အခိုင်လုံဆုံး အထောက်အထားက နဂါးမျက်စိမှာ ပတ္တမြားနှစ်ပွင့် ရှိတယ်။ ရတနာကို နားလည်ရင် ကျောက်ရဲ့တန်ဖိုးကို ရှင်သိမှာပါ"

ခိုင်လုံမှုကတော့ အတိအကျ။

နဂါးမျက်စိမှာ ပတ္တမြားနှစ်ပွင့် ပါရှိမှုကိုက အထောက်အထား ခိုင်လုံနေသည်။

"ရွှေက အခေါက်ပါ။ ကျွန်မ ပြောတာတွေနဲ့ ကိုက်ညီရင်တော့ ကျွန်မပစ္စည်းပဲပေါ့လေ"

ထပ်မံမေးနေစရာအကြောင်း မရှိတော့။

ရွှေအခေါက်ဖြစ်သည်ကိုလည်း သူ စစ်ဆေးပြီးသား။ ပတ္တမြားနှစ်ပွင့်၏တန်ဖိုးကိုလည်း အဖိုးဖြတ်ပြီးသား။

"မှန်ပါတယ်"

"ဟုတ်လား။ ဝမ်းသာလိုက်တာရှင်။ ဒီပစ္စည်းကို မက်မောစာ စောစောက ကျွန်မပြောသလို ရွှေကို မက်မောလို့ မဟုတ်ပါဘူး။ ဘိုးဘွားရဲ့အမွေကို မြတ်နိုးလို့ပါ"

အံဆွဲထဲမှ ရတနာပစ္စည်းကို ထုတ်ယူပေးတော့ သူမမျက်နှာ ဝင်းလက်နေ၏။





"ကျေးဇူးတင်တယ် ဆိုတဲ့ စကားကို ပိုပြီး လေးနက်အောင် ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူးရှင်။ ခေတ်ပေါ်ရွှေထည်ပစ္စည်း ကျပျောက်ရင်တောင် အစစ်အမေးမခံချင်လို့ ကျွန်မ ရောက်လာမှာ မဟုတ်ပါဘူး။ တကယ်ပါ။ ကျွန်မ အရမ်းကို ဝမ်းသာနေတာပါ"

သူမက လက်ကောက်ကို သူမ၏လက်ပွေ့အိတ်ထဲ ထည့်သည်။ ကျွန်မကို ခွင့်ပြုပါနော်ဆိုသည့် စကားကို ပြောပြီး ထိုင်ရာက အသာထရင်း . . .

"ကျွန်မနာမည် ခိုင်ကြည်ဖြူပါ"

"ဟုတ်ကဲ့။ ကျွန်တော့်နာမည် ကိုကိုအောင်ပါ"

"နောက် လမ်းမှာ အမှတ်မထင်ဆုံမိရင် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြမယ်နော်"

"ကျွန်တော် မျှော်လင့်ပါတယ်"

ထံပါးမှထွက်ခွာသွားတော့ သူမ၏ နောက်ပိုင်းအလှကို တန်ဖိုးစွာထားပြီး ကြည့်နေမိသည်။

သူမထွက်သွားပြီး မကြာမီမှာ ဦးလှတု ဝင်လာပြီး . . .

"တော်တော်ချောတဲ့ ကလေးမ။ ကားကို ကိုယ်တိုင်မောင်းပြီးလာတာ ဆရာ။ ကားက ဆရာ့ကားလိုပဲ"

ကား၏တန်ဖိုးကို သူ တွေးမိလိုက်သေး၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [၁၃]

စိတ်ပါလက်ပါ ပြောပြနေသည်ကို လွင်ဦးက မျက်လုံးကလေး မှေးစင်းပြီးနားထောင်၏။ သူ့စကားဆုံးတော့ လွင်ဦးကရယ်ပြီး . . .

"ဝေတိမ ပါးပါးနပ်နပ်ကြွားသွားတာကို မင်း ခံလိုက်ရ တာပဲ"

"သူ ဘာမှမကြွားပါဘူးကွ"

"ပါတာပေါ့ ဖိုးအောင်ရာ။ ရွှေကို မက်မောလို့ မဟုတ် ပါဘူး။ ဘိုးဘွားရဲ့အမွေကို မြတ်နိုးလို့ပါဆိုတဲ့ စကား နောက်ပြီး ခေတ်ပေါ်ရွှေထည်ပစ္စည်း ကျပျောက်ရင် တောင် အစစ်မခံချင်လို့ ကျွန်မ ရောက်လာမှာမဟုတ် ပါဘူးဆိုတဲ့စကားတွေဟာ သူတို့ ချမ်းသာတယ်ဆိုတာ





မင်းကို သွယ်ဝိုက်ပြီး ပြောသွားတာဟ ငါ့ကောင်ရ"

ပြောပြီး လွင်ဦးက ရယ်ပြန်၏။

ရယ်ရင်းနှင့် ဝီစကီခွက်ကို မ,ယူပြီး တစ်ငုံမော့သောက်သည်။ လွင်ဦးက အရက်သောက်လျှင်အရမ်းဟန်ပါသည်။ ဒီကောင် အရက် သောက်သည့် စတိုင်လ်ကို သူ သဘောကျ၍ လေ့ကျင့်သောက်ခဲ့ သည်မှာပင် ကြာပြီ။

"ငါ မင်းကို သိစေချင်တာနဲ့ ဆိုလိုချင်တာက ကြွားတဲ့ ကိစ္စမဟုတ်ဘူး လွင်ဦး။ ငါ စွဲစွဲလမ်းလမ်း ဖြစ်သွား တယ်ဆိုတာကို မင်းကို သိစေချင်တာ"

"ငါ သဘောပေါက်ပါတယ် ဖိုးအောင်ရာ။ မင်း နိုင် ကြည်ဖြူနဲ့ ပတ်သက်ပြီးပြောတဲ့စကားမှာ သာမန်ပြော ရိုးပြောစဉ် ပြောပြတာမဟုတ်ဘူးဆိုတာ ငါ ရိပ်မိတာ ပေါ့။ မင်းအသံမှာ သူ့ကို စိတ်ဝင်တစားရှိနေမှုတွေ ပါတယ်။ မင်းမျက်လုံးမှာ ရက်ပိုင်းက သူနဲ့ဆုံဆည်းခဲ့ တဲ့ အရိပ်တွေကို တမ်းတမ်းတတ ရှိနေတာတွေလည်း ငါ မြင်တယ်။ ငအောင်ရာ ကျောင်းကတည်းက ပေါင်းလာတဲ့သူငယ်ချင်း။ မင်းပါးစပ် ဟ လိုက်တာနဲ့ ထွက်လာတဲ့စကားလုံးတွေရဲ့ အတိမ်အနက်ကို ငါ သိ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး-ငါကလည်း အဲဒီစကားကြားချင်နေတာ။ ဘ၀မှာ မိန်းမတစ်ယောက်ရဲ့အကြောင်းကို ဒုတိယအကြိမ်ပြန်ပြောရလောက်အောင် စိတ်ဝင်စားမှု မရှိခဲ့ပါဘူးကွာ။ ခိုင်ကြည်ဖြူကိုတော့ ဆုံခဲ့တဲ့နေ့ရဲ့ ညဘက်တောင် မကူးပါဘူး။ ငါ့ရင်ထဲမှာ မှတ်မှတ်ရရကြီးကို ဖြစ်နေတာ"

သူက အမြည်းအဖြစ် ကြက်သားလုံးကြော်တစ်ပွဲ ထပ်မှာလိုက်၏။

အအေးခန်းဖြစ်သဖြင့် အပြင်ဘက်ညနေ၏ အပူငွေ့များကို မခံစားရ။ ခိုင်ကြည်ဖြူနှင့် ပတ်သက်သည့် အကြောင်းစကားများ ပြောချင်လွန်း၍ လွင်ဦး ရုံးမဆင်းမီ သူ ဖုန်းဆက်ခဲ့သည်။ ညနေဘက်ဆုံရန်နှင့် ဝီစကီသောက်ရင်း ရင်ထဲကစကားတွေကို ပြောချင်တယ်ဆိုတော့ လွင်ဦးက ဖုန်းထဲကနေပြီး ရယ်ခဲ့ပါသေး၏။ သူ့ရဲ့နှလုံးသားစကားသည် လွင်ဦးအတွက် ရယ်စရာဖြစ်နေလိမ့်မည်။

"မင်း အချစ်ကို ရှာတွေ့ပြီထင်တယ် ဖိုးအောင်"

"ပြန်လည်လွတ်ထွက်သွားတယ်"

"ဘယ်မှာနေတယ်ဆိုတာကို မသိလိုက်ရတာလား"

"ဟုတ်တယ် လွင်ဦး။ သူ ကားပေါ်တက်ပြီး ကားမောင်းထွက်သွားတော့မှ ငါကိုယ်ငါ ညံ့မှန်းသိလိုက်





တယ်။ ငါက မခိုင်ကြည်ဖြူ ဘယ်မှာများ နေပါလိမ့်ဆိုရင် သူ ငါ့ကို ကျေကျေနပ်နပ်နဲ့ လိပ်စာပေးမှာပါ။ သည်ပါးစပ်ကိုက မမေးမိဘူးကွာ။ မင်းမသိလို့ ခိုင်ကြည်ဖြူ ငါ့ရှေ့ကခုံမှာ ဝင်ထိုင်ကတည်းက ငါ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတာ။ သူ မရိပ်စားမိအောင် အတော်ကိုသတိကြီးကြီးနဲ့ထိန်းထိန်းသိမ်းသိမ်းနဲ့ နေလိုက်ရတယ်"

"ကံမကုန်ရင်တော့ ပြန်ဆုံမှာပေါ့ကွာ"

"သည်လိုပဲ ပြောရိုးပြောစဉ် ပြောရတော့မှာပေါ့ လွင်ဦးရာ"

သည်ညနေ အရက်သောက်ရသည်ကို ပိုလို့အရသာတွေ့နေ၏။ ယစ်ဝေသီသည့်ကြားမှ ခိုင်ကြည်ဖြူ၏ အလှပုံရိပ်များကို တွေးမြင်ရသည်ကလည်း ရင်ခုန်ဖွယ်ရာပါပဲ။

လွင်ဦးက တော်တော်ချောသလားဟု မေးသည့်စကားကိုတော့ သူ ချက်ချင်းပြန်မဖြေနိုင်ခဲ့။ အဘယ့်ကြောင့်ဆိုမူ ကမ္ဘာ့ရုပ်ရှင်ထဲမှာရော၊ မြန်မာ့ရုပ်ရှင်ထဲမှာရော ခိုင်ကြည်ဖြူလို ကျက်သရေရှိသည့် အလှမျိုး မမြင်တွေ့ဘူးသောကြောင့် ဖြစ်ပါသည်။ သို့ကြောင့် ဘယ်ခင်းသမီးနဲ့တော့ ခပ်ဆင်ဆင်တူတယ်ကွာ ဆိုသည့်စကားကို ပြောရန် ခက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာက ရှင်းသန့်ပြီး အတော်ကိုကျက်သရေရှိတာ၊ အလှက ပူလောင်တဲ့အလှမျိုး မဟုတ်ဘူး လွင်ဦး။ အေးချမ်းတဲ့အလှ၊ တစိမ့်စိမ့်ကြည့်ရင်း အချစ်ရဲ့ နက်ရှိုင်းခြင်းကို ခံစားလို့ရတဲ့အလှမျိုးကွ"

"ငါ့သူငယ်ချင်းကို စီးပွားရေးပညာမှာသာ ကျွမ်းတယ်ထင်တာ၊ အချစ်ကို ခံစားတဲ့နေရာမှာလည်း တကယ့်ကို ကျွမ်းပါ့ကွာ။ ငါ မိန်းမသာရတယ်။ အချစ်ကို မင်းလို မသုံးသပ်တတ်ခဲ့ပါဘူး"

"မင်းက အင်္ဂလိပ်နီယာဆိုတော့ အချစ်ကို သံမဏိစက်ပစ္စည်းရဲ့ အစိတ်အပိုင်းလို သဘောထားပြီး နားလည်မှာပေါ့ကွ။ မင်းမိန်းမလည်း ဘာထူးသေးလဲ။ မင်းတို့နှစ်ယောက်က စက်ပစ္စည်းတွေကို ခွဲခြမ်းစိတ်ဖြာရင်း လင်မယားဖြစ်သွားကြတာ"

သူ့စကားကို သဘောကျစွာဖြင့် လွင်ဦးက တဟားဟား ရယ်သည်။ လွင်ဦး မိန်းမကလည်း အင်ဂျင်နီယာမ်ပဲကိုး။

သည်ညနေတစ်ခုလုံးကိုတော့ ခိုင်ကြည်ဖြူအကြောင်း ပြောပြီး သူ ဖြုန်းတီးပစ်သည်။ အပြန်လမ်းတစ်လျှောက်လုံး သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးနေ၏။

အိမ်ပြန်ရောက်လျှင် ညနေစာစားသောက်မည်မဟုတ်ကြောင်း





ကို မေမေ့ကို သတင်းပို့ပြီး အိပ်ခန်းထဲ တန်းဝင်မည်။ ပြီး အိပ်ရာပေါ် လှဲမည်။ စီးပွားရေးကိစ္စတွေ ဘေးချထားပြီး ကိုးရီးယားအချစ်သီချင်းတစ်ပုဒ်ကို ဖွင့်ပြီး နားထောင်မည်။

ပြီးတော့ . . .

ခိုင်ကြည်ဖြူအကြောင်းကို သူ လွတ်လွတ်လပ်လပ် **တွေးရပါဦးမည်**။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[၁၄]

နိုင်ငံအရပ်ရပ်က ရတနာကုန်သည်တွေနှင့် စကားပြောရသည်လောက် စိတ်မောရတာမရှိ။ ရတနာကို ဈေးတန်ဖိုးဖြတ်ရသည့်အခါများတွင် စကားပြောရတာ ပို၍ လက်ဝင်ပါသည်။

ခုလည်း ချိန်းဆိုရသည့် ရက်ချိန်းတွေ။

သို့သော်လည်း နားလည်လို့ရပါ၏။

တန်ဖိုးကြီး ရတနာအရောင်းအဝယ်ဆိုတာ လမ်းဘေးက ချက်ကျောက်ကို အရောင်းအဝယ်လုပ်ကြတာမှ မဟုတ်ပဲ။ တွင်းထွက်ကို အရောင်းအဝယ် လုပ်ကြတာပါ။

သူ ကုမ္ပဏီရုံးခန်း ပြန်ရောက်တော့ စိတ်တစ်ခုလုံး ပင်ပန်းနေ





၏။ လေအေးစက်၏ အထိအတွေ့ကလည်း စိတ်အပန်းကို ဖြေဖျောက်နိုင်စွမ်း မရှိသေး။

ပင့်သက်ကို ဟူးခနဲမှုတ်အထုတ်မှာ ဖုန်းခွက်မှ ဖုန်းသံမြည်လာသည်။

ဖုန်းခွက်ကို မ,ယူပြီး သူ နားမှာကပ်လိုက်၏။

"နန်းထိုက်ရတနာကပါ"

"သားကြီးလား"

"ဪ-မေမေ"

"သည်နေ့ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် မေမေ။ နီလာတစ်ပွင့်ကိုတော့ ကျွန်တော် ဈေးကိုင်ထားတယ်"

သူက လွှတ်မည့်ဈေးကို ပြောပြသည်။

"သူတို့ပေးတဲ့ဈေးကို သားကြီး လွှတ်နိုင်ပါတယ်။ လောဘတွေ သိပ်မတက်ပါနဲ့ သားကြီးရယ်"

သူ ငြိမ်နေလိုက်၏။

ရတနာနှင့်ပတ်သက်လျှင် မေမေက သူ့ထက်ကျွမ်းကျင်သည်။ သည်ပညာတွေကို မေမေပဲ သူ့ကို သင်ပေးခဲ့တာ။

"သားကြီး ညနေစာ အိမ်မှာစားမှာလား"

"မစောင့်နဲ့တော့ မေမေ။ စားပွဲတစ်ခု သွားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သားကြီးနဲ့ မေမေ ညနေစာထမင်းပွဲမှာ မဆုံတာကြာပြီဆိုသည့် စကားကို ပြောပြီး မေမေ ဖုန်းချသွား၏။

သူ ဖုန်းခွက်ကို အသာပြန်ချပြီး ဆိုဖာပေါ် နောက်မှီပေါ် ခေါင်း တင်လိုက်သည်။

မိနစ်ပိုင်းမျှအကြာတွင် ဦးလှတူ ရောက်လာ၏။

"ကျွန်တော် ဆိပ်ကမ်းဘက်သွားတာ ဆရာ"

"ဟုတ်ပါပြီ"

"ကျွန်တော် ဆိပ်ကမ်းရုံးဘက် မသွားခင် ညွှန့်သည် လာသွားတယ် ဆရာ"

"ဘယ်သူများပါလိမ့်"

"ဟိုတလောကလာတဲ့ လက်ကောက်ပိုင်ရှင်လေ"

"ဟင်-မနိုင်ကြည်ဖြူ လာသွားတယ် ဟုတ်လား"

"ဟုတ်တယ် ဆရာ။ ပန်းဆိုးတန်းဘက်လာရင်း ကျေး ဇူးရှိခဲ့သူကို သတိရတာနဲ့ ဝင်နှုတ်ဆက်တာပါတဲ့"

ဦးလှတူကတော့ စကားကို အရိုးသားဆုံး ပြောခြင်းဖြစ်သည်။ သို့သော်လည်း သူ့ရင်ခုန်လှုပ်နေ၏။

နောက်ပြီး . . .

သည်နေ့မှ အပြင်ဘက်မှာ အချိန်ကုန်နေရသည့် ကိုယ့်ကိုယ် ကိုလည်း ဒေါသဖြစ်လိုက်ရသေးသည်။





"နိုင်ကြည်ဖြူ ကျွန်တော့်ကို ထိုင်စောင့်နေသေးလား ဦးလှတူ။ ဘာတွေပြောသွားသေးလဲ။ နောက်ပြီး ဦးလှ တူကကော ညွှန့်ဝတ်ကျေကျေ ညွှန့်ခံလိုက်ရဲ့လား"

စဉ်ဆက်မပြတ်ပြောနေသည့် သူ့စကားများကို ဦးလှတူက ပြုံး ပြီး နားထောင်တော့ သူ့စကားများကို သူပြန်ပြီး ဆင်ခြင်လိုက်ရ၏။

ရုပ်ပိုင်းကိုလည်း အတည်ငြိမ်ဆုံး ဖြစ်အောင် ပြန်ပြင်လိုက် သည်။

"ထိုင်စောင့်တဲ့သဘောတော့ မဟုတ်ပါဘူး ဆရာ။ ကျွန်တော် အအေးနဲ့ ညွှန့်ခံတာကို သူ ဆက်တီမှာ ထိုင်ပြီး သုံးဆောင်သွားပါတယ်။ ပြန်ခါနီးမှာ သူလာ တဲ့အကြောင်းကို ဦးကိုကိုအောင်ကို ပြောပြပါလို့လည်း ပြောသွားတယ်"

သူ ပင့်သက်ဖွဖွချသည်ကိုတော့ ဦးလှတူ သိလိမ့်မည်မဟုတ်။ နောက်ပြီး 'သူ ဘယ်မှာနေသလဲဆိုတာ ဦးလှတူ မမေးလိုက်ဘူး လားဗျာ' ဆိုသည့် အမေးစကားကိုတော့ သူ ဘယ်လိုမှမေးလို့မဖြစ်။

ဝန်ထမ်းများကို အုပ်ချုပ်နေရသည့်အပိုင်းတွင် မိမိဘက်က သိက္ခာနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ထိန်းချုပ်စောင့်စည်းနိုင် ရမည် ဖြစ်သည်။

"ဆရာ့ရဲ့ ဖုန်းနံပါတ်ကိုတော့ သူမှတ်စုစာအုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရေးမှတ်သွားတယ် ဆရာ"

"ဟုတ်လား"

သူ အရမ်းပျော်သွားသည်။

လုံလောက်ပါပြီ။ ဒါလောက်ဆို နိုင်ကြည်ဖြူသည် သူ့ကို စိတ်ဝင်စားမှု ရှိပါသေးသည်။

ဦးလှတူ ပြန်ထွက်သွားတော့ နောက်မှီပေါ် ခေါင်းတင်ပြီး နိုင်ကြည်ဖြူအကြောင်းကို စဉ်းစားနေမိပါ၏။

ပြီးတော့ . . .

ရှုသွပ်ရွာပင် ညစာထမင်းစားပွဲ သွားခါနီးအချိန်ထိ နိုင်ကြည်ဖြူ ဖုန်းဆက်လေမည်လား မျှော်လင့်စိတ်နှင့် သူ စောင့်စားမှုပြုခဲ့သည်။

သို့သော်လည်း ညစာထမင်းစားပွဲသို့ သွားချိန်ထိ နိုင်ကြည်ဖြူထံမှ ဖုန်းရောက်မလာပါချေ။

★ ★ ★



[၁၅]

ညှိသည်တွေ ပြန်သွားပြီး အအေးပုလင်းများကို ဦးလှတူ သိမ်းဆည်းနေဆဲတွင် ဖုန်းသံက မြည်လာသည်။

သူ နောက်မှီပေါ် ခေါင်းတင်ထားရင်းမှ ဖုန်းခွက်ကို လှမ်းယူ၍ နားမှာကပ်လိုက်၏။ ပြောပါဟု စကားဆိုရန် နှုတ်ခမ်းအပြင်တွင် အသံ့ခွက်လေးထဲမှ . . .

"ဖိုးအောင်လား"

"အာ. . . ဟုတ်တယ် လွင်ဦး။ ငါ"

"ငါက သည်အချိန် မင်းရှိမယ်ဆိုတာ အပိုင်တွက်ပြီး ဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တန်းတိုးတာပါ။ ငါက စားပွဲမှာ ထိုင်ချိန်ရှိတာမှ မဟုတ်တာ"

"ဗိုလ်ချုပ်ဈေးက အရောင်းဆိုင်ကို အရင်ဖုန်းဆက်တာ။ မင်း ခုတင်ရုံးခန်းကို ထပြန်သွားတယ်ဆိုလို့ သေချာပေါက် ဖုန်းဆက်တာ"

သူက ပြုံးရင်းနှင့် . . .

"ကိစ္စရှိလို့လား ကောင်ကြီး"

"မရှိပါဘူး။ မင်းရဲ့ နောက်ဆက်တွဲ သတင်းကို ငါ နားစွင့်နေတာ။ ခိုင်ကြည်ဖြူကိစ္စလေ"

"အားပါး-ငါလည်း သိပ်ပြောချင်နေတာ လွင်ဦးရာ။ ခိုင်ကြည်ဖြူ ရောက်လာတယ်"

"ဟုတ်လား"

"ဒါပေမယ့် ငါနဲ့ တွေ့မသွားဘူး"

"ဟာ . . ."

"ဦးလှတူဆီက ဖုန်းနံပါတ် ယူသွားတယ်"

"သေချာပြီပေါ့။ ဖုန်းဆက်တယ်မို့လား"

"ဟေအေး"

"မင်းဟာကလဲ"

ဖုန်းခွက်ထဲမှ လွင်ဦး၏ စိတ်ပျက်သံကို ကြားရသည်။





"ဘာပဲဖြစ်ဖြစ်ကွာ။ မင်းနဲ့ တွေ့ဆုံပြီး ခိုင်ကြည်ဖြူ အကြောင်း ပြောချင်နေတယ်'

"နားထောင်မယ်လေ။ ငါ ညနေ အစည်းအဝေး မရှိဘူး"

"ဒါဖြင့် ငါးနာရီလောက် ငါ လာခဲ့မယ်လွင်ဦး။ မင်း ရုံးခန်းကပဲ စောင့်နေ"

"အိုကေ"

သူ ဖုန်းခွက်ကို ချလိုက်သည်။

ညကလည်း တစ်ညလုံး သူ ခိုင်ကြည်ဖြူအကြောင်းသာ စဉ်းစားနေခဲ့သည်။ အပြင်ထွက်ရင်လည်း ကားမောင်းရင်း ခိုင်ကြည်ဖြူကို ရှာရတာ အမောပါပဲ။

သူ သက်တောင့်သက်သာ ထိုင်နေဆဲမှာပင် ဦးလှတူက သူ့အတွက် နွားနို့ပျစ်ပျစ်တစ်ခွက် လာပို့သည်။ နွားနို့ကို တစ်ငုံမော့သောက်ဆဲမှာပင် ဖုန်းမြည်လာသည်။

နို့ပန်းကန်ကို ချပြီး ဖုန်းခွက်ကို မ,ယူလိုက်၏။

"ပြောပါ။ နန်းထိုက်ရတနာကပါ"

"အသံကို ကျွန်မ မှတ်မိပါတယ်။ ဦးကိုကိုအောင်ပဲ ဖြစ်ပါလိမ့်မယ်"

"ဟာ-မခိုင်ကြည်ဖြူ ဖုန်းဆက်တယ်နော်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာဗျာ"

သူ၏တက်ကြွမှုအသံကို တစ်ဖက်က နိုင်ကြည်ဖြူ သတိထားမိပါလိမ့်မည်။

"ကျွန်မ ဖုန်းဆက်တာ ဦးကိုကိုအောင် ဝမ်းသာရလောက်အောင် အကြောင်းအရာ မပါဘူးထင်တယ်"

"ပါတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က မနိုင်ကြည်ဖြူ ဆက်လာမယ့်ဖုန်းကို အမြဲမျှော်လင့်နေလို့ပါ"

"ကိစ္စများရှိလို့လား"

အင်မတန်ကို ခွကျသည့် အမေးစကား။

ကိစ္စ သိပ်ရှိတာပေါ့ဗျာ ဆိုသည့်စကားကိုတော့ သူ ဘယ်လိုမှ ပြောလို့မဖြစ်။ သူ စဉ်းစားရခက်နေဆဲမှာ ဖုန်းခွက်ထဲမှ ရယ်သံလွင်လွင်ကို ကြားရ၏။

"ဒီလိုလေ။ မနိုင်ကြည်ဖြူ သတိတရနဲ့ အလုပ်တိုက်ကို ဝင်လာတော့ ကျွန်တော်မရှိဘူး မဟုတ်လား။ အဲဒါကိုက အရမ်းအားနာစရာ ကောင်းနေတယ်"

"ချိန်းထားကြတာမှ မဟုတ်ဘဲ ဦးကိုကိုအောင်ရယ်။ ကျွန်မက ကြုံကြိုက်လို့ ဝင်လာတာပဲဟာ။ ဒါကို ဦးကိုကိုအောင်က ကြဖန်အားနာနေတာတိုး"





"ကျွန်တော်နဲ့ မနိုင်ကြည်ဖြူ အသက်ရွယ်တူလောက်ဖြစ်ကြမှာပါ။ ဦးတပ်မခေါ်ပါနဲ့လေ"

"လေးစားမှုပါ။ သည်လိုလုပ်လေ ပိုပြီးရင်းရင်းနှီးနှီးရှိသွားအောင် ကိုကိုအောင်လို့ပဲ ခေါ်ရင် မကောင်းဘူးလား။ နာမည်ကလည်း ကိုကိုအောင်ပဲလေ"

"ကောင်းတာပေါ့"

သူ အားတက်သရော ပြောပြီးမှ ကိုယ့်ကိုယ်ကို ပြန်ရှက်စွာဖြင့် ပြုံးရသည်။

သူ့ရှက်ပြုံးကို နိုင်ကြည်ဖြူကတော့ မြင်တွေ့လိမ့်မည်မဟုတ်။ သူ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည့်အပြုံးကို နိုင်ကြည်ဖြူကို မြင်တွေ့စေချင်ပါသည်။

"မနိုင်ကြည်ဖြူ"

"ပြောလေ"

"ကျွန်တော့် ကုမ္ပဏီရဲ့ အနီးဝန်းကျင်က ဖုန်းဆက်တယ်ဆိုရင် လက်ဖက်ရည်သောက် ဖိတ်ပါရစေဗျာ"

"ကျေးဇူးတင်ပါတယ် ကိုကိုအောင်။ ဒါပေမယ့် လာဖို့ အလှမ်းဝေးပါတယ်။ ကျွန်မ ပါရမီက သူငယ်ချင်းအိမ်က ဖုန်းဆက်တာပါ"

"ဪ. . ."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပျက်သွားတဲ့ လေသံကြီးပါလား ကိုကိုအောင်ရဲ့။ ဒီလိုပြောချင်တယ်ဝလေ။ အသေအချာကြီးတော့မဟုတ်ပါဘူး။ ခု ကျွန်မ သူငယ်ချင်းက ရေချိုးနေတယ်။ နှစ်ယောက်အတူ မြို့ထဲသွားဖို့ အစီအစဉ်ရှိတယ်။ တကယ်လို့ သွားဖြစ်ခဲ့ရင် လက်ဖက်ရည်သောက် ဝင်လာပါ့မယ်"

"ဝမ်းသာလိုက်တာဗျာ"

"ဒါပေမယ့် အရမ်းကြီးတော့ မျှော်လင့်မထားနဲ့နော်။ အကြောင်းကိစ္စအမျိုးမျိုးကြောင့် မဝင်ဖြစ်ခဲ့ရင်လည်း ခွင့်လွှတ်ဖို့ ကြိုတင်တောင်းပန်ထားမယ်။ ဒါပဲနော်။ ကျွန်မ ဖုန်းချလိုက်တော့မယ်"

တစ်ဖက်မှ ဖုန်းချသွားသံကို ကြားသည်။

သူ ဖုန်းခွက်ကို ပြန်တင်လိုက်ရင်း အတွေးတွေက ရှုတ်ချည်းအလုပ်များသွားသည်။

ခိုင်ကြည်ဖြူတို့လာလျှင် တီးစင်တာတစ်ခုခုကို ခေါ်ပြီး ညှော်ခံရမည်လား။ ဒီမှာပဲ ညှော်ဝတ်ပြုရမည်လား။

"အို-ဒီမှာဲညှော်ဝတ်ပြုတာက ခိုင်ကြည်ဖြူကို လေးစားရာရောက်ပါတယ်။ တီးစင်တာတစ်ခုခု သွားဖို့က ခိုင်ကြည်ဖြူ ဝံ့ရဲပ့ါမလား။ ခိုင်ကြည်ဖြူဟာ တည်ငြိမ်





သေသပ်စွာ နေထိုင်တတ်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ငါ သဘောပေါက်ရမယ်"

ဘာပဲဖြစ်ဖြစ် သူ့တစ်ကိုယ်လုံး ပေါ့ပါးလနးဆန်းနေသည်။ ဦးလှတူကို လှမ်းခေါ်ပြီး ဂျေဒိုးနပ်က မုန့်ဝယ်ခိုင်းရသေး၏။

နောက်ပြီး . . .

လက်ဖက်ရည်သောက် ဝင်လာမည်ဆိုတော့ ခိုင်ကြည်ဖြူသည် လက်ဖက်ရည်ကို နှစ်ခြိုက်စွာ သောက်တတ်သူဖြစ်ရမည်။

သည့်အတွက်လည်း သူ စိတ်ကူးထားပြီးသား။

ဦးလှတူက လက်ဖက်ခြောက် အနှပ်ကောင်းသည်။

အားလုံး အဆင်သင့်ဖြစ်တော့ . . .

သူ့ရင်မှာ ဝမ်းပန်းတနည်း ခံစားရပါပြီ။

အဘယ်ကြောင့်ဆိုမူ ခိုင်ကြည်ဖြူ ဖုန်းဆက်ပြီး မိနစ်ပေါင်းမြောက်များစွာသာ ကုန်လွန်သွားသည်။ ခိုင်ကြည်ဖြူ ရောက်မလာပါ။

ဒါကို လွင်ဦးနှင့်အတူ ဝိစကီသောက်တော့ သူ ဝမ်းနည်းကြေကွဲစွာ ပြောပြဖြစ်ပါသေးသည်။

လွင်ဦးက . . .

"အကြောင်းကိစ္စအမျိုးမျိုးကြောင့် မဝင်ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါလို့ သူ ကြိုတင်တောင်းပန်ထားတယ်လေကွာ"

နှစ်သိမ့်စကားဖြစ်သော်လည်း ရင်ထဲမှာ အလိုလိုဆွေးမြေ့လှ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

ဩော် . . . သူ့ဘဝမှာ မိန်းမတစ်ယောက်ကို ပထမဦးဆုံး အကြိမ် ခွင့်လွှတ်ထတ်ခြင်း ဖြစ်ခဲ့ပါ၏။

☆ ☆ ☆



[၁၆]

ပြက္ခဒိန်ရက်များကို သူ မှတ်ထားသည်။ ခိုင်ကြည်ဖြူ ဖုန်းဆက်သည့်နေ့က အစပြုပြီး နောက်ပိုင်းဆက်သွယ်မှု မရရှိတော့သည်မှာ ဆယ်ရက်တိတိပင် ရှိခဲ့ပြီ။

တယ်လီဖုန်းက အသံမြည်တိုင်း ခိုင်ကြည်ဖြူများလားဆိုသည့် အထင်တွေက သူ့စိတ်ကို ပျက်ရယ်စပြုလာ၏။ စိတ်ရဲ့လှုပ်ရှားမှု အားလုံးကို လွင်ဦးနှင့် စကားလက်ဆုံကျတိုင်း ပြောဖြစ်တော့ . . .

"မင်း ခိုင်ကြည်ဖြူကို စွဲလန်းနေပြီ"

ဆိုသည့် စကားကို ပြောသည်။

"အချစ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မဝ့်မရဲ မေးသည့်အခါ လွင်ဦးက ဟက်ဟက်ပက်ပက် ရယ်ပြီး . . .

"ယောကျ်ား တစ်ယောက်က မိန်းမ တစ်ယောက်ကို မြတ်နိုးစိတ်နဲ့စွဲလန်းတယ်ဆိုတာ အချစ်ပေါ့ ဖိုးအောင်ရာ။ မင်း နိုင်ကြည်ဖြူကို ချစ်နေတယ်ဆိုတာ ငါကို နိုင်ကြည်ဖြူအကြောင်း စပြောတဲ့ နေ့ကတည်းက ငါ သိတယ်"

လွင်ဦး သည်လိုပြောခဲ့တုန်းက သူ့မျက်နှာ ရှက်ရဲရဲဖြစ်ခဲ့ရသည်ကိုတော့ ကိုယ့်ကိုယ်ကို သိ၏။ စကားကိုလည်း သူ ဘာမှပြန်ဆန်ခြင်းမပြုခဲ့။

နိုင်ကြည်ဖြူကို တွေ့ဆုံသည့်နေ့ကစပြီး အချစ်အကြောင်းကို သူ သိမ်သိမ်မွေ့မွေ့ စဉ်းစားခဲ့သည်။ သို့သော်လည်း သူ့ရင်မှာ စိုးရိမ်ပူပန်မှုတော့ ရှိခဲ့၏။ ဒါကလည်း လွင်ဦးပြောသည့် စကားအပေါ်မှာ အခြေတည်ပြီး ဖြစ်ပေါ်လာရသည့် ပူပန်မှု။

တခြားတော့မဟုတ်။

နိုင်ကြည်ဖြူသည် လွတ်လပ်သူလား။ အနှောင်အဖွဲ့ရှိပြီးသားလား။

"ငါ့ မိတ်ဆွေတစ်ယောက်ရဲ့ အဖြစ်ကို ပြောပြမယ်။ အသက်သုံးဆယ်ကျော်တန်းဆိုတော့ မင်းလို လူပျိုကြီး





စာရင်းဝင်ပေါ့။ တစ်နေ့ မမျှော်လင့်ဘဲ တေးမတစ်ယောက်နဲ့ တွေ့တယ်။ ရင်းနှီးခင်မင်ပြီး ချစ်သူအဆင့်ရောက်သွားကြတာပေါ့ကွာ။ ချစ်ကြ ကြင်ကြလို့ ချစ်သူသက်တမ်း ခြောက်လတောင် မပြည့်သေးဘူး။ ရှုံးကို အမျိုးသားကြီးတစ်ယောက် လိုက်လာတယ်။"

"ဘယ်သူလဲ"

"အမျိုးသမီးရဲ့ ယောကျ်ားကြီးပေါ့ကွ။ အထက် တက်တိုင်မယ် ဘာမယ်လုပ်လို့ တို့မနည်းရှင်းပေးခဲ့ရတယ်။ ငါ့ရဲဘော်လည်း အရှုးတစ်ပိုင်း ဖြစ်လုနီးပါးကို ခံစားသွားရတာ။ ခံစားရတာက အရေးမကြီးဘူး။ ဝိတ်ဖမ်းပြီး မယားခိုးမှုနဲ့ စွဲမှ အကျိုးနည်းရမှာ"

"နိုင်ကြည်ဖြူ အဲသလို အစားထဲက မဟုတ်ဘူး"

"ဒါကတော့ မင်းလည်းမသိဘူး။ ငါလည်း မသိဘူး။ သူ ဘယ်မှာနေတယ်ဆိုတာ သိရရင်တော့ အကောင်းဆုံးပေါ့ကွာ။ စိုးရိမ်ဖွယ် ကိစ္စရပ်လေးတွေကို ကြိုတင်စုံစမ်းထားနိုင်တာပေါ့"

လွင်ဦး သည်လို ပြောခဲ့သည်။

ဒါကလည်း သူ့ဘက်က ရပ်တည်ပြီး ပြောလာသည့် စေတနာစကား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူ နိုင်ကြည်ဖြူကို ယုံကြည်ပါသည်။ သည်လို သိက္ခာမျက်နှာရှုပ်မျိုးသည် မလွတ်လပ်သူဖြစ်ခဲ့လျှင် ခနိုးကြုံကြိုက်လည်း သူမသည် သူ့ထံ ဝင်လာစရာအကြောင်းမရှိ။ ဖုန်းနှင့်လည်း သူ ရောက်ခဲ့သည်ကို အသိပေးစရာမလို။

ပြီးတော့ . . .

အပျိုတစ်ယောက်၏ ဟန်ပန်နှင့် အပြုံး။

မျက်နှာ၏တည်ကြည်မှုကလည်း သူမ၏သိက္ခာတရားကို ပေါ်လွင်ပါသည်။

အိပ်ရာမှာ လဲလျောင်းရင်း နိုင်ကြည်ဖြူနှင့် ပတ်သက်သည့် အတွေးတွေက ဝဲလည်လှည့်နေ၏။ သူ့ကို ဖမ်းစားနိုင်စွမ်းသော မိန်းမ၊ ညှို့မျက်လုံးတွေနဲ့လည်း နိုင်ကြည်ဖြူ သူ့အပေါ် မကစားခဲ့ပါဘူး။ အကျင့်သိက္ခာလုံခြုံစွာနှင့်ပင် ဆုံဆည်းသည့်အချိန်ကလေးမှာ နိုင်ကြည်ဖြူက သူ့ကို ရင်းနှီးမှုပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

သူတစ်ယောက်တည်း ပြုံးရင်း စားပွဲပေါ်မှ ရွှေရောင်လေး ယောင့်နာရီလေးကို လှမ်းကြည့်လိုက်သည်။ အချိန်က သူအိပ်စက်အနားယူသင့်သည့်အချိန်။ သို့သော်လည်း သူ့မျက်လုံးတွေ ကြောင်နေသည်။

သည်မှာ တံခါးခေါက်သံဖွဖွကို သူ ကြားရ၏။

တစ်ဆက်တည်းပင် အသံထွက်ပေါ်လာသည်။





"ကိုကိုကြီး . . . ကိုကိုကြီး အိပ်ပြီလားမသိဘူး"

"မအိပ်သေးဘူး။ အေးတင်လား"

"ဟုတ်ကဲ့"

"ဘာကိစ္စလဲ"

"မေမေကြီးက ကိုကိုကြီး မအိပ်သေးဘူးဆိုရင် ကော်ဖီ သောက်ကြရအောင်တဲ့"

"အေး . . . အေး . . . ငါ ဆင်းလာခဲ့မယ်"

သူ အိပ်ရာမှ လူးလဲထလိုက်သည်။

ညအိပ်ဝတ်အကျႌ၏ ခါးကြိုးကို မလျော့မတင်း ဆွဲချည်ပြီး အောက်ထပ်သို့ ဆင်းခဲ့၏။ ထမင်းစားခန်းမှာ ကော်ဖီနှစ်ခွက်ဖျော်ပြီး မေမေ သူ့ကို စောင့်နေသည်။ ပြီး နို့ပူတင်းကိုလည်း အချိုလျှော့ပြီး မေမေ ပြင်ဆင်ထား၏။

"တို့သားအမိနှစ်ယောက် ညနေစာကို အတူမစားကြတာ ဘယ်လောက်ကြာပြီလဲ"

"ညစ်ခံပွဲ မိတ်ဆက်ပွဲတွေ ဆုံနေလို့ပါ မေမေ"

"ဒါကြောင့် ကော်ဖီသောက် ခေါ်နိုင်းရတာ။ သားကြီး အိပ်ပျော်နေသလားလို့လည်း စိုးစမ်းခိုင်းရသေးတယ်။ ဒါပေမယ့် ခုတလော သားကြီး တော်တော်နဲ့ အိပ်မပျော်ဖြစ်နေတယ်ဆိုတာ မေမေသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်မလုံခြုံ ဖြစ်သွားရသည်။

သူ အိပ်မပျော်တာကို မေမေ သိနေပါလား။

ညဘက် သူ့အိပ်ခန်းတံခါးနားကပ်ပြီး နားထောင်ရင်တော့ သူ၏သက်ပြင်းချသံများကို မေမေ ကြားသိလိမ့်မည်။ သည်အပေါ်မှာ မူတည်ပြီး သူ၏ အိပ်မပျော်မှုကို မေမေ သုံးသပ်ခြင်းသာ ဖြစ်သည်။

"စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အတွက် ညကို အပြည့်အဝ အိပ်စက်အနားယူလို့ ဖြစ်တာမှမဟုတ်ပဲ မေမေရယ်။ တစ်နေ့တာ လုပ်ငန်းကိစ္စတွေကို ညအိပ်ရာပေါ် ရောက်မှ စဉ်းစားရတာ"

"လောဘမကြီးပါနဲ့လို့ မေမေ ခဏခဏ ပြောတယ်နော်"

သည်စကားကို မေမေက ရယ်ရယ်ပြုံးပြုံးနှင့် ပြောသည်။

"လောဘရယ်လို့တော့ မဟုတ်ပါဘူး။ အလုပ်လုပ်တဲ့သူမှာ အလုပ်ကိစ္စကလွဲပြီး ဘာစဉ်းစားစရာ ရှိလို့လဲ မေမေရဲ့"

မေမေ ပိုမိုပြုံးသည့်အပြုံးကို သူမျက်နှာမထားတတ်။ ခိုင်ကြည်ဖြူနှင့် ပတ်သက်သည့် စဉ်းစားမှုကိုတော့ သူ မေမေ့ကို ဘယ်လိုမှ ဖွင့်ပြောလို့မဖြစ်။ ပြောဖြစ်ခဲ့ရင် 'ငါ့သားကြီး ဒီလောက်စုံမက်နေ





တာ၊ မေမေ ဘာဖြစ်လို့မကြားဆောင်နိုင်ရမှာလဲ။ ကဲ-ပြော ဘယ်သူ့သားသမီးလဲ' ဟု မေးလား မြန်းလားပြုလာမှ သူ ဘေးကျပ်နံကျပ်ဖြစ်ရမည့်ကိစ္စ။

သို့သော်လည်း ခိုင်ကြည်ဖြူနှင့် ပတ်သတ်မှုကိုတော့ အိပ်မက်ကလေးတစ်ခုလို သူ သဘောထားလို့မရ။ မျှော်လင့်ချက်နှင့် ယုံကြည်ချက်များသည် သူ့ရင်မှာ ပြည့်ဝသိပ်သည်းစွာ ရှိနေခဲ့သည်။

ကော်ဖီသောက်ရင်း မေမေ့မျက်နှာ လှမ်းအကြည့်မှာ . . .

"နေ့လည်က ဒေါ်ခင်ဆွေလွင် မေမေ့ဆီ ရောက်လာတယ်"

အန်ကယ် ဗိုလ်မှူးကြီးမင်းညို၏ ဇနီး အန်တီလွင်ကို မျက်စိမှာ ပြေးမြင်၏။ အန်တီလွင်တို့က မိဘဘိုးဘွားစဉ်ဆက် ချမ်းသာကြသူများ ဖြစ်သည်။

"လက်ကောက်ကို နှစ်ဆယ်နဲ့ အတင်းဆစ်နေတယ်"

"ဟာ-တလောက မိုးမိတ်က အန်တီမမ နှစ်ဆယ့်နှစ်ပေးတာတောင် မရောင်းတဲ့ဟာ"

မေမေ သူ့မျက်နှာကို ကြည့်ပြီး တွေသွား၏။

လက်ကောက်က စိန်လက်ကောက်။ စိန်ရည်စိန်သွေးက ပြောစရာမရှိ။ တော်ရုံတန်ရုံဈေးနှင့် မလွှတ်နိုင်။

"ခင်ဆွေလွင်က မေမေ့သူငယ်ချင်းလေ သားကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ပေးချင်လို့လား"

"မေမေ့ကို ကူညီခဲ့တာတွေ အများကြီးရှိတယ်"

"ဒါဆိုလည်း မေမေ့သဘောပါ"

မေမေ့မျက်နှာ ဝင်းလက်သွား၏။

"ပြောရဦးမယ်"

သူ ကော်ဖီပန်းကန်ကို ချပြီး ပူတင်းကို ဇွန်းနှင့် ခပ်စားလိုက်သည်။ မေမေ ဆက်လာမည့်စကားကိုတော့ နားစွင့်ထား၏။

"ဟိုဘက်ခြံက တိုက်ကို အိမ်ရှင်တွေ ပြောင်းလာကြတယ်"

"ဟုတ်လား။ ဘယ်တုန်းကလဲ မေမေ"

"သည်နေ့ နေ့လည်ပိုင်းကပဲ"

"ကျွန်တော်တော့ အလုပ်မှာ စိတ်နစ်နေလို့ ပတ်ဝန်းကျင်ရဲ့ အပြောင်းအလဲကို သတိမထားမိပါဘူး မေမေ။ အန်ကယ်ဝေလ ပြောင်းသွားပြီးကတည်းက မနက်ဘက် ကုမ္ပဏီသွားရင်တောင် အဲဒီခြံကြီးကို လှည့်မကြည့်မိပါဘူး"

"မေမေ့ကို လာမိတ်ဖွဲ့တယ်။ ဒေါ်ခင်မေကြည်တဲ့။ စကားပြောရိုးသားပြီး အရမ်းယဉ်ကျေးသိမ်မွေ့တာပဲ"

သူ ငြိမ်ပြီး နားထောင်နေလိုက်၏။





မိတ်ဖွဲ့လာသည့် ဧည့်သည်ကို မေမေ မည်မျှဧည့်ဝတ်ကျေပွန်မည်ကို အထူးစဉ်းစားစရာမလို။ မေမေသည် လူမှုရေး အလွန်သိတတ်သော မိခင်ကောင်းတစ်ယောက်လည်း ဖြစ်ပါ၏။

"မေမေတို့လိုပဲ မိသားစုနည်းပါတယ်။ ဒေါ်ခင်မေကြည် အမျိုးသားကလည်း ဖော်ဖော်ရွေရွေပဲ သားကြီးရဲ့။ ဆည်မြောင်းဌာနက ပင်စင်သွားပေမယ့် ငွေကြေးကြွယ်ဝတဲ့လူတန်းစားထဲကပဲ။ မေမေတို့လိုပေါ့။ မိဘမျိုးရိုးစဉ်ဆက် ချမ်းသာကြတာ"

"ချမ်းသာတယ်ဆိုတာကတော့ သေချာတာပေါ့မေမေ၊ ဒါကြောင့်လည်း အန်ကယ်ဝေလ ခြံကြီးကို သိန်းထောင်နဲ့ချီပြီး ဝယ်နိုင်တာပေါ့"

မေမေ ဟိုဖက်ခြံနှင့် ပတ်သက်ပြီး စကားမဆက်။ သူလည်း မေမေ ပြောတာထက် ပိုပြီးစိတ်မဝင်စား။

သည့်နောက် သားအမိနှစ်ယောက် ရောက်တတ်ရာရာ စကားပြောဖြစ်ကြသည်။

ညဉ့်အတော်နက်မှ 'မေမေ နက်ဖြန်စိန်ထည်ကို ပေးလိုက်မယ်နော်' ဆိုသည့် စကားအပိတ်နှင့် အိပ်ရာဝင်ခဲ့ကြသည်။

အိပ်ရာပေါ် လဲလျောင်းတော့လည်း သူ တော်တော်နှင့် အိပ်မပျော်။



www.burmeseclassic.com

www.burmeseclassic.com



တွေးမိသမျှမှာ နိုင်ကြည်ဖြူက နေရာတော်တော်များများ ယူထားသည်။

ဩော် . . . အချစ်ဆိုတာကို

နိုင်ကြည်ဖြူတော့ ဘယ်လိုနားလည်မည်မသိ။

သူကတော့ ရေးတေးတေးလေး ရှိလာပါပြီ။

☆ ☆ ☆



[၁၇]

BURMESE CLASSIC .com

ကြာတော့ အစည်းအဝေးဆိုသည်ကို သူ တော်တော်စိတ်ပျက်သွား၏။ ရှယ်ယာလုပ်ငန်းများနှင့် ပတ်သက်ပြီး နှစ်ပြည့်လျှင် ပြန်လည်လွှဲပြောင်းမည်ဟု စဉ်းစားနေဆဲမှာ ဖုန်းခွက်မှ ဖုန်းသံမြည်လာသည်။

ဦးလှတူ ဖျော်ပေးထားသည့် နွားနို့ပျစ်ပျစ်ကို မသောက်နိုင်သေးဘဲ ဖုန်းခွက်ကို မ,ယူလိုက်၏။

"နန်းထိုက်ရတနာကပါ"

"ကိုကိုအောင်လား"

"ဟာ-မနိုင်ကြည်ဖြူ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစိတ်တွေက တရှိန်ရှိန်ပြေးတက်လာ၏။

ကံကောင်းလွန်းလို့ပါပဲ။

သူ ဗိုလ်ချုပ်ဈေးအရောင်းဆိုင်ဘက် သွားရန် စိတ်ကူးနေသေးသည်။

ဦးလှတူက အနားယူပါဦး ဆရာ ဆိုသဖြင့် သူ ဖျော်ပေးမည့် နွားနို့ပျစ်ပျစ်ကို ထိုင်စောင့်နေခြင်းလည်း ဖြစ်၏။

"အသံကို မှတ်မိတယ်နော်"

"မနိုင်ကြည်ဖြူလဲ ကျွန်တော့်အသံကို မှတ်မိနေတာပဲ မဟုတ်လား"

ဖုန်းခွက်ထဲမှ ရယ်သံကို ချိုချိုလေးကြားရ၏။

"ကျွန်တော် မျှော်လင့်ခဲ့တယ်ဗျာ"

"ဘာကိုလဲ ကိုကိုအောင်"

"ရက်ကိုတွက်ရင် ဆယ့်တစ်ရက် ကြာခဲ့ပါပြီ။ ဖုန်းထဲကနေ ရောက်လာမယ်ဆိုလို့ ကျွန်တော် နေ့ဝင်ချိန်ထိတောင် စောင့်နေလိုက်တယ်"

"ဆောရီးပဲ ကိုကိုအောင်ရယ်။ အရေးကိစ္စတစ်ခု ပေါ်လို့ သူငယ်ချင်းနဲ့ အားချင်း ခရီးထွက်သွားရတယ်"

"ခု ပြန်ရောက်နေပြီပေါ့နော်"

"မရောက်ဘူး။ ခု မန္တလေးက ကားနဲ့ ပြန်ဆင်းလာ





တာ။ ခရီးလမ်းတစ်ဝက်အရောက်မှာ ကိုကိုအောင်ကို သတိတရ ရှိလာလို့ ဖုန်းဆက်လိုက်တာ"

"သတိရတယ် ဟုတ်လား။ ကျွန်တော်လဲ မနိုင်ကြည်ဖြူလို့ပဲဆိုရင် ယုံမလားမသိဘူး"

တစ်ဖက်မှ အသံတိတ်သွားသည်။

သက်ပြင်းချသံကိုလည်း တိုးညှင်းစွာ ကြားရ၏။

နိုင်ကြည်ဖြူ ရင်များခုန်နေမလား။

သည်စကားသည် နှလုံးသားနှင့် ဆက်နွယ်မှုရှိမည်ကို နိုင်ကြည်ဖြူ သဘောပေါက်ပါလိမ့်မည်။

"ကိုကိုအောင်"

သူမအသံ အနည်းငယ်တုန်နေသည်ဟု ထင်၏။

"ပြောလေ မနိုင်ကြည်ဖြူ"

"ကျွန်မတို့ ဒီည ပြန်ရောက်မှာပါ။ ခရီးလည်း နည်းနည်းပန်းနေတယ်"

"ကားနဲ့ဆိုတော့ ပင်ပန်းတာပေါ့"

"လမ်းမှာ သူငယ်ချင်းနဲ့ တစ်ယောက်တစ်လှည့်မောင်းကြတာပါ"

"ဒရိုင်ဘာ မပါဘူးလား"

"မိန်းကလေးသုံးယောက်တည်း"

www.burmeseclassic.com



"ပူပန်လိုက်တာဗျာ။ အကူအညီတောင်းရင် အခမဲ့ ဒရိုင်ဘာ လိုက်လုပ်ပေးမှာပါ"

"စဉ်းစားသေးတယ်။ ဒါပေမယ့် ကိုကိုအောင်က ကုမ္ပဏီလုပ်ငန်းတွေနဲ့ အားလပ်မှာမှ မဟုတ်တာ။ ကိုယ့်အတွက်ကြောင့် တစ်ဖက်လူ အလုပ်ပျက်အကိုင် ပျက်ဖြစ်မှာ စိုးရိမ်တယ်"

သူ ဖုန်းခွက်ကို အသာချပြီး ပင့်သက်ရှည်ကြီး ချလိုက်၏။

သူမ၏ စိုးရိမ်မှုက သူ့အတွက် အခွင့်အရေးကြီးတစ်ခု လက်လွှတ် အဆုံးခံလိုက်ရတာပါပဲ။

"ခရီးလမ်းမှာ ဘာအခက်အခဲမှ မရှိပါဘူး"

"ကျွန်တော်က ပူပန်တတ်လို့ပါ"

"ဒိုင်ယာရီမှာ ရေးထားလိုက်မယ်"

ပြောပြီး သူမက ရယ်၏။

"ကဲ - ဖုန်းချလိုက်တော့မယ်နော်။ နှစ်ရက် သုံးရက် အတွင်း ကျွန်မ ကိုကိုအောင်ဆီ လက်ဖက်ရည် လာသောက်ပါ့မယ်"

ပြောပြီး ခိုင်ကြည်ဖြူ ဖုန်းချသွားသည်။

ရင်မှာ လှပ်ဟာသွားသော်လည်း ဖြေလို့တော့ရပါသည်။

ခိုင်ကြည်ဖြူ သည်နေ့ ရန်ကုန်ကို ပြန်ရောက်မည်ပဲ။

မြတ်မြတ်ချောစာပေ



နက်ဖြန်ခါတွေဟာ သူ့အတွက် အဓိပ္ပါယ်မဲ့တာမှမဟုတ်။

လာမည့်ရက်ကို အသေအချာတွက်လို့ မရသော်လည်း သည် နှစ်ရက်သုံးရက်မှာတော့ သူမအတွက် လက်ဖက်ခြောက်ကို ကောင်း ကောင်းနှပ်ထားရပါမည်။

☆ ☆ ☆

မြတ်မြတ်ချောစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# [၁၈]

နေ့လည်က ခင်မေကြည်တောင် လက်ဖက်ရည်သောက်ရောက်လာသည့်ဆိုသည့် မေမေ့စကားကို နားမှာ စိမ်းသလိုဖြစ်သဖြင့်. . .

"ဘယ်က ခင်မေကြည်လဲ မေမေ"

"အင်း-သားကြီးကတော့ ကိုယ့်လုပ်ငန်းကိစ္စက လွဲပြီး ပတ်ဝန်းကျင်ကို ဘာမှ မလေ့လာတော့ပါလား။ မင်းအန်ကယ်ဝေလုရဲ့ ခြံနဲ့ တိုက်ကို ဝယ်လိုက်တဲ့သူတွေလေ။ သားကြီးကို မေမေ ပြောပြခဲ့ပါတယ်"

တစ်ထောင်တန်အုပ်များကို ဂဏန်းပေါင်းစက်ဖြင့် ရေတွက်ရင်း 'ဪ' ဟုသာ ဆိုဖြစ်သည်။ တကယ်တော့ မေမေပြောသလို သူ ပတ်ဝန်းကျင်ကို သတိမထားဖြစ်ခဲ့တာ အမှန်ပါပဲ။





"ဒေါ်ခင်မေကြည်က ရင်းရင်းနှီးနှီးနေတတ်တာ။ မေမေက လက်ဖက်ရည်ကြိုက်တာ မမရဲ့ဆိုလို့ လက်ဖက်ခြောက်ကို အသေအချာနှပ်ပြီး ဖျော်တိုက်လိုက်တာ။ သဘောကျလွန်းလေ"

"သူက မေမေ့ကို မမလို့ ခေါ်တယ် ဟုတ်လား"

"အေးပေါ့။ ခင်မေကြည်က မေမေ့ထက် သုံးနှစ်လောက် ငယ်တယ်"

ဒေါ်ခင်မေကြည်ကို သူ တစ်ခါမှ မမြင်ဘူး။ မေမေ့စကားများကို ထောက်ထားပြီး မေမေနှင့် ဒေါ်ခင်မေကြည် အရမ်းရင်းနှီးခင်မင်နေပြီကို စိတ်က သိလိုက်၏။

"မေမေတောင် လက်ဖက်ရည် စွဲနေပြီ"

"မြန်လိုက်တာ"

"နေ့လည်ဘက်တွေ မေမေနဲ့ ခင်မေကြည် ကားတစ်စီးနဲ့ နာမည်ကြီး လက်ဖက်ရည်ဆိုင်တွေ ရှာသောက်သေးတာ"

သည်တစ်ခါတော့ သူ ပြုံးသည်။

ဒေါ်ခင်မေကြည် အိမ်နီးချင်းဖြစ်လာသည့်အတွက် မေမေ၏ ကျန်ဆန်သောဘဝမှာ ပျင်းရိခြောက်သွေ့မှု နည်းပါးလာနိုင်



www.burmeseclassic.com

www.burmeseclassic.com



သူက စစ်ဆေးပြီး ငွေထုပ်များကို မေမေ့ကို လှမ်းပေးသည်။ မေမေက ငွေများကို မီးခံသေတ္တာထဲ ထည့်၏။

မေမေ အိပ်ခန်းထဲက ပြန်ထွက်လာတော့ စကားအသစ်တစ်ခု ထပ်ပြောလာပြန်သည်။

"ခင်မေကြည်မှာ အင်မတန်လိမ္မာရေးခြားရှိတဲ့ သမီးလေးတစ်ယောက်ရှိတယ် သားကြီးရဲ့။ ဓါတ်ပုံကို ပြတယ် တကယ့်အချောအလှလေးပဲ"

စာရင်းများကို စစ်ဆေးနေရာမှ မေမေ့ကို မော့မကြည့်ဖြစ်။ နောက်ပြီး မေမေပြောသည့် စကားကိုလည်း ဘယ်လိုမှ စိတ်ဝင်စားလို့ မရ။

"သူတို့မှာ သားသမီးက ရှားရှားပါးပါးပါပဲ။ သမီးတစ်ယောက်တည်း ရှိတယ်။ ဒီည ခရီးကပြန်လာမှာတဲ့။ နက်ဖြန် မမနဲ့ သမီးကို မိတ်ဆက်ပေးမယ်တဲ့"

"ဒါနဲ့ မေမေ။ အန်တီခင်ခင်လှ ယူသွားတဲ့ နီလာပွင့်တွေ ငွေရှင်းပြီးသွားပြီလား"

"ရှင်းသွားပြီလေ။ ငွေတွေ ပေါင်းလိုက်မလို့လား။ သားကြီး နက်ဖြန် ဘဏ်ကို သွားမယ်မဟုတ်လား"

သူ ခေါင်းညိတ်ပြသည်။

ဝင်ငွေ ထွက်ငွေများကို ယာယီစာရင်း ပြုလုပ်ပြီးသောအ





သူနှင့် မေမေ ကော်ဖီသောက်ကြသည်။

အိပ်ရာဝင်တော့ ညက သန်းခေါင်မကျော်သေး။

အိပ်ချင်စိတ် မရှိသေးသဖြင့် ဒရင်းဘက်ကို ဖြန့်၍ မဂ္ဂဇင်းစာအုပ်ကို ဖတ်နေဖြစ်သည်။

စာအုပ်ဖတ်နေဆဲမှာ တစ်ဖက်ခြံမှ အသံဗလံများက သူ့နားဆီသို့ ရောက်လာ၏။

မမကြီး ပြန်လာပြီဆိုသည့် အိမ်ဖော်ကောင်မလေး တွေ၏ ဝမ်းသာအားရ အော်သံများကိုလည်း ကြားရသည်။

သူ ဒရင်းဘက်ပေါ်မှ အသာထပြီး ပြတင်းပေါက်မှ လှမ်းကြည့်လိုက်၏။

အရိပ်တွေကို ဝေဝေဝါးဝါး တွေ့ရသည်။

မေမေပြောသည့် ဒေါ်ခင်မေကြည်၏ သမီးဆိုသည့် ကောင်မလေး ပြန်ရောက်လာပြီ ထင်ပါရဲ့။

သည့်ထက်ပိုပြီးတော့ သူ အာရုံမစိုက်ခဲ့မိချေ။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

# [၁၉]

ခပ်စိမ့်စိမ့်ကလေး တိုက်ခတ်လာသည့် နံနက်ဦး လေကို [illegible]
အားရစွာ ရှူရှိုက်လိုက်သည်။

သည်နေ့နံနက်ပိုင်းမှာ သူ့အတွက် အလုပ်ကိစ္စကြီးကြီးမား[illegible]
မရှိ။ ဘဏ်ဖွင့်ချိန်မှသာ ဘဏ်ကိုတန်းသွားပြီး ကုမ္ပဏီကို ဝင်မည်[illegible]

သူ ခြံထဲဆင်းလျှောက်တော့ ခြံစောင့်ကြီး ဦးဘိုးလုံက အ[illegible]
အဆန်းလုပ်ပြီး ကြည့်သည်။

"ဆရာ သည်နေ့ အလုပ်အားတယ်ထင်တယ်"

"မနက်ပိုင်း အားလပ်နေတယ် ဦးဘိုးလုံ၊ အင်း-ခြံထဲ လျှောက်မကြည့် ဖြစ်တာ ကြာပြီပဲ။ နှင်းဆီတွေက [illegible]





အရောင်သွေးစုံပါပဲလား"

"အေးမိနဲ့ အေးတင် လုပ်နေကြတာပဲ"

"ဟုတ်လား။ အေးတင်ကို ခဏခေါ်လိုက်စမ်းပါ ဦးဘိုးလုံ၊ ကတ်ကြေးလည်း ယူလာခဲ့လို့"

ဦးဘိုးလုံ ဆင်ဝင်အောက်သို့ လျှောက်သွားပြီး အေးတင်ကို အော်ခေါ်နေသည့်အသံ သူ ကြား၏။

မကြာမီ ကတ်ကြေးတစ်လက်နှင့် အေးတင် ရောက်လာသည်။

"ကိုကိုကြီး ခေါ်တယ်ဆို"

"အေး-ညကပွင့်တဲ့ နှင်းဆီပွင့်ကြီးတွေ စွင့်နေတာပဲ၊ မေမေ ဘုရားတင်နိုင်အောင် နင့်ကို ကတ်ကြေးနဲ့ ကိုက်ခိုင်းမလို့"

"ဟို တန်းခုံပေါ်က အပွင့်ကြီးတွေက ပိုလှတယ် ကိုကိုကြီး"

အေးတင်က နှင်းဆီပွင့်များကို ကတ်ကြေးနှင့် ကိုက်ရန်ပြင်သည်။

"ဟဲ့ . ဟဲ့ . နေဦး။ ပန်းအိုးဘေးမှာ ကြည့်စမ်း။ ခရု ကြားနှစ်ကောင်။ ကောက်ပြီး လွှင့်ပစ်လိုက်၊ လွှင့်ပစ်လိုက်"

အေးတင်ကလည်း လက်မြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမဆုံးခင် ခရုကြားနှစ်ကောင်ကို ဆတ်ခနဲကောက်ပြီး လွှင့်ပစ်သည်။

"ဟာ-ဒီကောင်မလေး။ သူများခြံထဲကို ဘာလို့လွှင့်ပစ်ရတာလဲ"

စကားမဆုံးသေးပါ။

တစ်ဖက်ခြံမှ အသံက နားဆီသို့ ပြေးလွှားရောက်ရှိလာပါ၏။

"ခရုတွေ ဘယ်သူပစ်တာလဲ။ ဒီမှာ လူကိုလာမှန်တယ်"

"တွေ့လား။ နင်လုပ်ပုံ ဟုတ်ကိုမဟုတ်ဘူး အေးတင်။ စောစောစီးစီး စကားကများရဦးမယ်"

အေးတင်က မျက်စေ့ပျက် မျက်နှာပျက်။ သူက ရင်တထိတ်ထိတ်နှင့် စည်းရိုးကိုကျော်ပြီး တစ်ဖက်ခြံသို့ ငုံ့အကြည့်မှာ . . .

"ဟာ-မခိုင်ကြည်ဖြူ"

"ဟင်-ကိုကိုအောင်"

အံ့သြမှုတွေ ရင်မှာ ကိုယ်စီရှိကြပါလိမ့်မည်။

မျက်ဝန်းနှစ်စုံ၏ ဆုံဆည်းမှုသည် စက္ကန့်ပိုင်းမျှ ကြာညောင်းသွားပါသည်။

စကားများက နှုတ်ဖျားက မထွက်ဖြစ်နိုင်သေး။

အံ့အားသင့်မှုများ နောက်ဝယ် အပြုံးများ ဖိတ်ကျလာသည်။

သူမ၏နှုတ်ခမ်း ထောင့်စွန်းကလေး တွန့်အလှုပ်မှာ သူက . .



"မမျှော်လင့်ဘူး မခိုင်ကြည်ဖြူရယ်။ လုံးဝကို မမျှော်လင့်မထားတဲ့ ဖြစ်ရပ်ပါပဲ"

"အိပ်မက်မဟုတ်တာတော့ သေချာပါတယ် ကိုကိုအောင်"

"အရမ်းကို သေချာတာပေါ့။ ညက မေမေနဲ့ ကော်ဖီသောက်ရင်း စကားပြောဖြစ်ပါတယ်။ အန်တီခင်မေကြည် အကြောင်း ပြောရင်း ခရီးထွက်နေတဲ့ သမီးတစ်ယောက်အကြောင်းပြောတယ်။ တကယ်ဗျာ။ ဆက်စပ်တွေးခေါ် အား ကျွန်တော် အရမ်းနည်းခဲ့ပါတယ်"

"မေမေက ကျွန်မ ခရီးရောက်မဆိုက်ကို ပြောပြပါတယ်။ အန်တီတင်မာချို့ရဲ့ အမည်က ချက်ချင်းကို ရင်းနှီးသွားပါတယ်။ ဒါပေမယ့် ကိုကိုအောင် ဆိုတဲ့ အမည် အစွန်အဖျားလေးတောင် မပါတော့ ကျွန်မ ဘယ်လိုမှ ထင်မထားခဲ့ဘူးပေါ့"

"မေမေကလည်း ခိုင်ကြည်ဖြူဆိုတဲ့ အမည်ကို ထည့်မပြောဘူးလေ။ ကောင်းပါတယ်။ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့အားတသင့်နဲ့ ဆုံဆည်းကြတာ ပျော်စရာအရမ်းကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြည်ဖြူ တောက်တောက်ပပ ပြုံးနေဆဲမှာ မေမေ အနား
သို့ ရောက်လာသည်။

"သမီးလေးက . . ."

"ဒေါ်ခင်မေကြည်ရဲ့ သမီးပါ အန်တီ"

"နိုင်ကြည်ဖြူ ထင်တယ်"

"ဟုတ်ကဲ့ရှင့်"

"နံနက်ခင်းမှာ တွေ့ဆုံခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ
ကွယ်။ သားနဲ့သမီးက ဒီကို ပြောင်းမလာခင်ကတည်း
က ရင်းနှီးသိကျွမ်းနေကြတာလား"

"ဟုတ်ကဲ့ရှင့်"

"သမီးက ဟုတ်ကဲ့ရှင့် ဆိုလို့သာ အန်တီက အတည်ပြု
လက်ခံလိုက်ရတယ်။ သားကြီးမှာ ဒီလို ချောမောလှပ
တဲ့ မိန်းကလေးအသိအကျွမ်း ရှိခဲ့တယ်ဆိုတာ တစ်ခါ
မှ မကြားဘူး၊ မကြုံဖူးပါဘူး သမီးရယ်"

မေမေ့စကားကြောင့် နိုင်ကြည်ဖြူ မျက်နှာမှာ ရှက်ရိပ်တွေ
ဝေသွားသည်။

သူ နိုင်ကြည်ဖြူကို အားနာစွာ ကြည့်မိ၏။

ဘာပဲဖြစ်ဖြစ် . . .





သည်နေ့သည် သူ့ဘဝအတွက် မမေ့ရက်နိုင်သော နေ့တစ်နေ့
ဖြစ်ခဲ့ရပါသည်။

☆ ☆ ☆


www.burmeseclassic.com

www.burmeseclassic.com

# [၂၀]

"ဟာ. . . ဖိုးအောင်"

စားပွဲမှာ စာရွက်စာတမ်းများ လက်မှတ်ရေးထိုးရင်း မော့အကြည့်မှာ သူ့ကိုမြင်တော့ လွင်ဦး တအံ့တဩဖြစ်သွား၏။

"မမျှော်လင့်ဘူးကွာ။ မင်းက လာမယ်ဆိုရင် ဖုန်းအရင်ကြိုဆက်တာမို့လား"

"ရှစ်မိုင်ကပြန်လာတာ မင်းဆီကို သီးသန့်ဝင်လာတာ"

"ပြောစရာစကားတွေ ပါလာပြီထင်တယ်။ ထိုင် သူငယ်ချင်း၊ ထိုင်"

လွင်ဦး စားပွဲရှေ့ ကြိမ်ကုလားထိုင်မှာ သူ ဝင်ထိုင်လိုက်သည်။





"ပြောစရာစကားတွေထက် အံ့ဩစရာစကားတွေ ပါလာတာ။ ငါ့မှာလည်း သည်အရေး သည်ကိစ္စတွေနဲ့ ပတ်သက်ရင် မင်းကိုပဲ ပြောစရာ တိုင်ပင်စရာရှိတာ"

လွင်ဦးက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ခေါင်းကို တညိတ်ညိတ်လုပ်သည်။

နှလုံးသားကိစ္စမှာ မနူးမနပ်ဖြစ်နေသည့် သူ့ဟန်ပန်ကို ကြည့်ပြီး ဒီကောင် ရယ်ချင်နေပုံရ၏။

"ရောက်လာတာ လက်ဖက်ရည်ချိန်ပဲ။ အပြင် သွားမလား"

"အခန်းထဲမှာပဲ အေးအေးဆေးဆေး စကားပြောမယ်ကွာ"

"ရတယ်လေ။ နှစ်စောင်လောက် လက်မှတ်ထိုးပြီးရင် ဘာအလုပ်မှ မရှိဘူး"

ပြောပြီး လွင်ဦးက သူ့ရှေ့မှ လူခေါ်ဘဲလ်လေးကို နှစ်ချက်ဆင့်နှိပ်လိုက်၏။

ရုံးအကူ လူငယ်တစ်ယောက် ရောက်လာသည်။

"မောင်ချို။ လက်ဖက်ရည်နှစ်ခွက် စီစဉ်ခဲ့"

ရုံးအကူလေး ထွက်သွားသည်။

နှစ်ယောက် အေးဆေးစွာဖြစ်လောက်သည့်အချိန်မှာ သူ ပင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ကို ဖွဖွကလေး ချလိုက်၏။

လွင်ဦးက သူပြောမည့်စကားကို စိတ်ဝင်တစားရှိနေသည်။

☆ ☆ ☆

သူ့စကားဆုံးတော့ . . .

"တကယ်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား ဖိုးအောင်ရာ"

လွင်ဦးမျက်နှာမှာ အံ့ဩမှုတွေ ဖြစ်ပေါ်နေ၏။

ဆက်ပြီး ပြောသေးသည်။

"သည်လို ဆုံးဆည်းမှုမျိုးကို ဝတ္ထုတွေထဲမှာ၊ ရုပ်ရှင်တွေထဲမှာသာ ဖတ်ဖူး ကြည့်ဖူးတယ်"

"မဟုတ်ဘူး လွင်ဦး၊ စာရေးဆရာ၊ အနုပညာဆရာတွေဟာ ပြင်ပလောကမှာ ဖြစ်တတ်တဲ့ အကြောင်းရာတွေကို ဝတ္ထုရေး၊ ရုပ်ရှင်ရိုက်ကြတာပါကွ"

"ထားပါလေ၊ ခိုင်ကြည်ဖြူနဲ့ ခြံနီးချင်းဖြစ်လာကြရတာ မင်းအတွက် မျှော်လင့်ချက်တွေ ပြီးပြည့်စုံသလောက်ပဲ။ မင်းခရီးကို ဘယ်လိုဆက်မလဲ။ အန်တီချိုကို ပြောပြရင်တော့ ခိုင်ကြည်ဖြူမိဘတွေဆီ ချက်ချင်းသွားပြီး အန်တီချိုက နားဖောက်မှာ အမှန်ပဲ"





"ဒီကိစ္စမှာ ငါ မေမေ့ကို အားမကိုးချင်ဘူး။ အသိလည်း မပေးချင်ဘူး။ မေမေ့ကို နားဖောက်ခိုင်းရင် ခိုင်ကြည်ဖြူက ငါ့ကို ဘယ်လိုထင်သွားမလဲ။ မိန်းမတစ်ယောက်ရဲ့ နှလုံးသားတံခါးကို မိဘအကူအညီနဲ့ လာဖွင့်တဲ့သူလို့ ထင်သွားရင် ငါ တစ်သက်လုံး ကိုယ့်ကိုယ်ကို အပြစ်တင်မဆုံး ဖြစ်နေမယ်"

"ဒါဖြင့်လည်း ရှင်းပါတယ်။ ရင်ဖွင့်လိုက်ပေါ့"

"လွယ်လွယ်မပြောနဲ့ကွာ။ လူငယ်သဘောနဲ့ အလွယ်ပြောရအောင် သူလည်း ကလေးမဟုတ်ဘူး။ ငါလည်း ကလေးမဟုတ်ဘူး"

"မင်းဟာက သမာဓိပိုးကြီးဖြစ်နေတော့မယ် ဖိုးအောင်"

"အဲသလိုလည်း မဖြစ်စေရဘူးပေါ့ကွာ။ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ရရှိနိုင်ဖို့က သူ့ရဲ့ယုံကြည်နိုင်မှု အပေါ်မှာ အခြေတည်တယ် မဟုတ်လား"

"မင်းကို ဘာမယုံကြည်နိုင်စရာ ရှိမလဲကွာ"

"ဒါကတော့ မင်းက ငါ့အကြောင်း အတွင်းသိ အဆင်းသိကိုးကွ။ မင်းယုံကြည်သလို ခိုင်ကြည်ဖြူက ငါ့ကို အလွယ်တကူ ဘယ်ယုံကြည်နိုင်မှာလဲ"

လွင်ဦးက ပြုံးရင်း လက်ဖက်ရည်ခွက်ကို မ,ယူသောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြုံးနေတာလဲ လွင်ဦး"

"မင်းတို့ လူပျိုကြီးတွေ ဟန်ရေးချဲ့တာကို ပြုံးတာပါ"

ခု မင်း ငါ့ဆီလာတာ အကြံဉာဏ်တောင်းဖို့ မဟုတ်လား။

"အေးလေ"

"မင်းအမြင် မငဲးသုံးသပ်ချက်တွေတည်း အခိုင်အမာ ပြောနေတော့ ငါက ဘယ်လိုဒ‌ကြံဉာဏ် ပေးရမှာလဲ ကောင်ကြီးရ"

သည်စကားကိုတော့ သူရယ်သည်။

ရယ်ပြီးနောက် နေ့လည်ပိုင်းမှာ မေမေနှင့် ခိုင်ကြည်ဖြူတို့ မိသားစု တွေ့ဆုံသည့်အကြောင်း။

ပြီးတော့ မေမေ သူ့ကိုကြည့်သည့် အကြည့်တွေမှာ အဓိပ္ပါယ်ပါနေသည်ဆိုသည့် စကားဖြင့် အဆုံးသတ်ပြီး သူ လွင်ဦးကို နှုတ်ဆက်ပြန်ခဲ့သည်။

ကုမ္ပဏီရောက်တော့ စားပွဲအထိုင်မှာပင် ဖုန်းခွက်မှ ဖုန်းသံမြည်လာ၏။

သူ ဖုန်းခွက်ကို မ,ယူပြီး နားမှာကပ်လိုက်သည်။

"နန်းထိုက်ရတနာကပါ"

"ဆရာဦးကိုကိုအောင်နဲ့ စကားပြောချင်လို့ပါ"

"ကျွန်တော် ကိုကိုအောင်ပါ"





"ဆရာ သက်နှင်းဝေပါ"

"ဩော် မဝေ၊ ဆိုစမ်း"

သက်နှင်းဝေကို သူက ရင်းနှီးစွာ မဝေဟု ခေါ်သည်။

"ဟဲ့-ပြောလေ။ ငါ့ဆီကို ဖုန်းမဆက်စဖူး"

သူ အံ့သြနေရသည်။

လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ သက်နှင်းဝေ သူ့ထံ တကူးတက ဖုန်းဆက်စရာမရှိ။ ဆိုင်နှင့် ပတ်သက်လျှင် တာဝန်ခံ ဒေါ်ခင်မာကသာ သူ့ကို အစီရင်ခံရသည်ချည်း ဖြစ်၏။

"ညနေအလုပ်ဆင်းရင် ဝေ ဆရာ့ဆီ လာခဲ့ချင်တယ်"

"ပြောစရာစကားတွေ ရှိလို့လား မဝေ"

"ရှိပါတယ် ဆရာ။ ခု ဝေ ဆရာ့ဆီဖုန်းဆက်တာ ဆိုင်က ဆက်တာမဟုတ်ပါဘူး။ ဈေးအထည်ဆိုင်က ဆက်တာပါ"

"ကေန္တ ညည်းတို့ လုပ်ဖော်ကိုင်ဖက်ချင်း စကားအဆင်မပြေဖြစ်ကြပြန်ပြီ ထင်တယ်"

"ဘယ်သူနဲ့ ဘာမှမဖြစ်ကြပါဘူး ဆရာ"

သူ မျက်မှောင်ကုတ်လိုက်သည်။

ဗိုလ်ချုပ်ဈေးအရောင်းဆိုင်မှာ သက်နှင်းဝေလို အမျိုးသမီးဝန်ထမ်း ဆယ်ယောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ဆယ်ယောက်ကို ဒေါ်ခင်မာက အုပ်ချုပ်ရသည်။ ကိစ္စမှန်သမျှ ဒေါ်ခင်မာမှ တဆင့် သူ့ကို သိစေရသည်။ ယခုမူ . . .

"ဝေ လာခဲ့မယ်နော် ဆရာ"

"ကောင်းပြီလေ။ လာခဲ့"

"ဝေ ဖုန်းချလိုက်တော့မယ်"

"ကောင်းပြီ"

တစ်ဖက်မှ ဖုန်းချသံ သူ ကြားသည်။

စကားကို ဖုန်းထဲမှ မပြောချင်သည်ကိုလည်း သူ စဉ်းစားလို့ရ၏။

ညနေ ငါးနာရီစွန်းစွန်းမှာ သက်နှင်းဝေ သူ့ထံ ရောက်လာသည်။

သူ့စားပွဲရှေ့ ထိုင်ခုံမှာ သက်နှင်းဝေက မဝံ့မရဲ ဝင်ထိုင်၏။ မဝံ့မရဲဖြစ်နေဟန်ကို ကြည့်ပြီး လူခေါ်ဘဲလ်လေးကို သူ နှိပ်လိုက်သည်။

ဦးလှတူ ရောက်လာ၏။

"ရှုံးခန်းတံခါးတွေကို မပိတ်နဲ့ဦး ဦးလှတူ။ ပြီးတော့ အအေးနှစ်ဘူး ယူခဲ့"

"ဝေ ဘာမှမသောက်တော့ပါဘူး ဆရာ"

"သောက်ပါ။ ရင်ထဲကအပူတွေ ထိုက်သင့်သလောက်





အေးသွားတာပေါ့"

သူ ရယ်ရယ်မောမောပြောတော့ သက်နှင်းဝေမျက်နှာ ပြုံးရိပ်သန်းလာသည်။

"ဆရာ နားလည်ထားပါတယ် မဝေ"

"ဘာကိုလဲ ဆရာ"

"မဝေမှာ အခက်အခဲ တစ်ခုခုရှိနေတယ်။ ဆရာ့ဆီ သီးသန့်လာဖို့အတွက် မဝေ အရဲစွန့်ရတယ်ဆိုတာကိုလည်း မဝေမျက်နှာကို မြင်ကတည်းက သိတယ်"

ပြောမှ သက်နှင်းဝေမျက်နှာ ခပ်ညှိုးညှိုးဖြစ်သွားသည်။ တစ်ဆက်တည်း နှုတ်ခမ်းသားလေး တွန့်လှုပ်ပြီး မျက်ရည်များ ဝဲရစ်လာ၏။

"ဆရာရယ်။ ဝေ ပြောဖို့ တကယ့်ကို မဝံ့မရဲဖြစ်ရပါတယ်။ ခု ဆရာက နားလည်ပေးတော့ ဝမ်းသာ ဝမ်းနည်း ခံစားရပါတယ်"

"ကဲ-အခက်အခဲကို ပြောစမ်း။ ငွေကြေး အခက်အခဲဆိုတာလည်း ဆရာ နားလည်ထားတယ်"

"မေမေ ဆေးရုံတင်ထားရတယ် ဆရာ"

"ဟေ-သည်ကိစ္စကို ညည်း ဒေါ်ခင်မာကိုလည်း ပြောမပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝန်ထမ်း ကလေးမများကို သူသည် ညည်းဆိုသည့် အသံ အနှုန်းဖြင့်လည်း ခေါ်ပြောတတ်သည်။

"အပူကို ဘယ်သူ့ကိုမှ မျှဝေမခံစားစေချင်လို့ပါ ဆရာ ဆရာ့ဆီလာရတာ မတတ်သာလွန်းလို့ပါ။ အားကိုးဆို တာလည်း ကိုယ့်အလုပ်ရှင်ကလွဲလို့ ဝေ့မှာ ဘယ်သူမှ မရှိပါဘူး"

သူတို့အလုပ်ဝင်စဉ်က သူတို့၏ ကိုယ်ရေးကို တွေ့ဆုံပြီး ရင်း ရင်းနှီးနှီး မေးခဲ့ဖူးသည်။

ဖခင် အမွေပေးခဲ့သည့် ကန်ထရိုက်တိုက်၏ လေးလွှာမြောက် မှာ မိခင်မုဆိုးမကြီးနှင့်အတူ အရွယ်မရောက်သေးသည့် ညီမငယ် နှင့် ဘဝကို ကျစ်ကျစ်လစ်လစ် နေရရှာသူလေးဖြစ်သည်။

"ပြောလေ။ လိုအပ်တာကိုလည်း ရဲရဲတင်းတင်းပြော"

"ဝေ့ကို ငွေငါးသောင်း ကူညီပါဆရာ။ ဆရာ ကူညီခဲ့ ရင် ဒီငွေငါးသောင်းကို ဝေ ချက်ချင်းပြန်မဆပ်နိုင်မှာ လည်း ‌ေသချာပါတယ်။ ဒါပေမယ့် လခထဲက လစဉ် ထုစ်ဝက်ဖြတ်ဖို့ကို ဝေ ခွင့်ပန်ပါတယ် ဆရာ"

"စော်ကားလိုက်တဲ့ စကားပါလား မဝေရယ်"

သူ့စကားကြောင့် သက်နှင်းဝေ မျက်လုံးဝိုင်းစက်သွား၏။ သူ့ကို ခပ်တွေတွေလေး အကြည့်မှာ သူ ထိုင်ရာက အသာထ





ပြီး မီးခံသေတ္တာဆီ လျှောက်သွားသည်။ မီးခံသေတ္တာဖွင့်ပြီး ငွေတစ် သိန်းအုပ်ကို ဆွဲထုတ်ယူခဲ့၏။

"ရော့-မဝေကို ဆရာက ကူညီတာ။ ကူညီတယ်ဆိုတာ ချေးတာမဟုတ်ဘူး။ ချေးတာမဟုတ်တဲ့အတွက် ပြန် ဆပ်စရာလည်း မလိုဘူး။ လခထဲက ဖြတ်စရာလည်း မလိုဘူး"

"ရှင်"

"မဝေ ဆရာ့ကို မျက်လုံးပြူးကြီးနဲ့ ကြည့်မနေစမ်းပါနဲ့ ကွာ။ ဟော့. . ဟော့. . ဒါ ဘာလုပ်တာလဲ"

"ဆရာ့ကို ကန်တော့ပါရစေ"

"အေး-အဲဒါတော့ မသိုးပါဘူး။ ကျေးဇူးရှင် အနေနဲ့ တော့ မကန်တော့နဲ့။ ငါ့ထက် အသက်ကြီးတဲ့ ပုဂ္ဂိုလ် ပါလားဆိုထဲ့ စိတ်မှတ်နဲ့ ကန်တော့"

သက်နှင်းဝေက ဦးသုံးကြိမ်ချသည်။

သတိရသော်လည်း သူ ဆုပေးဖို့ကို မကြိုးစား။

အပြန်မှာ သက်နှင်းဝေနှင့်အတူ လိုက်ပြီး အနောက်ဝိုင်းဆေးရုံ ကို ဝင်သည်။

လူနာခုတင်နဘေးမှာ သက်နှင်းဝေ ညီမလေးကို သူ မြင်သည်။ လူမမာကို မိနစ်နှစ်ဆယ်နီးပါးခန့် အားပေးစကားပြောပြီး သူ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့ ကျေးဇူးတင်သည့်မျက်လုံးနှင့် ကြည့်သည့် သက်နှင်းဝေ၏ အကြည့်ကို သူ ရရှိသည်။

ဪ . . . ကိုယ့်ဝန်ထမ်းတစ်ယောက်အတွက် သူ့မှာ လုံးဝ တာဝန်ရှိသည်ပဲ။

☆ ☆ ☆



[၂၁]

"ဂရုတစိုက်ဖိတ်တာကို သားကြီး သွားရမှာပေါ့။ ခိုင် က စိတ်မချလို့ကို စာကို အသေအချာ ရေးသွားသေး တာ"

ဘာရယ်လို့တော့ ပြောရခက်သည်။

သူ မေမေ့ကို ရှက်နေ၏။ မေမေပြောသည့် အကြောင်းစကား ကတော့ သူ့အတွက် နှစ်လိုဖွယ်ကောင်းနေသည်။

မေမေက ခိုင်ကြည်ဖြူကို ခိုင်ဟု ခေါ်ကတည်းက ရက်ပိုင်း အတွင်းမှာ မေမေနှင့် ခိုင်ကြည်ဖြူတို့မိသားစု မည်မျှရင်းနှီးမှု ရှိနေ သည်ကို သူ သဘောပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလည်း လိုက်ခဲ့ပါနော်တဲ့။ ဒီဖိတ်ကြားမှုက မေမေ့အတွက် အဓိကကျကျ မဟုတ်ပါဘူး။ ခိုင်က သားကိုပဲ အဓိက ကျချင်တာပါ။ မေမေကလည်း သဘောပေါက်ပါတယ်။ ဒါကြောင့် အန်တီ သွားစရာ ရှိလို့ သားကြီးကို အသေအချာ လွှတ်ပါ့မယ်လို့ ပြော လိုက်တယ်"

သူ မေမေ့ရှေ့မှာ အတော်ကို အနေခက်နေ၏။

မေမေ သူ့ကို ဖျတ်ခနဲ ဖျတ်ခနဲကြည့်ပြီး ပြုံးသည့် အပြုံးများ အပေါ်မှာလည်း မျက်နှာက ထပ်မံပူရသေးသည်။

"ခိုင်က အဆင်သင့် လုပ်ထားမှာ။ တနင်္ဂနွေဟာ သား ကြီးရဲ့ အားလပ်ရက်ဆိုတာကိုလည်း မေမေ ကြိုပြော ထားလို့ ခိုင်က သိနေတယ်"

ပြောပြီး မေမေ အပေါ်ထပ် တက်သွားသည်။

မေမေ အနားမှာမရှိတော့မှ ခိုင်ကြည်ဖြူ၏ စာကို ထပ်ဖတ်ပြန်၏။

ကိုကိုအောင်-

နံနက်စာ ကျွေးချင်တယ်။

ဖေဖေ မေမေနဲ့လည်း မိတ်ဆက်ပေးချင်တယ်။





ဖေဖေနဲ့ မေမေက သဘောကောင်းပါတယ်။

ရင်းနှီးခင်မင်စွာ

ခိုင်ကြည်ဖြူ

စာက လက်ရေး ဝိုင်းဝိုင်းစက်စက်လေးနဲ့ ခိုင်ကြည်ဖြူကိုယ် တိုင် ရေးတဲ့စာပါ။

☆ ☆ ☆

ခြံဝမှာ ရပ်စောင့်ပြီး ခိုင်ကြည်ဖြူက သူ့ကို ကြိုသည်။

"ထမင်းစားဖိတ်တာကို ညသည်က ရှက်များနေမ လားလို့ စိုးရိမ်နေရသေးတယ်"

"တစ်မျိုးတော့ တစ်မျိုးကြီးပါပဲ မခိုင်ကြည်ဖြူ"

"ခိုင်လို့ပဲ ရဲရဲတင်းတင်း ခေါ်ပါလား။ မခိုင်ကြည်ဖြူ လို့ ခေါ်တာကြီးကို တော်တော်လေး သီးခံပြီး နား ထောင်နေရတယ်"

"နာမည်မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့။ ခိုင်လို့ခေါ်ရင် ပိုပြီးအဆင် မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ချင်နေတာပါ"

"ဟုတ်လား။ ခုမှ သိရတော့တယ်"

ရယ်ရယ်မောမောနှင့် သူ့ကို ညှော်ခန်းထဲ ခေါ်လာသည်။ ညှော်ခန်းမှာ ဖော်ရွေသောအပြုံးများကို သူ ဆုံတွေ့ရ၏။ နိုင်ကြည်ဖြူ၏ မေမေက . . .

"ခုမှ သေသေချာချာ မြင်ဖူးတော့တယ်။ သမီးက အကျိုးအကြောင်းအားလုံး ပြောပြထားတော့ အံ့အားတသင့် ဖြစ်ရသေးတယ်။ ပဋ္ဌာန်းဆက်ပေါ့ကွယ်။ ဒီကို မပြောင်းရွှေ့ခင်ကတည်းက ကြုံဆုံခဲ့ကြတာ မဟုတ်လား"

သူနှင့် ပတ်သက်ခဲ့မှုများကို သူမ၏ ဖေဖေနှင့် မေမေကို နိုင်ကြည်ဖြူက ပြောပြထားဟန် တူ၏။

နိုင်ကြည်ဖြူ၏ ဖေဖေအမည်ကို ဦးစောဖြူဟု သူ သိထားရပြန်၏။

နံနက်စာ ထမင်းမစားခင် အန်ကယ်ဦးစောဖြူနှင့် စီးပွားရေးလုပ်ငန်းများအကြောင်း ပြောဖြစ်သည်။

ပြောဆိုဖြစ်သည့်အထဲမှာ သူ၏ ကျောက်မျက်လုပ်ငန်းကို အန်ကယ် ဦးစောဖြူက ပို၍စိတ်ဝင်စားဟန် ရှိသည်။

"မေမေက မိုးကုတ်ဆက်ဆိုတော့ ကျောက်မျက်ရတနာ





နဲ့ ပတ်သက်တဲ့ပညာကို ကျွန်တော် လူမှန်းသိစအရွယ်ကတည်းက ပေးခဲ့တာ။ လုပ်သက် ဘယ်လောက်ပဲရင့်ရင့် ကြီးကြီးမားမား တန်ဖိုးဖြတ်ရမယ့် ကိစ္စတွေမှာတော့ မေမေ့ အကူအညီကို ယူရတာပဲ အန်ကယ်။ တစ်ခါ ကျွန်တော် တန်ဖိုးဖြတ်မှားလို့ သိန်းတစ်ရာလောက် နစ်နာဆုံးရှုံးသွားရတာ ရှိတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်။ မေမေကတော့ မှားတယ်ဆိုတာ သား ပညာတိုးဖို့အတွက် အမှားဖြစ်ရတာတဲ့။ မှားယွင်းမှု မရှိခဲ့ရင် ပညာရှင် ဘယ်ဖြစ်မလဲတဲ့"

စကားကို သဘောကျစွာ အန်ကယ်စောဖြူနှင့် အန်တီမေက ရယ်၏။

နံနက်စာ သုံးဆောင်ဖို့ နိုင်ကြည်ဖြူ အကြောင်းကြားတော့ အန်ကယ်ဦးစောဖြူက . . .

"ခင်မင်ရင်းနှီးပြီ သားတွေပဲ။ သူစိမ်းဆန်ဆန်နေစရာ အကြောင်းတော့ မရှိဘူးပေါ့ကွယ်"

ထိုင်ရာက ထတော့ သူ တအံ့တသြ ဖြစ်သွားရသည်က . . .

အန်ကယ်စောဖြူနှင့် အန်တီမေ၏ ခြေလှမ်းများက ထမင်းစားခန်းသို့ ဦးတည်ခြင်းမရှိ။ သူ့ခြေလှမ်း ခပ်တန့်တန့်ဖြစ်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အန်ကယ်စောဖြူက သတိပြုမိပုံရ၏။

“သမီးကလည်း ဒီနေ့အားလပ်တော့ မနေ့ညက ပေါင်ကိုကိုအောင်ကို နံနက်စာကျွေးဖို့ ခွင့်ပန်တော့ အန်ကယ်နဲ့ မင်းအန်တီ သွားစရာကိစ္စက ဖျက်မရဖြစ်နေတယ်။ ဒါကြောင့် နံနက်စာအတူ မစားဖြစ်တာ ဘယ်လိုမှ မအောက်မေ့နဲ့နော်”

သူ မှင်သက်သက်ကလေးဖြစ်ပြီး ခေါင်းညိတ်ပြရသည်။ ထမင်းစားပွဲ ထိုင်ဖြစ်တော့ . . .

“ခိုင်ကော”

“စားမှာပေါ့”

ဟော်ဒေသးရဲ့ဟု တွေးမိဆဲမှာ ခြံဝင်းထဲမှ ကားမောင်းထွက်သံကို ကြားသည်။

ခိုင်ကြည်ဖြူက သူ့ပန်းကန်ထဲ ဟင်းများ ခပ်ထည့်ပေးရင်း . .

“လူငယ်တွေ လွတ်လွတ်လပ်လပ်ရှိအောင် လူကြီးတွေက ရှောင်ပေးတယ် မထင်နဲ့။ မေမေ့ မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့ပွဲကို မဖြစ်မနေသွားရတာ”

“ကိုယ် ဘာပြောမိလို့လဲ ခိုင်”

“လူကြီးတွေကို တစ်မျိုးမြင်မှာစိုးလို့ ပြောတာ”

ခိုင်ကြည်ဖြူ၏ ပွင့်လင်းမှုကတော့ သိမ်မွေ့သော ပွင့်လင်းမှု





ပါပဲ။

သည်နေ့ တစ်နေ့တာ၏ မွန်းမတည့်မီအချိန် အားလုံးကို သူ ပိုင်စိုးထားပါသည်။

ရယ်စရာ မောစရာများ ပြောဖြစ်သည်မှအပ ကျန်အချိန်များတွင် လေးနက်တည်ကြည်သော ရင်းနှီးမှုများကို သူ ရယူနိုင်ခဲ့သည်။

မွန်းလွဲပိုင်းမှာ သူပြန်တော့ ခြံဝင်းတံခါးနားထိ ခိုင်ကြည်ဖြူ လိုက်လာသည်။

“အတားမရှိ ဓားမရှိနော်။ ကိုကိုအောင်ရဲ့ သိက္ခာသမာဓိကို ယုံကြည်မှုနဲ့ တံခါးအမြဲဖွင့်ထားတယ်”

သူ ဘာပြန်ပြောရမှန်းပင် မသိအောင် ဖြစ်သွားရ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [၂၂]

တာဝန်ရှိသည်ဟု သူ့ကိုယ်သူ နားလည်ထားသည့်အလျောက် အရောင်းခန်းမကို ဖုန်းလှမ်းဆက်ပြီး သက်နှင်းဝေ မိခင်၏ ကျန်းမာရေး အခြေအနေကို လှမ်းမေးရသည်။

"မေမေ ဒီညနေ ဆေးရုံက ဆင်းမယ်ဆရာ"

"ဟုတ်လား။ ဆရာ ဘာကူညီရမလဲ မဝေ"

"ကျေးဇူးတွေများနေပါပြီ ဆရာရယ်။ ဆရာ့မှာ မအားလပ်တဲ့ကြားက လူမမာအတွက် မုန့်ဘူးတွေပို့ရ၊ မေမေ့ကိုယ်စား ညီမလေးကို ဆုံးမပေးရနဲ့ ဝေ အရမ်းအားနာနေပါပြီ"





သူမ မေမေ၏ ကျန်းမာရေးအခြေအနေကို မှတ်ညည်ပြီး သက်နှင်းဝေတို့ မိသားစုနှင့် သူ ရင်းနှီးခဲ့ရသည်။

သက်နှင်းဝေ၏ ညီမ ခင်မင်းဆွေဆိုလျှင် သူ့အပေါ် အစ်ကိုကြီးသဖွယ် ခင်မင်အားကိုးမှုပါ၏။

ခင်မင်းဆွေကို ဆုံးမပေးသည် ဆိုသော်လည်း လိမ္မာရေးခြားရှိသော မိန်းကလေးတစ်ယောက်အတွက် လူမှုရေး စိုးရိမ်ဖွယ်ရာက ဘာမှမရှိ။

"ဒီလိုလေ-ဆေးရုံက ဆင်းမယ်ဆိုတော့ ကားလိုတာပေါ့"

"ဝေ အလုပ်ဆင်းရင် တန်းသွားပြီး အငှားကား ငှားမယ်လို့ စိတ်ကူးထားပါတယ် ဆရာ။ ဒီလို စီစဉ်ရတာကလည်း ဆရာ့ကို အားနာလို့ပါ။ ဝေတို့ ဆရာက အလုပ်များတယ်လေ"

"အပိုတွေ မပြောနဲ့။ ညနေ ဆရာလာခဲ့မယ်။ မဝေ ဆိုင်ကပဲ စောင့်နေ"

တစ်ဖက်မှ စကားအသံကို သူ မစောင့်တော့ဘဲ ဖုန်းခွက်ကို ချလိုက်သည်။

ညနေဘက်မှာ သက်နှင်းဝေကို သွားခေါ်ပြီး ဆေးရုံကို တန်းမောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ လူနာမှတ်တမ်းကို သူ စိစစ်သည်။ ပြီးတော့ သက်နှင်းဝေ လက်မှတ်ရေးထိုးပြီး သူမ မေမေကို အိမ်ခေါ်ခဲ့သည်။

"အန်တီ့ကို ဂရုတစိုက်ရှိတာ ဘယ်လို ကျေးဇူးတင်ရမှန်းကို မသိတော့ပါဘူး မောင်ကိုကိုအောင်ရယ်"

"မိခင်တစ်ယောက်လို ကိုယ်ချင်းစာစိတ်ပါ။ မဝေ နေရာမှာလည်း ဝင်ခံစားကြည့်တယ်။ ကူညီရတာကိုပဲ ကျွန်တော်က ပြန်ကျေးဇူးတင်နေတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်ရလို့လေ"

တောက်ပတဲ့အပြုံးတွေက သူ့အတွက် ပျော်ရွှင်ဖွယ် ဖြစ်ပါသည်။ ပြန်ခါနီးမှာ သက်နှင်းဝေက . . .

"ဆရာ့ညီမ ခင်မင်းဆွေ လက်ရာလေး ညနေစာ စားပြီးမှ ပြန်ပါလား ဆရာ"

"ဆောရီး မဝေ။ ဆရာ ခြောက်နာရီအရောက် ရှိုင်ရယ်ဂါးဒင်းကို ပြေးရမှာ။ ဧည့်သည်တွေ စောင့်နေကြမယ်"

"ဆရာ့ကြည့်ရတာ ပင်ပန်းလိုက်တာ ဆရာရယ်။ ဒါပေမယ့် ဆရာ့ လုပ်ငန်းတွေကိုလည်း ဝေက နားလည်ထားတယ်"





သူ ပြုံးပြပြီး အားလုံးကို နှုတ်ဆက်ခဲ့၏။

ကားမောင်းရင်း လုပ်ငန်းအကြောင်းတွေ ခေါင်းထဲထည့်သည်။ ပြီးတော့ ခိုင်ကြည်ဖြူကိုလည်း သတိရနေ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

## [၂၃]

သူနှင့် လွင်ဦး ထိုင်နေကျအိုအေစစ်၏ သီးသန့်စားပွဲ၊ သောက်နေကျ ဝီစကီတစ်လုံးနှင့် ဆော်ဒါ၊ ရေခဲ၊ အမြည်းနှစ်ပွဲကို သီးသန့်မှာပြီး ထုံးစံအတိုင်း ရင်ထဲကစကားများကို လွင်ဦးကို ပြောပြသည်။

"စကားအသစ်တစ်ခုကို သတိထားမိတယ်"

"ဘာစကားအသစ်လဲ"

"မင်းစကားထဲမှာပါတဲ့ သက်နှင်းဝေဆိုတဲ့ ကောင်မလေးရဲ့ မိသားစုအကြောင်းအရာက ငါ့နားထဲမှာ စိမ်းနေတယ်"

ဟုတ်ပါရဲ့။





သူ သက်နှင်းဝေတို့ မိသားစုအကြောင်း လွင်ဦးကို ပြောလိုက်မိသည်။

"အရောင်းခန်းမက ဝန်ထမ်းကောင်မလေးလို့ ပြောထားတာပဲ"

"ဟုတ်တယ်လေ။ သိပ်မကြာလိုက်တဲ့ အချိန်အတော အတွင်းမှာ အရမ်းရင်းနှီးသွားသလားလို့"

"မင်းက ငါ့ကို တစ်မျိုးထင်နေပြန်ပြီ"

"စိတ်ရဲ့ ပြောင်းလဲမှုသဘာဝကို ငါက လက်ခံထားတယ်"

"ငါ့ရင်ထဲမှာ ခိုင်ကြည်ဖြူပဲ ရှိပါတယ် လွင်ဦးရာ။ မဝေကတော့ သူ့အမေရဲ့ ကျန်းမာရေးကိုကူညီရင်း ရင်းနှီးတာထက် ပိုပြီးရင်းနှီးသွားတာတော့ အမှန်ပဲ"

"သံယောဇဉ်က အချစ်ထက်ပိုပြီး နက်ရှိုင်းတယ်ဆိုတာ မင်းသိတယ်နော်"

သူက သဘောကျစွာ ရယ်လိုက်၏။

တကယ်တမ်းကျ ကိုယ့်အသည်းနှလုံးကိစ္စကို ကိုယ့်ထက် ဘယ်သူက ပိုသိမှာလဲ။

လွင်ဦးနှင့် ညနေပိုင်းဆုံပြီး အရက်သောက်ဖြစ်တာတလည်း ခိုင်ကြည်ဖြူအကြောင်း ပြောချင်လို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မင်း ယုံစမ်းပါ။ နိုင်ကြည်ဖြူနဲ့ ပတ်သက်ပြီး
အကြံဉာဏ်တွေ လိုချင်လွန်းလို့ မင်းရဲ့ကိုယ်ပိုင်အချိန်
ကို လုယူရတာ"

လွင်ဦးမျက်နှာ ပြုံးရိပ်သန်းသွား၏။

သူနှင့် နိုင်ကြည်ဖြူကို လွင်ဦးက အရမ်းသဘောတူသည်။ ကျွန်ခဲ့သည့် သုံးလေးရက်က သူနှင့် နိုင်ကြည်ဖြူ အပြင်ထွက်ရင်း လွင်ဦးရုံးကို ဝင်ခဲ့လေသည်။

သည်တုန်းက လွင်ဦး တအံ့တဩနှင့် ဖြစ်နေပြီး ညနေဘက် သူ့ထံ ဖုန်းဆက်ပြီးတောင်မေးသေးသည်။ မင်းနဲ့ နိုင်ကြည်ဖြူ မေတ္တာမျှနေကြပြီလားတဲ့။

"နိုင့်ကို ချစ်တယ်လို့ပြောဖို့ အချိန်တန်လောက်ပြီလား
လို့ ငါ မင်းကို မေးချင်နေတာ"

ဝီစကီ၏ ယစ်ဝေမှုက တဖြည်းဖြည်း မှျင်းတက်လာသည်။

သို့သော်လည်း သူနှင့် လွင်ဦး အရက်ကို ဘယ်သောအခါမှ လွန်လွန်ကျွံကျွံ မသောက်ကြပါ။ အရက်မူးပြီး စကားကျယ်ကျယ် ပြောသည်ကိုပင် ရှက်ဖွယ်ဟု သူ နားလည်ထား၏။

"မင်းကို ထပ်မေးမယ် လွင်ဦး။ နိုင့်ကို ချစ်တယ်ပြော
ဖို့ အချိန်တန်ပြီလားလို့"

ပိုမို့လေးနက်စေချင်၍ သူ ထပ်မေးသည်။





"အချိန်တန်ပြီ မဟုတ်ဘူး။ အချိန်တွေ အရမ်းလွန်
နေပြီ"

"တကယ်"

"ဟုတ်တယ်လေ။ အရွယ်တွေက ငယ်မှ မငယ်တော့
တာ။ ဒါတွေက ထားပါ။ တစ်ယောက်နဲ့တစ်ယောက်
နှုတ်က မပြောပေမယ့် နားလည်မှု အခြေအနေက
နိုင်မှာနေတာပဲ မဟုတ်လား။ နိုင်ကြည်ဖြူက မင်းရဲ့
နှလုံးသားကို ထိုးဖောက်မြင်နေပါတယ်"

နိုင်ကြည်ဖြူနှင့်အတူ သွားလာခဲ့သည့် ရက်တွေ။

နိုင်ကြည်ဖြူက ပန်းဆိုးတန်းမှာ သူမ၏ သူငယ်ချင်းမကို ကစ်ပတ်မှာ သုံးရက် ကျူရှင်ကူပြပေးသည်။

နိုင်က အဲဒီကျူရှင်လစာကို အလေးစိုက်တဲ့ အနေအထားမှာ ရှိလို့လားလို့ သူ မေးခဲ့တော့ . . .

"နိုင်က စာပြတာကို ဝါသနာပါတယ်။ နောက်ပြီး သူ
ငယ်ချင်း ကိုလည်း ကူညီတာလေ။ ကလေးတွေကို
တတ်စေချင်တဲ့ စေတနာမှန်လည်း ရှိတယ်။ သူငယ်
ချင်းက နိုင့်ကို လခသဘောမျိုး ဘယ်ပေးရဲမလဲ၊ လက်
ဆောင်ပစ္စည်းတော့ ပေးတာပေါ့။ နိုင်က ကုသိုလ်ရ
မယ့် အလုပ်ဆို ကိုယ့်စရိတ်ကိုယ်စားပြီး လုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ရဲ့"

ဆိုသည့် စကားကို ပြောဖူးသည်။

ဘာပဲဖြစ်ဖြစ် ခိုင်ကြည်ဖြူ ကျူရှင်လာပြသဖြင့် သူ့အတွက် နှလုံးသားရင်းနှီးမှု ပိုမိုခွင့်သာခဲ့သည်ကတော့ အမှန်။ ကျူရှင်ပြီးချိန်မှာ ခိုင်ကြည်ဖြူ သူ့ထံ ဝင်လာတတ်ပါသည်။

သူကလည်း ခိုင်ကြည်ဖြူလာမည့် အချိန်များတွင် အလုပ်စားပွဲမှာ ဖင်မြဲအောင် ထိုင်တတ်ကျင့် ဖြစ်နေခဲ့ရသည်။

"သတိတော့ထားရမယ်"

သည်စကားကိုတော့ ဘဝင်မကျဟန်ဖြင့် သူက လွင်ဦးမျက်နှာကို လှမ်းကြည့်၏။

"ဘာကို သတိထားရမှာလဲ ဆိုတော့ ခိုင်ကြည်ဖြူကို မင်းရဲ့ အချစ်တင်ပြတဲ့အခါမှာ သေးသေးသိမ်သိမ်ပုံစံ မဖြစ်ဖို့တော့ လိုတယ် ဖိုးအောင်"

"ငါ မင်းစကားကို သဘောမပေါက်ဘူး"

"တခြားမဟုတ်ဘူး။ ကိုယ့်လူနေမှု အဆင့်အတန်းနဲ့ တူညီအောင် မင်း ချစ်ခွင့်ပန်တတ်ရမယ်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ပန်းခြံမှာတွေ့။ ကန်စပ်မှာတွေ့၊ ဆက်ခနဲပွေ့ဖက်ပြီး ချစ်တယ် ပြောလို့ကတော့ သူ မင်းကို ပေးထားတဲ့အမှတ်တွေ ချက်ချင်းသုညအောက်





ရောက်သွားမယ်"

ဆိုမှ သူ သဘောပေါက်တော့သည်။

သူ ပွင့်လင်းစွာ ရယ်လိုက်ပြီး . . .

"ကိုယ့်သူငယ်ချင်းမှာ အဲသလောက် သတ္တိတွေ ရှိရဲ့လားလို့လည်း အရင်မေးဦးကွာ"

သည်စကားကို လွင်ဦးက ရယ်၏။

ရယ်ရင်းနှင့် . . .

"မင်းမှာ အတွေ့အကြုံမရှိဘူး မဟုတ်လား။ အတွေ့အကြုံမရှိတော့ ကြည့်ဖူး၊ ဖတ်ဖူးတဲ့ ရုပ်ရှင် ဝတ္ထုတွေထဲကလို ခပ်နိမ့်နိမ့် လုပ်မိမှာစိုးလို့ သတိပေးရတာ"

"ဒါဖြင့် ခိုင်တို့ ဧည့်ခန်းမှာ ဝါ လေးဆယ်ရဆရာတော်ကြီးလို ထိုင်ပြီး ခိုင့်ကို ချစ်စကားကြိုက်စကား ပြောရမှာလား"

"မင်း ငါ့ကို ရွဲ့ပြီ"

သူက လွင်ဦးလက်မောင်းကို ခပ်ဖွဖွလှမ်းထိုးပြီး ရယ်လိုက်ပြန်၏။ ရယ်ပြီးမှ . . .

"ခိုင့်ရဲ့ အနေအထိုင် ဂုဏ်သိက္ခာတွေက ငါ့ကို ထိန်းချုပ်ထားပါသေးတယ် လွင်ဦးရာ။ ပြီးတော့ ငါ့သိက္ခာပိုင်းဆိုင်ရာနဲ့ ဦးနှောက်အသိကလည်း လွတ်လပ်လိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ထိန်းသိမ်းထားပါတယ်။ ငါ မင်းကို မေးတာက အချိန်တန်ပြီလား ဆိုတာပါ"

"တန်ပါပြီ"

"ဒါဖြင့် ငါ နိုင့်ကို ချစ်ခွင့်တောင်းတော့မယ်"

"မျိုးဆက်သစ်အတွက် ကောင်းတဲ့အလုပ်ပဲကွာ"

သူ့ရင်မှာ ပျော်သွားသည်။

ဆုံးဖြတ်ချက်နှင့်အတူ သည်နေ့ဝီစကီသောက်ရသည့် အရသာက ခါတိုင်းနေ့များထက် ပိုလို့ ကောင်းနေ၏။

☆ ☆ ☆



# [၂၄]

နံနက်ပိုင်း ကော်ဖီသောက်ပြီးချိန်မှာ နိုင်ကြည်ဖြူက သူ့ထံ ဖုန်းဆက်သည်။

ကျူရှင်ကအပြန်မှာ ကုမ္ပဏီကို ဝင်လာခဲ့မယ်ဆိုကတည်းက သူ့ရင်တွေ ခုန်ခဲ့ရတာ။

ညနေမစောင်းခင်အချိန်မှာ နိုင်ကြည်ဖြူ ရောက်လာသည်ထိ ရင်အခုန်[illegible]မပြယ်သေး။

ဘာဖြစ်လို့လဲဆိုတော့ သည်နေ့ကို သူ့နှလုံးသားအတွက် ဆုံးဖြတ်မယ့်နေ့ဟု သူ သတ်မှတ်ထားသည်။

နိုင်ကြည်ဖြူထံမှ ဖုန်းမလာလျှင်လည်း သူ နိုင်ကြည်ဖြူကို



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းနည်းနှင့် တွေ့ဆုံရန် စီမံဖန်တီးမည်သာ ဖြစ်သည်။

ခုတော့ အားလုံးသည် အဝင်ချောမွေ့စွာ ရှိနေ၏။

"ကိုယ် ခိုင့်ကို မျှော်နေတာ"

"ဖုန်းဆက်ပြီးမှ မှားသွားမှန်း သိလိုက်တယ်"

"ဘာဖြစ်လို့လဲ ခိုင်"

"ကိုအောင့်မှာ အလုပ်တာဝန်တွေက အချိန်နဲ့အမျှ ဖိစီးနေတာ"

"ခိုင့်အတွက် အချိန်ပေးရမယ်ဆိုတာကို အသိစိတ်က အလိုလို နားလည်ထားတယ်"

ခိုင်ကြည်ဖြူက အပြစ်ကင်းစင်စွာ ပြုံးသည်။

သူ့အဖြေကို ခိုင်ကြည်ဖြူ ကျေနပ်နေမှန်းလည်း သိ၏။

"ခိုင် ကားမပါလာဘူး။ ကိုအောင့်ကားကို ကားကြုံစီးချင်လို့ မနက်က ဖုန်းဆက်တာ"

"ဒါဖြင့် ကျူရှင်ကို တက္ကစီနဲ့ လာရတာပေါ့"

"ဖေဖေ လိုက်ပို့တယ်။ ဖေဖေက သည်နေ့ ကားသုံးမှာမို့ ခိုင်က ကားယူမထားတာပါ"

"လိုအပ်ရင် ကိုယ့်ကား ယူထားပါလား ခိုင်။ မနက်ဖြန် ကိုယ် ဆိပ်ကမ်းက ကားထုတ်မှာ"

"ကားယူထားရလောက်အောင် ခိုင်တို့မှာ လုပ်ငန်း





တာဝန်တွေ မရှိပါဘူး။ ဖေဖေက အေးအေးချမ်းချမ်း အနားယူနေထိုင်ချင်လို့ ဒီတိုက်နဲ့ ခြံကို ဝယ်လိုက်တာပဲ။ စီးပွားရေးလုပ်ငန်း မှန်သမျှ စိတ်ပန်းလို့ ဖေဖေ မကြိုးစားတော့ဘူးလေ။ သူ့ မမှုမိတ်ဆွေတွေနဲ့ ဓမ္မာရုံသွား၊ ဘုရားသွားလုပ်နေတာ ကိုအောင် အမြင်ပဲ"

သည်အကြောင်းရာတွေက သူ သိထားပြီးသားဖြစ်သည်။

ဆယ်သက်ဆယ်ဘဝ စားမကုန်သည့် ကုံလုံ ကြွယ်ဝမှုများက တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုထားသည်။

အန်ကယ်ဦးစောဖြူသည် သူ ပြောပြသည့် ကျောက်မျက်ရတနာများ အကြောင်းကို စိတ်ဝင်စားစွာ နားထောင်တတ်မှုက လွဲပြီး ဘာမှ လောဘ၊ ဒေါသများကို ထားတတ်သူ မဟုတ်ချေ။

သည်မိသားစု၏ အဝန်းဝိုင်းကလေးကို ကြည့်ပြီး ငြိမ်းချမ်းလိုက်တာ၊ အေးချမ်းလိုက်တာ ဆိုသည့်စကားကို မေမေပင် ပြောခဲ့ပါ၏။

သည်တော့ သူက . . .

"အန်ကယ် ဦးစောဖြူတို့ လင်မယားလို မေမေလည်း အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်သားပဲဟာ"

ဟု ဆိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"မေမေက သားကြီးလိုပဲ စီးပွားကိုမရှာဘဲ မနေတတ်ဘူး"

ဆိုသည့် စကားကို ရယ်ရယ်မောမောနှင့် ပြောခဲ့သေး၏။

"နိုင် အအေးတစ်ခုခု သောက်ချင်တဲ့ဆန္ဒများ ရှိမလား မသိဘူး"

"နိုင် လက်ဖက်ရည် ကောင်းကောင်း တစ်ခွက်ပဲ သောက်ချင်နေတယ် ကိုအောင်"

"ဒါဆို ကိုယ်တို့ အပြင်သွားရအောင် နိုင်"

"ညနေအရမ်းစောင်းမသွားဖို့ပဲ အရေးကြီးပါတယ်"

နိုင်ကြည်ဖြူ၏ စကားကို သူ နှစ်လိုစွာပြုံးသည်။ ပြုံးဖြစ်သော်လည်း သူ့အပြုံးမှာ ရင်ခုန်မှုထက် ရင်တုန်မှုတွေက ပိုနေသည်။

သည်နေ့က သူ့နှလုံးသားအတွက် ဆုံးဖြတ်ချက်ရှိသည်။

သည်ဆုံးဖြတ်ချက်သည် သူ့ဘဝအတွက် အရေးကြီးဆုံး အလေးနက်ဆုံး၊ တန်ဖိုးအရှိဆုံး။

နိုင်ကြည်ဖြူ သူ့နဘေးမှာ လိုက်ပါပြီး သူ ကားမောင်းထွက်တော့ အတွေးတွေနှင့် သူ မွန်းကြပ်သလို ဖြစ်နေ၏။

သည်အတွေးတွေကလည်း သူ ရုံးခန်းကစားပွဲမှာ စထိုင်ကတည်းက တွေးထားရသည့် အတွေးတွေ။

သူ့နှလုံးသားကိစ္စကို မည်မျှပင် ကြီးကျယ်ခမ်းနား ခမ်းနား





အရက်သေစာ သောက်စားခွင့်ရှိသည့် နေရာမျိုးမှာတော့ သူ ဘယ်လိုမှ မဖွင့်ဟချင်။

နိုင်ကြည်ဖြူကို သူ တန်ဖိုးထားရမည်။

ဟိုတယ်၏ အအေးခန်းမမှာ အစားတစ်ခုကို သူက ကျွေးမွေးပြီး 'ချစ်ခွင့်' ပြောဖို့ကိုတော့ သူ့နှုတ်ဖျားက ဘယ်လိုမှ မထွက်။

သူ နိုင်ကြည်ဖြူကို ချစ်သည့်အကြောင်း ဖွင့်ဟတင်ပြနေသည့်အချိန်တွင် သဘာဝ၏ သာယာလှပမှုသည် သူ့နဘေးမှာ ရှိနေရပါမည်။

ဒါကိုလည်း သူ ရွေးချယ်ထားသည်။

"နိုင်"

"ပြောလေ ကိုအောင်"

"မြို့ပြင်ထွက်ပြီး လက်ဖက်ရည်သောက်ရအောင်"

"ကောင်းလို့လား"

"ထောက်ကြံ့မရောက်ခင် ကျေးလက်အစွန် ဆိုင်ကလေး တစ်ဆိုင်ရှိတယ်။ ညှို့သည်တွေနဲ့ ပဲခူးကအပြန်မှာ သောက်ဖူးတယ်။ ကိုယ် သဘောကျခဲ့တယ် နိုင်"

"ကျေးလက်ရဲ့ သဘာဝကိုလား။ လက်ဖက်ရည်ကိုလား"

"နှစ်ခုစလုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင် ခေါင်းညိတ်လိုက်ပြီနော်"

ရင်မှာ အတိုင်းအဆမဲ့လောက်အောင် ပျော်ရွှင်သွား၏။

ခိုင်ကြည်ဖြူကို နဘေးမှရှိစေပြီး ကားမောင်းရသည့် ခံစားမှုက တော့ စိတ်တစ်ခုလုံး လွတ်လပ်ပေါ့ပါးခြင်းပါပဲ။

ခုနစ်မိုင်ရောက်တော့ ခြံဝန်းကြီးတစ်ခုရှေ့မှာ သူ ကားကို ရပ်လိုက်သည်။ ခိုင်ကြည်ဖြူ သူ့ကို မျက်လုံးအဝိုင်းသားနှင့် အကြည့်မှာ သူ ကားပေါ်က ဆင်းသည်။

"ခဏလေးနော် ခိုင်"

"နှင်းဆီခြံကြီးပဲ"

"ဟုတ်တယ် ခိုင်"

သူ ခြံထဲဝင်ခဲ့သည်။

မိနစ်ပိုင်းလောက်အကြာမှာ အဖြူရောင်နှင်းဆီတစ်ပွင့်ကို ဆုပ်ကိုင်ပြီး သူ ခြံထဲမှ ပြန်ထွက်လာ၏။

"လှလိုက်တာ"

သူက ဘာမှပြန်မပြောဘဲ ကားပေါ်ရောက်တော့ သူ့ရင်ညွှန့်က အိတ်မှာ နှင်းဆီပွင့်ကို ထိုးစိုက်၍ ကားကို မောင်းထွက်ခဲ့သည်။

မင်္ဂလာဒုံ လွန်မြောက်တော့ ကျေးလက်နံ့ကို စတင်ခံစားရသည်။ ညနေ၏ သဘာဝဝန်းကျင်က သာယာရှင်းသန့်နေ၏။

ဖွင့်ထားသည့် ကားမှန်တံခါးမှ တိုးဝေ့ဝင်လာသည့် ညနေ၏





လေပြေက ခိုင်ကြည်ဖြူ၏ ဆံစလေးများကို ပွတ်သပ်သည်။

ကားထဲမှ တစ်ပွင့်တည်းသော နှင်းဆီ၏ရနံ့က သင်းပျံ့ပျံ့ကလေး မွှေးမြနေ၏။

"ခိုင်"

သူ တိုးညင်းစွာ ခေါ်သည်။

"ဘာလို့ ကားရပ်တာလဲလို့ မမေးဘူးလားဟင်"

အသံက တုန်ခတ်သလိုရှိသော်လည်း ဆုံးဖြတ်ချက်နှင့်မို့ သူ့ရင်မှာ ထိတ်လန့်မှုတော့မရှိ။

ခိုင်ကြည်ဖြူ သူ့မျက်နှာကို ငေးငေးလေးအကြည့်မှာ သူက ရင်မှာထိုးစိုက်ထားသည့် နှင်းဆီပွင့်ကို ထုတ်ယူလိုက်၏။

"ကိုယ် ခိုင့်ကို ပန်းပန်ပေးပါရစေ"

သူမက နှုတ်ခမ်းကလေး တွန့်လှုပ်ရုံပြုံးပြီး ထံပါးသို့ သူမခေါင်းကို အသာရွှေ့လျားပေးသည်။

ဆံကေမှာ အဖြူရောင်နှင်းဆီတစ်ပွင့် ပန်ပေးခြင်း၏ နက်ရှိုင်းအဓိပ္ပါယ်ကို သူမ နားလည်ပါလိမ့်မည်။

ခိုင်ရယ်ဟု ဆိုပြီး သူမ၏လက်ချောင်းလေးများကို သူ ဆုပ်ကိုင်တော့ သူမက မရုန်း။

"ကိုအောင့် နှုတ်ဖျားက ချစ်တယ်လို့ ပြောပါ ဆိုတဲ့ စကားကို ခိုင် မတောင်းဆိုတော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံကြည်တယ်မို့လား ခိုင်"

"အတူလိုက်ဝံ့တာကြည့်လေ"

"ကိုယ် နှင်းဆီခြံထဲက အဖြူရောင် နှင်းဆီလှလှ ဝင်ဝယ်တာ ခိုင် သဘောမပေါက်ဘူး မဟုတ်လား"

"ပေါက်ပါတယ်"

"ကိုယ် ပျော်တာထက်ကို ပိုပြီးပျော်သွားပါပြီ ခိုင်"

နားလည်မှုများသည် ရင်ထဲမှာ တူညီစွာရှိကြ၏။

ရှာစပ်က သဘာဝအခင်းအကျင်းနဲ့ လက်ဖက်ရည်ဆိုင်လေးမှာ လက်ဖက်ရည်သောက်တော့ သူနှင့် ခိုင် ချစ်သူဘဝ ရောက်ခဲ့ပြီးပါပြီ။

အပြန်လမ်းမှာ ကားမောင်းရင်း သူမ လက်ချောင်းလေးကို ထပ်မံဆုပ်ကိုင်တော့ . . .

"ခဏခဏ မကိုင်နဲ့လေ။ လက်ချောင်းလေးတွေ ကျိုးကုန်မယ်"

"ခိုင်က မရှုန်းဘူးနော်"

"ကိုအောင်က ခိုင့်ချစ်သူပဲဟာ"

သည်စကားထက် လှပသည့်စကားလုံးကို သူ့ဘဝမှာ တစ်ခါမျှ မကြားဖူးပါချေ။

☆ ☆ ☆



|၂၅|

သားကြီး သက်တောင့်သက်သာရှိပြီလား ဆိုသည့်စကားမှာ မေမေ သူနှင့် စကားပြောစရာများ ရှိနေပြီကို စိတ်က သိလိုက်၏။

စီးကရက်ကို ခပ်မျှင်းမျှင်းရှိုက်ထုတ်ရင်းမှ သူ မေမေ့ကို မော့ကြည့်သည်။

"ညကလေးက တကယ့်ကို အေးအေးချမ်းချမ်းပါပဲ။ မေမေနဲ့ သားကြီး လသာဆောင်မှာ လက်ဖက်ရည်သောက်ရင်း စကားပြောကြရအောင်"

"မေမေတော့ လက်ဖက်ရည် စွဲနေပြီ"

"သားကြီးကကော"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ရှက်ရှက်ကလေး ပြုံးလိုက်သည်။

နိုင်ကြည်ဖြူနှင့် ချစ်သူဖြစ်သွားသည့် နောက်ပိုင်းမှာ သူ အလိုလိုနေရင်း လက်ဖက်ရည်သမား ဖြစ်သွားရသည်ကို သိ၏။

နိုင်ကြည်ဖြူနှင့် ရန်ကုန်မြို့အနှံ့ ကောင်းသည်ဆိုသည့် လက်ဖက်ရည်ဆိုင်တွေ နှစ်ယောက်အတူ လျှောက်ထိုင်ရသည်ကလည်း ပျော်ရွှင်ဖွယ် နေ့ရက်တွေပါပဲ။

မေမေနှင့်အတူ လသာဆောင်ဘက် ထွက်ခဲ့သည်။

မကြာမီ အိမ်ဖော်ကောင်မလေးက လက်ဖက်ရည်နှစ်ခွက် လာပို့၏။

မေမေက လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး . . .

"နေ့ခင်းက မေမေနဲ့ မင်း အန်တီခင် ဗိုလ်ချုပ်ဈေး ရောက်လို့ ဆိုင်ကိုတောင် ဝင်ခဲ့သေးတယ်"

"ဟုတ်လား မေမေ။ ဒီနေ့ ကျွန်တော် ဆိုင်ကိုမရောက်ဘူး"

"ဟိုကလေးမလေးက တဂါယ့်ကို ချက်ချက်ချာချာပါပဲ"

မေမေ ဘယ်သူ့ကို ရည်ညွှန်းသည်ကို သူ တန်းသိ၏။

"သက်နှင်းဝေကို ပြောတာထင်တယ်"

"အသားဝါဝါဝင်းနဲ့ ချောချောလှလှလေးလေ"





"ဟုတ်တယ် မေမေ။ သက်နှင်းဝေပါ"

မေမေ သူ့မျက်နှာကို အကဲခတ်ကြည့် ကြည့်သည်ကို သူသိ၏။

"ကောင်မလေးက သွက်လက်တယ်။ စကားပြောလိမ္မာပါးနပ်တယ် မေမေ။ ငယ်ပေမယ့် တည်ကြည်ပြီး အလုပ်ကို ကြိုးစားတယ်။ ဆိုင်ရဲ့ အုပ်ချုပ်ရေးမှူး ရာထူး တိုးမြှင့်ပေးဖို့ ကျွန်တော် စီစဉ်ထားတယ်"

"ဟဲ့-မခင်မာ ရှိနေတယ်မဟုတ်လား"

လက်ရှိအရောင်းခန်းမ၏ အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာကို ရည်ညွှန်းပြီး မေမေက ပြောသည်။

"ဒေါ်ခင်မာက ရှေ့လဆန်းအလုပ်ထွက်ဖို့ နှုတ်နဲ့ ကြိုတင်ပြောထားတယ် မေမေ"

"ဘာဖြစ်လို့လဲ။ မေမေတို့ပေးထားတဲ့ လစာအပေါ်မှာ စိတ်ညစ်စရာများ ရှိနေလို့လား"

"သူ့မိသားစုအပိုင်းပါ မေမေ။ သူတို့အိမ် ဘေးခန်းက အိမ်ငှားတွေ ဆင်းသွားလို့ စတိုးဆိုင်လေး ဖွင့်မယ်ဆိုတဲ့ သူတို့မိသားစု စီမံကိန်းပါ"

"ဩော်"

အရောင်းခန်းမကိစ္စက သည်မျှသာ။

သို့သော်လည်း သက်နှင်းဝေ၏ မိသားစုအကြောင်းကို ထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား မေးပြီးတော့မှ မေမေက . . .

"သားကြီးနဲ့ စကားပြောချင်တယ်ဆိုတာက မေးချင်တာသက်သက်ပါ။ မင်းဖေဖေ ဘဝတစ်ပါး ပြောင်းသွားပြီးကတည်းက သားတို့ဘဝမှာ မေမေဟာ ဖခင်နေရာမှာကော မိခင်နေရာမှာပါ ဝင်ပါပြီး အုပ်ထိန်းခဲ့ရတယ် မဟုတ်လား"

"ပြောနေဖို့တောင် မလိုပါဘူး မေမေရာ"

"ဒီလိုပါ။ စကားချီနေရတာက မေမေ့ကို သားကြီးက ဖခင်လို သဘောထားပြီး ပွင့်ပွင့်လင်းလင်း ပြောစေချင်လို့ပါ"

သူ မေမေ့ကို ပြုံးပြီး ကြည့်နေမိပါ၏။

သည်စကားတွေစလာလျှင် မေမေ့နှုတ်ဖျားမှာ ချွေးမအလောင်းအလျာတစ်ယောက် ပါလာမှာ သေချာပါ၏။

"ဘာလဲ မေမေ။ ကျွန်တော့်ကို အိမ်ထောင်ချပေးဖို့ ချွေးမတစ်ယောက် တွေ့လာပြန်ပြီ ထင်တယ်"

"မရှာရဲတော့ပါဘူး။ မေမေ ရှာလာလည်း မင်းက ကြိုက်တာမှ မဟုတ်တာ။ ကြိုက်မလို ဖြစ်လာပြန်ရင်လည်း အငယ်ကောင်က ဖျက်တာနဲ့ ပျက်ပြန်ရော"

သူက ရယ်နေ၏။





"ဒီဟာက မင်းကို ပွင့်ပွင့်လင်းလင်းမေးမှာ"

"မေးပါ မေမေရ။ မေမေ မေးရင် ဖြေရမယ့်ဝတ္တရားက ကျွန်တော့်ဝတ္တရားပဲ"

မေမေက ကျေနပ်စွာပြုံးသည်။

သည့်နောက် အန်တီခင်တို့ခြံသို့ အကြည့်တစ်ချက် ရောက်သွားပြီး မေမေက . . .

"သားနဲ့ ခိုင့် အခြေအနေလေ။ မေမေ သိချင်တယ်"

"အိမ်နီးချင်းတွေလေ မေမေရဲ့"

"သားကြီး မင်း မေမေ့ကို စကားဝှေ့လည်ကြောင်ပတ် မပြောနဲ့။ သားကြီးနဲ့ ခိုင့် ဆက်ဆံရေးအခြေအနေ၊ မိန်းမတစ်ယောက်ရဲ့ မျက်လုံးတစ်ဝင့်မှာ ဒီယောကျ်ားအပေါ် ထားတဲ့ မေတ္တာတရားကို မိန်းမချင်း မေမေ မသိပဲနေမလား"

သူ့မျက်နှာ ခပ်ရှိန်းရှိန်းကလေး ဖြစ်သွား၏။

မေမေက ဆက်ပြောသည်။

"အတူသွား အတူလာကြတဲ့အပေါ်မှာ နှစ်ယောက်စလုံး ကလေးတွေမဟုတ်ကြလို့ မေမေ မသုံးသပ်ဘူး။ ခု သုံးသပ်နေတာက သားကြီးက ခိုင့်ကို ကြည့်တဲ့ အကြည့်ထက် ခိုင်က သားကြီးကို စကားပြောရင်း ပြုံးပြီးကြည့်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အကြည့်အပေါ်မှာ မေမေ သုံးသပ်တာ”

သူ မေမေ့ကို အရှိန်းအထင်ကြီးသွားသည်။

မေမေ့မှာ လူငယ်တို့ရဲ့ နှလုံးသားနဲ့ ပတ်သက်တဲ့ ပါးနပ်မှုတွေ မရှိနိုင်ဟု သူ ထင်ထားခဲ့သည်။

သူ မေမေ့ကို မလိမ်ချင်။

သူနှင့် ခိုင်ကြည်ဖြူ အခြေအနေကို မေမေ့ကို ပြောပြရလျှင် ကောင်းမည်လားဆိုသည့်အတွေး။

ခိုင်ကတော့ သူ့ကို တလေးအနက် ပြောထားဖူးသည်။

“ကိုအောင်နဲ့ ခိုင်တို့ အချစ်ကိစ္စကို နှစ်ဖက်မိဘတွေကို ဖွင့်ပြောလိုက်ရင် ဝမ်းမြောက်ဝမ်းသာ ရှိကြမှာပါ။ အချိန်တွေ ရက်တွေ မဆွဲတော့ဘဲ ချက်ချင်းစီစဉ်ပေးကြမှာ။ ခိုင် အိမ်ထောင်ရေးနယ်ပယ်ကြီးထဲကို မြန်မြန်ဆန်ဆန် မဝင်ချင်သေးဘူး။ ဒီတော့ ခြောက်လ တစ်နှစ်တန်သည် သွားသွားလာလာနဲ့ လွတ်လွတ်လပ်လပ် နေကြရအောင်နော်။ ဒီတော့ မိဘတွေက အခြေအနေ ဖွင့်မေးလာရင် လိမ်ညာရာလည်းမကျအောင် ပါးပါးနပ်နပ်ဖြေကြမယ်နော်”

သူ ခိုင် ပြောခဲ့သည့်စကားကို အမှတ်ရနေ၏။

ခိုင့်စကားကို သူလည်း သဘောကျလက်ခံခဲ့သည်။





ခြောက်လ တစ်နှစ်ဆိုသည်ကလည်း ဘာမှကြာတာမဟုတ်။

“အချိန်က အဖြေတစ်ခုခုကိုတော့ ပေးမှာပါ မေမေ။ ခုလို ရှင်းရှင်းနှီးနှီး ခင်ခင်မင်မင် သွားလာနေထိုင်ရတာကို ခိုင်လည်း ပျော်တယ်။ ကျွန်တော်လည်း ပျော်တယ်”

သည်စကားသည် မယုတ်မလွန်ဟု ကိုယ့်ကိုယ်ကို နားလည်သည်။

မေမေကလည်း ပညာတတ် မိန်းမတစ်ယောက်ပဲ။

သူ ရှောင်တိမ်းသလို ဖြေတော့ စည်းကျော်မည့်အမေးမျိုးကို မေမေ မမေးတော့။

သားအမိနှစ်ယောက် တွေ့ရာလေးပါး စကားပြောပြီး လသာဆောင်မှ အခန်းထဲဝင်မည့်အပြုမှာ မေမေက . . .

“သားကြီးသိအောင်တော့ ပြောထားမယ်”

ခြေလှမ်းကို တန့်ပြီး သူ စောင်းငဲ့ကြည့်လိုက်၏။

“ခိုင်နဲ့တော့ မေမေက သဘောတူတယ်”

သူ ရင်ခုန်သွားတာကတော့ အမှန်ပါပဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၂၆]

ဗိုလ်ချုပ်ဈေး အရောင်းခန်းမက အပြန်မှာ လမ်းသင့်သဖြင့် သူ သက်နှင်းဝေကို အိမ်လိုက်ပို့ခဲ့သည်။

ကားပေါ်မှ သူ မဆင်းပဲနေတော့ . . .

"ညှိခံပွဲတွေရှိနေလို့လား ဆရာ"

"မရှိပါဘူး"

"မရှိရင်တော့ အိမ်ပေါ်တက်ရမှာပဲ"

ကလေးငယ်တစ်ယောက်၏ ဟန်ပန်အမူယာမျိုးကြောင့် သူ သက်နှင်းဝေကို ချစ်ခင်ခဲ့သည်။

မိမိနှင့် တွေ့လျှင် (ရံဖန်ရံခါ) ကလေးဆန်တတ်သော်လည်း





လုပ်ငန်းပိုင်းမှာတော့ သက်နှင်းဝေက တည်ကြည်သည်။

ဒေါ်ခင်မာ ထွက်စာတင်ပြီးနောက် မကြာမီမှာပင် သက်နှင်းဝေကို သူ အုပ်ချုပ်ရေးမှူးရာထူး တိုးမြှင့်ပေးခဲ့၏။

လစာပါတိုးမြှင့်ခဲ့မှုကြောင့် ရာထူးတိုးသည့်နေ့က သက်နှင်းဝေ မျက်ရည်ပင် ကျခဲ့သည်။

"ဆင်းလေ ဆရာ"

သူ ငြင်းလျှင်လည်း ရမည်မဟုတ်တော့။

တံခါးဖွင့်ပြီး ကားပေါ်က ဆင်းလိုက်သည်။

"ညနေစာ စားပြီးမှ ပြန်ရမယ်"

"ဟဲ့-အလုပ်ရှုပ်မယ့်ကိစ္စတွေကွာ"

"ဘာမှမဆိုင်ပါဘူး"

နှုတ်ဆိတ်ထားလိုက်ပြီး သူမနှင့်အတူ လှေကားထစ်များကို နင်းမိတက်ခဲ့၏။

လူခေါ်ဘဲလ်ကလေး နှိပ်တော့ ရုတ်ချည်းတံခါးပွင့်လာသည်။

"ဟယ်-အစ်ကိုကြီး ပါလာတယ်"

ခင်မင်းဆွေကို ဝမ်းသာမျက်နှာနှင့် တွေ့၏။

သည်မိသားစုနှင့်ဆုံတိုင်း သူ့စိတ်တွေ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ဖြစ်ခဲ့ရသည်ကတော့ အမှန်။

သည်လိုနှင့် စကားတွေပြောရင်း ရယ်ရင်းမောရင်းနှင့် ညနေစာ



www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းက စိုစိုပြည်ပြည်။

ညပိုင်းမှာ သူပြန်တော့ သက်နှင်းဝေက ကားထိ လိုက်ပို့သည်။ သူ ကားမောင်းထွက်တော့ သက်နှင်းဝေ ခပ်ဝေ့ဝေ့လေး ရပ်ကျန်၏။

သူ ကားမောင်းရင်း မျက်မှောင်ကို ကြုတ်လိုက်သည်။

သည်အခါမှာပဲလေ . . .

သူ သံယောဇဉ်ကို ထိတ်ထိတ်လန့်လန့် ဖြစ်လိုက်မိ၏။

☆ ☆ ☆

[၂၇]

ကားကို ဂိုဒေါင်ထဲ တန်းသွင်းပြီး အိမ်ထဲဝင်ခဲ့သည်။ ပြန်ရောက်မဆိုက်ပင် မေမေက . . .

"ခိုင် တစ်ညနေလုံး စောင့်နေတာ။ ရုံးခန်း ဖုန်းဆက်တော့လည်း ပြန်သွားပြီတဲ့။ လက်ကိုင်ဖုန်းကို ဆက်တော့လည်း ပိတ်ထားတယ်"

"ခိုင် ဘာကိစ္စများရှိလို့လဲ မသိဘူး မေမေ"

"ဒါကတော့ မေမေ မေးသင့်တဲ့ကိစ္စမှ မဟုတ်ပဲ သားကြီးရယ်။ ခိုင် ပြန်သွားတာ နာရီဝက်ပဲ ရှိသေးတယ်။ သားကြီး ပြန်လာရင် ဖုန်းဆက်ပါလို့တော့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းမဆက်တော့ပါဘူး မေမေ၊ ကျွန်တော် ဟိုဘက်

တိုက် ကူးလိုက်ပါ့မယ်"

အခိပ္ပါယ်ပါသည့် မေမေ့အပြုံးကို မသိကျိုးကျွံပြုရင်း လှည့်

အထွက်မှာ . . .

"ထမင်းပြင်ထားမယ်နော်"

"ကျွန်တော် စားခဲ့ပြီ မေမေ။ သက်နှင်းဝေကို အိမ်

လိုက်ပို့ရင်း အတင်းကျွေးလို့ စားခဲ့တယ်"

မေမေ မျက်မှောင်ကလေး ကြုတ်သွားသည်ကို သူ သတိပြု

မိ၏။

နည့်ခန်းမှ လှမ်းအထွက်တွင် အတွေးတစ်ခုက ဖျတ်ကနဲဝင်

သည်။

ခိုင့်ဆီ ဖုန်းဆက်မေးတာ အကောင်းဆုံးပါပဲ။

သူ အနားယူချင်စိတ်ကလည်း ရှိနေသည်။

တစ်ဖက်ခြံကို ကူးရန်မှာလည်း ညဦးနက်ပိုင်းကို တော်တော်

လေး ကျရောက်နေ၏။

သူ ခြေလှမ်းကို ပြန်လှည့်တော့ . . .

"မသွားတော့ဘူးလား"

"မိုးချုပ်ပြီ မေမေ။ ခိုင် ဘာကိစ္စရှိလို့လဲဆိုတာ ဖုန်းနဲ့

ပဲ လှမ်းမေးတော့မယ်"





ဖုန်းခွက်ရှိရာ လျှောက်ခဲ့ပြီး ဂဏန်းကွက်လေးများကို လက်ညှိုး

နှင့် ဖိနှိပ်လိုက်သည်။ ပြီး ဖုန်းခွက်ကို နားမှာ ကပ်လိုက်၏။

တစ်ဖက်မှ ဖုန်းခွက်မ,ယူသံ ကြားလိုက်ပြီး တစ်ဆက်တည်းမှာ

ပင် . . .

"ကိုအောင်လား"

"အာပါး-အတတ်သိနေပါလား ခိုင်"

"သိတာပေါ့။ ခြံထဲ ကားဝင်သွားကတည်းက ကို

အောင် ပြန်ရောက်ပြီဆိုတာ၊ ပြီးတော့ မိနစ်ပိုင်းအ

တွင်းမှာပဲ ကိုအောင် ဖုန်းဆက်မယ်ဆိုတာ တွက်ချက်

ထားပြီးသား"

"တော်လိုက်တာ"

"မနောက်ပါနဲ့။ ဘယ်တွေ လျှောက်သွားနေတာလဲ။

ကုမ္ပဏီကိုလည်း ဖုန်းဆက်တယ်။ ဟမ်းဖုန်းကို ဆက်

တော့ ပိတ်ထားတယ်"

ဟမ်းဖုန်းကို သက်နှင်းဝေ ယူကိုင်သည်ကို သတိပြုမိ၏။ စား

သောက်တုန်း ဖုန်းမြည်လာမှာ စိုးရိမ်ဟန်တူပါသည်။

"ခိုင့်ကို ချစ်ခဲ့ပြီးမှ ကိုယ် အလုပ်တွေ အရမ်းလုပ်နေ

တယ်ဆိုတာ ခိုင် သိပါတယ်နော်"

"ကိုအောင်က အပြောကောင်းပဲ။ ဒီမယ် ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ခိုင်"

"ကိုအောင် နက်ဖြန်အားလားဟင်"

"မအားလည်း ခိုင့်အတွက် အားပေးရမှာပဲ"

"ဒါဆို ခိုင် ပျော်သွားပြီ။ အစီအစဉ်ကတော့ မနက်ဖြန် ခိုင်တို့ကို ဇလွန်ပြည်တော်ပြန်ဘုရား လိုက်ပို့ပေးဖို့ပါ ကိုအောင်"

"ခိုင်တို့ဆိုတော့ ခိုင်တစ်ယောက်တည်း မဟုတ်တာတော့ သေချာသွားပြီ"

"ဟုတ်တယ် ကိုအောင်။ ခိုင့် သူငယ်ချင်း နှစ်ယောက်လည်း ခု အိမ်မှာ ရောက်နေတယ်။ သူတို့ပါ လိုက်မှာ။ အဲဒါ နက်ဖြန် မနက် ခြောက်နာရီ အိမ်က ထွက်မယ်နော်"

"ကောင်းပြီ ခိုင်။ ကိုယ် အဆင်သင့်ဖြစ်နေမှာပါ"

"ဂွတ်နိုက် ကိုအောင်"

ခိုင် ဖုန်းချသွားသည်။

သူ ဖုန်းခွက်ကို အသာပြန်ချလိုက်ပြီး ကိုယ်ကို အလှည့်မှာ ထမင်းစားခန်းမှ ထွက်လာသည့် မေမေနှင့် မျက်နှာချင်းဆုံသည်။

"ခိုင်က မနက်ဖြန် ဇလွန်ပြည်တော်ပြန်ဘုရား သွားဖူးချင်လို့တဲ့ မေမေ"





"ကုသိုလ်ရတာပေါ့ သားကြီးရယ်။ လိုက်ပို့လိုက်၊ လိုက်ပို့လိုက်"

မေမေ့အသံ တက်ကြွနေသည်ကို သူ တအံ့တသြဖြစ်ရ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၂၈]

နံနက်ခြောက်နာရီ မထိုးခင်ကတည်းက ခိုင်တို့ သူငယ်ချင်း သုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို တိုက်ပေါ်မှနေ၍ သူ မြင်ခဲ့သည်။

ကားထုတ်ပြီး တစ်ဖက်ခြံသို့ မောင်းဝင်တော့ ခိုင် သူ့ထံပါးသို့ အပြေးကလေး ရောက်လာ၏။

"ညက ကိုအောင် အိပ်မပျော်ဘူးမို့လား"

"ခိုင် ဘယ်လိုလုပ်သိလဲ"

"ခိုင်တို့ သူငယ်ချင်းသုံးယောက် တစ်ညလုံး စားစရာ သောက်စရာတွေ စီစဉ်နေတာ။ ကိုအောင့် အိပ်ခန်းမီး





မကြာမကြာ လင်းလာတာကို သတိပြုမိတယ်လေ"

သူ ပြုံးနေလိုက်၏။

သည့်နောက် ကားနောက်ခန်းထဲမှာ ချိုင့်ကြီး ချိုင့်ငယ်တွေ ထည့်ကြသည်။

ရေသန့်ဘူးတွေကလည်း ဆယ်ဘူးတိတိ။

အိမ်က ကားထွက်ပြီး လမ်းကျမှ ခိုင်က သူမ၏ သူငယ်ချင်းမတွေနှင့် သူ့ကို မိတ်ဆက်ပေးသည်။

"မခင်လေးနွယ်။ မခင်လေးသွယ် ဆိုတဲ့ နာမည်တွေက ကျွန်တော့်နားထဲ ယဉ်ပါးနေတာကြာပါပြီ။ ခိုင်က သူ့ သူငယ်ချင်းတွေရဲ့ ဂုဏ်သတင်းကို ရှိရင်းစွဲထက် ပိုပို ပြီး ပြောတတ်နေလို့ပါ"

သူ့စကားကို သဘောကျစွာဖြင့် ခင်လေးသွယ်နှင့် ခင်လေးနွယ် ရယ်သည်။

ခိုင်ကတော့ သူ့လက်မောင်းကို မနာမကျင် ထု၏။

"ကျူရှင်ပြပြီး သူဌေးဖြစ်နေတာလို့လည်း ခိုင်က ပြောတယ်"

"မဖြစ်ပါဘူး ဦးကိုကိုအောင်ရယ်။ ခိုင်က အခကြေးငွေ မယူဘဲ တစ်ပတ်ကို နှစ်ချိန် သုံးချိန် လာပြပေးနေတာကို ကျေးဇူးအခါခါ တင်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ပြချင်တယ်"

နိုင်က ကြားဖြတ်ပြီး . . .

"ကိုအောင့်ဆိုင်က ရတနာတွေကိုလား။ တစ်သိန်းတန်ကို ငါးသိန်းနဲ့ ရောင်းမယ်။ ငါးသိန်းတန်ကို ဆယ်သိန်းနဲ့ ရောင်းမယ်။ အသိအကျွမ်းရယ် ဆိုပြီး လျှော့ပေးလိမ့်မယ် မထင်နဲ့ နွယ်နဲ့ သွယ်"

"နိုင်နဲ့ မေတ္တာမျှပြီးမှ စျေးတွေကို မတန်တဆ တိုးတင်လိုက်ရတာပါ"

နိုင်က ဒုတိယအကြိမ် လက်မောင်းကို လက်သီးနှင့် ထုပြန်၏။ စကားအရယ်အမောများနှင့် လမ်းတစ်လျှောက် ပျင်းရိချိန်ပင် မရ။

ဗိုလ်မြတ်ထွန်းတံတားကြီး ဟိုဘက်ရောက်တော့ နိုင်က . . .

"ကိုအောင် ကားကို နိုင်လည်း ကူမောင်းပေးမယ်နော်။ ကိုအောင် ပင်ပန်းပါတယ်"

နိုင် ကားမောင်းကျွမ်းကျင်သည်ကို သူသိသည်။ သို့သော်လည်း နိုင့်ကို သူ့နဘေးမှာ သက်သက်သာသာနှင့်ပင် လိုက်စေချင်သည်။

"ရပါတယ် နိုင်။ ဇလွန်က သိပ်ဝေးတာမှမဟုတ်ပဲ"

"ကိုအောင် ပင်ပန်းမှာစိုးလို့ပါ"





နောက်ဘက်မှ အသံအုပ်အုပ်ကလေးပြုပြီး ရယ်ကြသည့်အသံကို ကြားသည်။

နိုင်က နောက်ဘက်လှည့်ပြီး . . .

"ဘာရယ်ကြတာလဲဟ"

"မရွှေနိုင် ပွပန်တတ်ပုံကို သဘောကျလို့ပါ"

နိုင်က ရှက်ပြုံးကလေး ပြုံးပြီး သူ့မျက်နှာကို လှမ်းကြည့်၏။ သူက ကျေနပ်စွာ ပြုံးလိုက်သည်။

☆ ☆ ☆



www.burmeseclassic.com

## [၂၉]

နေ့ချင်းပြန်လျှင်ရသည့် ခရီးဖြစ်သော်လည်း ခိုင်က နံနက်ဦး ဆွမ်းကပ်ပြီးမှ ပြန်ချင်သည်ပြောသဖြင့် ဆန္ဒကို လိုက်လျောရသည်။

ဇလွန်မှာ အသိမိတ်ဆွေရှိသော်လည်း ညအိပ်နေရေးကို အားနာသဖြင့် ဘုရားပရဝဏ်အတွင်းရှိ ဧည့်ဆောင်မှာ ဘုရားလူကြီးများ၏ အကူညီနှင့် တည်းခွင့်ရသည်။

"ရေမိုးလည်း လုံလောက်တယ် ကိုအောင်။ လွတ်လပ် သန့်ရှင်းမှုကလည်း အပြည့်ပဲ။ ညဘက် လက်ဖက်သုတ် စားရင်း၊ စကားပြောရင်းနဲ့ အိပ်ချိန်တောင်ရှိမှာ မဟုတ်ဘူး။ ညဘက် မာရ်အောင်မြင် ဘုရားကြီးကို





ကြည်ညိုရတာ အရမ်းသပ္ပာယ်တာ ကိုအောင်ရဲ့။ ခိုင် နှစ်ခါတောင် ရောက်ဖူးတာ။ ကိုအောင်နဲ့ သုံးကြိမ် ပြည့်မြောက် ရောက်ဖူးရတာ ဘဝရဲ့ ထူးခြားမှုကြီး တစ်ခုပဲ"

ညဘက်မှာ သူနှင့်ခိုင် မာရ်အောင်မြင်ဘုရားကြီးကို လက်ျာရစ် ပတ်ပြီး ကြည်ညိုသည်။

ခိုင်က သူ့အတွက်ပါ ရည်စူးပြီး ဖယောင်းတိုင် ခြောက်ဆယ့်လေးတိုင် မီးညှိပူဇော်ရင်း . . .

"မြို့ကို မီး အကြီးအကျယ်လောင်တော့ တန်ဆောင်း ပတ်ဝန်းကျင်မှာရှိတဲ့ အိမ်တွေ မီးလောင်ပျက်စီးပေမယ့် တန်ဆောင်းကြီးနဲ့ မာရ်အောင်မြင်မြတ်စွာဘုရားကို မီးမခပဲ မီးကွင်းခဲ့တယ် ကိုအောင်"

ခိုင်က ဗုဒ္ဓမျက်နှာတော်ကို ဖူးမြော်ရင်း သူမ သိသည့် ဘုရားကြီး၏ သမိုင်းအချို့ကို ပြောပြသည်။

"၁၂၁၄ ခုနှစ် ဖြစ်လိမ့်မယ် ကိုအောင်။ ပုဂံမင်း နန်းကျပြီး မင်းတုန်းမင်း နန်းတက်တဲ့နှစ်မှာပဲ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ သိမ်းပိုက်ပြီး ၁၂၁၇ ခုမှာ မာရ်အောင်မြင်ဘုရား အိန္ဒိယပြည် ဘုံဘေမြို့ကို ပါတော်မူတယ်လို့ ခိုင် မှတ်သားဖူးတယ်"

www.burmeseclassic.com

သမိုင်းအကြောင်းပြောရင်း ခိုင်က ဖယောင်းတိုင်များကို မီးလိုက်ကူးသည်။

သူလည်း ခိုင်နှင့်အတူ မီးကူးရင်း ခိုင့်စကားကို စိတ်ဝင်စားနေ၏။ စီးပွားရေးတစ်ခုတည်းမှာ စိတ်ကို နှစ်မြှုပ်ထားခဲ့သဖြင့် သမိုင်းဆိုင်ရာများမှာ သူ အားနည်းခဲ့သည်။

"ဘုံဘေမြို့ ရောက်နေတဲ့ ကြေးဆင်းတုတော်တွေကို ဂိုဒေါင်နဲ့ထားပြီး ဖိုကျင်ထိုး၊ အရည်ကျိုပြီး ကြေးပိုက်ဆံ လုပ်ကြတယ်။ မာရ်အောင်မြင်ဘုရားကို ဖိုလေးလုံးနဲ့ ထိုးပေမယ့် အရည်မပျော်ဘူး။ တူနဲ့ထုလည်း အရာမထင်ဘူးတဲ့။ အဲဒီအချိန်မှာ မိုးမှောင်ကြီးကျ၊ နှင်းတွေ ဝေပြီး ဌာပနာထားတဲ့ ဓာတ်တော်တွေ ကွန့်မြူးပြီး ရောင်ခြည်တော် လွှတ်တယ်တဲ့ ကိုအောင်ရဲ့။ အနောက်ဘက်ကို မျက်နှာတော် လှည့်ထားပေမယ့် အရှေ့ဘက်ကိုပဲ မျက်နှာပြန်မူတယ်။ ကုလားလူမျိုး ခြောက်ဆယ်ကျော် သွေးအန်ပြီး သေတယ်လို့ သမိုင်းမှာ စာတင်ထားတယ် ကိုအောင်"

ဖယောင်းတိုင်မှ မီးတောက်ကလေးများ ဝင်းလက်နေ၏။ ခြောက်ဆယ့်လေးတိုင် မီးတိုင်လေးများက အစီအရီ။ ခိုင်နှင့်အတူ ဘုရားဆီမီး ထွန်းညှိရသည်မှာလည်း သူ့အတွက် ပထမဆုံး





အကြိမ်ပါပဲ။

ခိုင်က စကားကို ဆက်ပြောသည်။

"အင်္ဂလန်ပြည်မှာ ရာဇဘိသိက် ခံယူပြီး အိန္ဒိယပြည် ဒေလီမြို့မှာ ခေတ္တလာရောက်စံမြန်းနေတဲ့ ဝိတိုရိယဘုရင်မကြီးမှာ မဖြစ်စဖူး ထူးကဲတဲ့ ခေါင်းခဲဝေဒနာ စွဲကပ်ခဲ့တယ် ကိုအောင်။ ဘယ်သမားတော်နဲ့မှလည်း ကုစားလို့မရဘူး။ ဝေဒနာခံစားရင်း တစ်ညမှာ ဝိတိုရိယဘုရင်မကြီး အိပ်မက် မြင်မက်တယ်တဲ့။ အိပ်မက်ထဲမှာ ခေါင်းခဲဝေဒနာ ပျောက်ကင်း ချမ်းသာလိုရင် မြန်မာပြည်က ယူဆောင်လာတဲ့ မာရ်အောင်မြင်ရုပ်ထုကြီးကို နေရင်းအရပ် ရောက်အောင် ပြန်ပို့ရမယ်။ ပြန်မပို့ရင် ဘုရင်မကြီး၏ အသက်အန္တရာယ်၊ တိုင်းပြည် မြို့ရွာ အန္တရာယ် ဖြစ်လိမ့်မယ်လို့ အိပ်မက်မြင်မက်တယ်တဲ့"

သူ ခိုင့်စကားများကို စိတ်ဝင်စားစွာ နားထောင်ရင်း ခိုင့်မျက်နှာကို ကြည့်သည်။ ခိုင်က ဆက်ပြော၏။

"ဘုရင်မကြီး ရုတ်တရက် အိပ်ရာက လန့်နိုးပြီး ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့တဲ့ စိတ်နဲ့ မှူးမတ်တွေကို ခေါ်ပြီး မာရ်အောင်မြင်ဘုရားကို ရှာဖွေတဲ့အခါ ဘုံ



www.burmeseclassic.com

www.burmeseclassic.com



ဘေမြို့ ဂိုဒေါင်ထဲမှာ မဖွယ်မရာ ထားခံရတဲ့ ရုပ်တုတော်ကြီးကို ရောင်ခြည်တော်တွေ တဖျပ်ဖျပ်နဲ့ သွားတွေ့ခဲ့တယ် ကိုအောင်"

"ဟုတ်လား"

"အဲဒီမှာ ဘုရင်မကြီးက သူ အိပ်မက်မြင်မက်တဲ့ ရုပ်တုတော်ပဲ။ ယူခဲ့တဲ့နေရာကို အမြန်ပြန်ပို့စေ ဆိုပြီး အမိန့်တော်မှတ်မှ ဘုရင်မကြီးရဲ့ ဝေဒနာသက်သာပျောက်ကင်းသွားတယ်။ သက္ကရာဇ် ၁၂၁၉ ခုမှာ မာရ်အောင်မြင်ဘုရားကို သင်္ဘောနဲ့ ပြန်ပင့်ဆောင်လာတယ်။ အဲဒီကစပြီး ပြည်တော်ပြန်ဘုရားလို့ ထင်ရှားလာတာ"

"ဗဟုသုတပါပဲ နိုင်"

"ကိုအောင် မသိဘူးလား"

"ကြားဖူးသလိုတော့ ရှိတယ်။ နိုင်ပြောမှ ပြည့်ပြည့်စုံစုံသိရတာ"

ဖယောင်းတိုင်အားလုံး မီးတွက်နီးညှိပြီးသွားသည်။

သည့်နောက် ဗုဒ္ဓရှေ့ ပုဆစ်ဒူးတုပ် ထိုင်ပြီး ပန်းဆီမီး ပူဇော်ရသည့်အကျိုး။ ရှိကျိုးစွာ ဦးချကန်တော့ရင်း ဆုတောင်းသည်။ သံသရာမှာ နိုင်နှင့် ဆုံဆည်းရပါစေ။





နောက်တစ်နေ့ နံနက်ဦးမှာ နိုင်က ဆွမ်း ရေချမ်းကပ်သည်။ မိုးစင်စင်လင်းမှ သူတို့ ဇလွန်မြို့ကို ခွာခဲ့ကြပါသည်။

အပြန်မှာ သူ ဖတ်ဖူးသည့် ကဗျာဆရာ ဇလွန် သွမ်းကျော်ရဲ့ မြတ်နိုးရိပ် ကဗျာစာအုပ်ထဲက ကဗျာပိုဒ်လေး တစ်ပိုဒ်ကို အမှတ်ရလိုက်မိပါ၏။

ကဗျာပိုဒ်လေးက . . .

မာရ်အောင်မြင်ဟု
ဘွဲ့လျှင်ထင်ရှား
'ပြည်တော်ပြန်ဘုရား' မှာ
အသနားခံ၊ ဆုချွေပန်ခဲ့
ပြန်ရန်ဝန်လေး၊ သူနှင့်ဝေးဖို့
မတွေးရဲပါ၊ သစ္စာကတိ
တည်ရှိမပျက်၊ ချစ်လျက်အတူ
မလွှမ်းရတဲ့သူတွေ ဖြစ်ပါစေ . . . တဲ့။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၃၀]

ခရီးရောက်မဆိုက်ပင် မေမေက နက်ဖြန် ညီညီအောင် ပြန်လာမည့် အကြောင်းကို ဝမ်းသာအားရ ပြောသည်။

"သားငယ်က မေမေတို့ဆီ ဖုန်းဆက်ပြီး သူ့သူငယ်ချင်း အောင်ဇေယျဆီလည်း ဖုန်းဆက်တယ်။ အောင်ဇေယျ ဝမ်းသာအားရနဲ့ မေမေ့ဆီ ရောက်လာတယ်။ အစ်ကိုကြီး ခရီးလွန်နေရင် နက်ဖြန်လေဆိပ် သွားကြိုဖို့ကို အန်တီ့ကို ကျွန်တော် လာခေါ်ပါမယ်တဲ့။ မေမေက တော့ သားကြီး ဒီနေ့ ပြန်ရောက်မှာပါလို့ ပြောလိုက်တယ်။ နက်ဖြန် သူ ဝင်လာဦးမယ်လို့လည်းပြောတယ်"





သူတို့ သူငယ်ချင်းနှစ်ယောက်၏ သံယောဇဉ်ကြီးမားမှုကို သူ သိပြီးသား။

ဥပမာ ညီညီအောင်ပြိုင်ကားကို ရက်ခြား ဆီလာထုတ်ပေးတာ တွေ၊ ဘက်ထရီမဒေါင်းအောင် စစ်ဆေး စက်နှိုးလုပ်ပေးတာတွေ။

"နက်ဖြန် မေမေ လေဆိပ်လိုက်မှာလား။ လေယာဉ်က ညနေ ငါးနာရီခွဲလောက် ဆိုက်မှာ"

စက်ာပူမှ ရောက်လာသည့် ညီ့သည်များကို သူ မကြာခဏ သွားကြိုနေကျဖြစ်၍ လေဆိပ်သို့ လေယာဉ်အဝင်အထွက်ကို သူ သိသည်။

"သားငယ်ကို သားကြီးပဲ သွားကြိုလိုက်လေ။ အောင်ဇေယျလည်း ရောက်နေမှာပဲ။ မေမေ မလိုက်တော့ဘူး။ အိမ်မှာ သားငယ် ကြိုက်တတ်တဲ့ ဟင်းလျာတွေ စီမံရဦးမယ်"

မေမေ ပျော်နေသည်ကို သူသိသည်။

ညအိပ်ရာဝင်ခါနီးအထိ မေမေသည် ညီညီအောင့်အကြောင်း ပြောမဆုံး။

"လူ့ဘဝ လူ့လောကကြီး အကြောင်းကို သားငယ် သဘောပေါက်လာမှာ သားကြီးရဲ့။ ပြန်ရောက်ရင် သားကြီးရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ သားငယ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်တပ်တစ်အားဖြစ်မှာပါ"

သူလည်း မေမေ့လို မျှော်လင့်ထားသည်။

ညီညီအောင် အချိုးတွေ ပြောင်းပါစေ။

တစ်ခုတော့ ဖြေတွေးလို့ရသည်။

အောင်ဇေယျက သူ့အစ်မကုမ္ပဏီမှာ အလုပ်သင်ဝင်နေတော့ ညီညီအောင်လည်း သူ့ကိုယ်သူ မည်သို့ပြောင်းလဲရမည်ကို သိလာပေလိမ့်မည်။

အောင်ဇေယျကလည်း သူ့သူငယ်ချင်းဖြစ်သူကို အနီးကပ် အကောင်းဆုံး လမ်းညွှန်နိုင်လိမ့်မည်ဟု သူ ယုံကြည်ပါ၏။

အလုပ်လုပ်ရင်း လူငယ်သဘာဝ အပျော်ကလေးတွေ စွက်ဖက်လာတာလောက်တော့ သူ ခွင့်လွှတ်လို့ရသည်။

နောက်တစ်နေ့ နေ့လည်ဘက်မှာ အောင်ဇေယျ သူ့ရုံးခန်းသို့ ရောက်လာ၏။

"အန်တီ့ဆီ ဝင်သေးတယ်။ အစ်ကိုကြီး ပြန်ရောက်နေပြီဆိုတာ ပြောတယ်။ ညနေ အစီအစဉ်လေးကို အစ်ကိုကြီးကို ပြောချင်လို့ လှည့်ဝင်လာတာ"

"မင်း ကိုယ်နဲ့အတူတူ လိုက်မယ်မဟုတ်လား"

"ကျွန်တော် လေဆိပ်ကို ကြိုရောက်နေမယ် အစ်ကိုကြီး။ အစ်ကိုကြီး ကျွန်တော့်ကို မစောင့်နဲ့တော့"





"ကောင်းပြီလေ။ ဒါဆို ကိုယ် ဒီကနေ လေဆိပ်ကို တန်းသွားတော့မယ်"

အောင်ဇေယျကို အအေးဘူးနှင့် ဧည့်ခံရင်း မင်းသူငယ်ချင်းကို အကောင်းဆုံး အကြံဉာဏ်တွေ ပေးပါကွာဟု သူပြောတော့ အောင်ဇေယျက ပြုံးသည်။

"ညီအောင်က တစ်ခါတစ်လေ ကလေးလို အစ်ကိုကြီးရဲ့။ ကျွန်တော်ဆို သူ့ကို အမြဲတိုင်း စိတ်ရှည်ပေးနေရတယ်"

"ညီညီကလည်း အောင်ဇေယျကို ညီအစ်ကိုရင်းလို ချစ်ခင်ပါတယ်"

"ကျွန်တော် ယုံကြည်တယ် အစ်ကိုကြီး။ ကျွန်တော်ကလွဲပြီး သူ ဘယ်အပေါင်းအသင်းကိုမှ မယုံဘူး။ ကျွန်တော့်ကို ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပဲ"

"တစ်ခါတစ်ခါ ကိုယ်စိတ်ကူးမိတယ်"

"ညီအောင်နဲ့ ပတ်သက်ပြီးတော့လား အစ်ကိုကြီး"

"ဟုတ်တယ်။ ဒီကောင့်ကို ခြေငြိမ်သွားအောင် မိန်းမပေးစားပစ်လိုက်ချင်တာ။ ယူပြီး အဆင်မပြေတော့မှ ကိုကို ပေးစားလို့ ယူရတာဆိုပြီး ကိုယ်တရားခံဖြစ်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သဘောကျစွာဖြင့် အောင်ဝေယျက ရယ်သည်။ ရယ်ရင်းနှင့် . . .

"ဖူးစာဆုံတဲ့အခါကျ အစ်ကိုကြီးက ရှာဖွေပြီး ပေးစား စရာတောင် မလိုပါဘူး အစ်ကိုကြီးရာ"

သူ ပြုံးနေလိုက်၏။

မိနစ်စွန်းစွန်းမျှ ပြောဆိုရယ်မောပြီး အောင်ဝေယျ ပြန်သွားသည်။

ညနေဘက်ရောက်တော့ လေယာဉ်ဆိုက်ချိန်ကို မှန်းပြီး သူ ရုံးခန်းမှ ကားမောင်းထွက်လာခဲ့၏။

☆ ☆ ☆

သူနှင့် အောင်ဝေယျကို မြင်သည်နှင့် ညီညီမျက်နှာ ဝင်းလက်သွားသည်။ သူ ညီညီကို ပြုံးပြုံးကြီး ရပ်ကြည့်နေဆဲမှာ သူတို့သူငယ်ချင်းနှစ်ယောက် လက်ဝါးချင်းရိုက်ပြီး ပွေ့ဖက်ကြပြန်၏။ ကွဲကွာနေသည့် ရက်တွေ တွက်စစ်တော့ လတွေပင် စွန်းခဲ့ပြီကိုး။

လေဆိပ်မှ ထွက်တော့ မေမေ၏ ကျန်းမာရေးအခြေအနေကို ညီညီက မေးသည်။





"ကောင်းပါတယ်။ ညှ ညတွေမှာတော့ မေမေက မင်းကို လွမ်းတာပေါ့။ ငါနဲ့ စကားပြောဖြစ်ကြရင်လည်း သားငယ် နေရေးစားရေး အဆင်မှပြေရဲ့လား ဆိုတဲ့ စကားက စ,တာပဲ"

"ငွေကြေး လုံလုံလောက်လောက်နဲ့ အလည်အပတ် သွားတာပဲ ကိုကိုရာ။ ဘာအဆင်မပြေစရာရှိမှာလဲ"

"အဲဒါကို ပြောပြပါတယ်။ မိဘကတော့ ဒီလိုပဲ ရှာကြံပြီး ပူပန်တာပေါ့ကွာ"

ညနေ စောင်းစောင်းလေးမှာ နန်းထိုက်ရတနာ ခြံကြီးကို ရောက်သည်။

မိသားစုတစ်ယောက် ရောက်ရှိလာသည့်အတွက် နန်းထိုက်ရတနာခြံကြီး အရင်ကလို စိုပြည်လာတယ်ဟု မေမေက ပြောသည်။ ပြီးတော့ . . .

"မနက် မနက်တွေမှာ သားငယ်ရဲ့ ကားစက်နှိုးသံ မကြားရတော့ မေမေ တကယ်ကို မျက်ရည်ဝဲရတာ။ အောင်ဝေယျ ရက်ခြားဆိုသလို ကားကို စက်နှိုး စစ်ဆေး ဆီသွားထုတ်တာတွေ့ရင် သားငယ်ကို မေမေ အရမ်းသတိရတာပဲ"

ညီညီက မေမေ့ကို သိုင်းဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က မိသားစု၏ ပျော်ရွှင်ဖွယ်ညနေနှောင်းစ အချိန်လေးပါပဲ။

အောင်ဇေယျက သူ့လက်မှ နာရီကို တကြည့်ကြည့် လုပ်တော့ . . .

"ဘာလဲ နာရီတကြည့်ကြည့်နဲ့ ပြန်တော့မလို့လား"

"မမကြီးကားကို ယူလာတာ။ ပြန်ပို့ရမယ်"

"အချိန်တွေ အများကြီး ရှိသေးတယ် အောင်ဇေယျ။ မင်း ထမင်းမစားပဲနဲ့ ပြန်သွားမှာကို မေမေလည်း လိုက်ခံမှာ မဟုတ်ဘူး။ ကိုကိုလည်း ကျေနပ်မှာမဟုတ်ဘူး"

မေမေကလည်း စကားဝင်၏။

"ဟုတ်သားပဲကွယ်။ ထမင်းစားဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီပဲဟာ"

အောင်ဇေယျက အားနာဟန်ပြနေ၏။

"ထမင်းစားပြီးရင် ငါ မင်းနဲ့ လိုက်ခဲ့မှာ ပေါ့ကောင်။ ငါ ကားယူခဲ့မယ်"

ထမင်းဝိုင်းမှာ စကားတွေ ဖောင်ဖွဲ့သည်။

"လက်ဖက်ရည်ဆိုင်ကျမှ စက်ရုံ အတွေ့အကြုံတွေ မင်းကို ပြောပြရမယ်"





စားသောက်ပြီး ညီညီနှင့် အောင်ဇေယျ ထွက်သွားတော့မှ သူ့အပေါ် ထပ်သို့ တက်ခဲ့သည်။

သည်နေ့တစ်နေ့လုံး ပင်ပန်းနေသလို ခံစားရ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

# [၃၁]

နံနက်ခင်းမှာ ဘယ်လိုရည်ရွယ်ချက်မှ မရှိပါ။

သည်အနက်ရောင် အမြီးနှစ်ခွ ငှက်ကလေးကလည်း သူလာမှ တိုက်တိုက်ဆိုင်ဆိုင် စည်းရိုးတန်းပေါ်မှာ နားသည်။

ရည်ရွယ်ရင်း မရှိပဲနှင့် မြေခဲတစ်ခဲကို ညီညီအောင် ကောက်ကိုင်လိုက်၏။

ပြီး ထိချင်ထိ မထိချင်နေသဘောဖြင့် ပစ်ထည့်လိုက်၏။

မြေခဲက ငှက်ကလေးကို ဒါရိုက်ထိမှန်ပြီး တစ်ဖက်ခြံထဲသို့ ငှက်ကလေး လွင့်ကျသွားသည်။

"ကြည့်စမ်း . . . ကြည့်စမ်း . . . ရက်စက်လိုက်တာ၊





သေပါပြီ။ ငှက်ကလေးတော့ သေပါပြီ"

သူ့ကိုယ် မတ်ခနဲဖြစ်သွားသည်။

အသံက တစ်ဖက်ခြံမှ လာသည့်အသံ။

သူ စည်းရိုးနားသို့ အပြေးကလေး သွားပြီး တစ်ဖက်ခြံသို့ ပုဏ္ဏရိပ်စည်းရိုးပေါ်မှ ငုံ့ကြည့်လိုက်၏။

"ဟာ. . ."

"ဘာ ဟာလဲ။ မင်း ဘာကောင်လေးလဲ"

မြင်တွေ့ရသည်က လှလှပပမျက်နှာနှင့် ဒေါသမျက်လုံး။

ညီညီအောင် မမှိတ်မသုံ ကြည့်နေခိုက်မှာ . . .

"မင်း ပစ်လိုက်တာမဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း သိပ်ရက်စက်တဲ့ ကောင်ကလေးပဲ။ ဒီမှာ ကြည့်စမ်း။ ငှက်ကလေး သေသွားပြီ"

အမြီးကို လက်ညှိုးနှင့်လက်မ အားပြုကိုင်ပြီး သူမက ပြသည်။

သူမပြသည့် ငှက်သေကလေးကို သူ မကြည့်နိုင်ပါ။

သူမ၏ လှပတည်ငြိမ်သော မျက်နှာကိုသာ သူ ငေးစိုက်ကြည့်နေမိ၏။

"မင်း ငါ့ကို ကြောင်တိကြောင်တောင်နဲ့ ကြည့်မနေပါနဲ့။ နံနက်ခင်းမှာ သူများ အသက်တစ်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်တာ မင်းမှာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာကို မင်းသိရဲ့လား။ ဒါနဲ့ နေပါဦး။ မင်းက ဘယ်သူလဲ"

"အစ်မကကော ဘယ်သူလဲ"

"အလဲ့-သူကတောင် ပြန်မေးနေပါလား"

"ကျွန်တော် အစ်မဲကို တစ်ခါမှ မမြင်ဖူးဘူး"

"ငါလည်း မင်းကို မမြင်ဖူးပါဘူး။ ဒါပေမယ့် သေချာတာ တစ်ခုတော့ရှိတယ်"

"ဘာကို သေချာတာလဲ အစ်မ"

"မင်းဟာ ကိုကိုအောင်တို့ ခြံက အလုပ်သမားတစ်ယောက်ယောက် ဖြစ်မှာတော့ အသေချာဆုံးပဲ"

စကားကို သဘောကျစွာဖြင့် ညီညီအောင် ရယ်လိုက်၏။

သူရယ်သည်ကို အစ်မကြီးက မျက်မှောင်ကြုတ်ကြည့်သည်။

သူကလည်း သူပါပဲလေ။

ညအိပ်ဝတ် ဘောင်းဘီတိုကလေးနှင့် နံနက်ခင်းမှာ ခြံထဲဆင်းခဲ့သည်။

ပုံစံက ဘယ်လိုမှ မသားနား။

အစ်မကြီး ထင်လောက်သည့် အဆင့်လောက်မှာကို သူ့ပုံစံရှိနေ၏။





ဒါပေမယ့် . . .

သည်မျက်နှာရုပ်က အလုပ်ကြမ်းလုပ်သည့် အလုပ်သမားရုပ်လား။

သည်နေရာမှာတော့ သည်အစ်မကြီး လူကဲခတ် တော်တော်ညံ့သည်။

"ကျွန်တော် ရှိုးစမိုးဝတ်ပြီး အပြင်ထွက်ခါနီးရင် အစ်မကို အကြောင်းကြားလိုက်မယ်"

"ငါက ဘာလုပ်ရမှာလဲ"

"အဲဒီအခါကျမှ ကျွန်တော် အလုပ်သမားလား၊ သူဌေးသားလားဆိုတာ အစ်မသိမှာ"

"ဟင်-မင်း . . မင်း ကိုကိုအောင်ရဲ့ညီ ညီညီအောင်လား"

"ဟာ-အစ်မက ကျွန်တော့်နာမည်ကို သိနေပါလား။ ဧကန္တ အစ်မကို ကိုကို ပြောထားတယ်ထင်တယ်"

သူမ ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်ကို သူသိသည်။

"သေချာတာပေါ့ကွာ။ ကိုကိုအောင်က သူ့မှာ ခင်မင်စရာကောင်းတဲ့ ညီတစ်ယောက် ရှိတယ်ဆိုတာ မမကို ပြောပြထားပါတယ်"

"မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဆိုးတာလဲကွ"

"ကျွန်တော်က မငုံမရဲ့ အစ်မလို့ခေါ်တယ်။ အစ်မက မမဆိုတဲ့ အသုံးကို သုံးတယ်။ ဝမ်းသာပါတယ် မမ။ ကျွန်တော် မမလို့ပဲ ခေါ်ပါရစေ"

သူက သူမမျက်နှာကို ခပ်ရဲရဲကလေး ကြည့်၏။

သူမကလည်း သူ့ကို ခပ်စူးစူးကြည့်ပြီး . . .

"ကိုကိုအောင်က မပနာမည် ခိုင်ကြည်ဖြူ ဆိုတာကို မပြောပြဘူးလား"

"နာမည်ပြောဖို့ နေနေသာသာ မမတို့ သည်ဘက်ခြံကို ပြောင်းလာတယ်ဆိုတာတောင် မပြောဘူး။ ဒါကလည်း နည်းလမ်းကျပါတယ်လေ။ ကိုကိုက စီးပွားရေးလုပ်ငန်းကလွဲပြီး ဘာကိုမှ စိတ်ဝင်စားတာမဟုတ်ဘူး"

သူမက ပြုံးသည်။

ပြုံးရင်းနှင့် . . .

"မင်း ဒီဘက်ခြံကို ကူးလာပါလား"

"ငှက်ကလေးကို သေအောင် ခဲနဲ့ပစ်လို့ ခေါင်းခေါက်မလို့လား မမ"

"လက်ဖက်ရည်သောက် ခေါ်တာပါ။ အန်တီတင်မာချိုရဲ့ သား ကိုကိုအောင်ရဲ့ ညီကို မမနည်းတူ ဖေဖေနဲ့





မေမေက ခင်မင်ကြမှာပါ"

"ကျွန်တော် ဒီအတိုင်း လာရမလား။ ရှိုးစမိုးထုတ်ပြီး လာရမလား"

"မောင်ရင်းအစ်မတွေလို ဖြစ်ကြမှာကွာ။ ဒီပုံစံအတိုင်း လာလည်း ဘာမှမဖြစ်ပါဘူး"

"မမရဲ့ ဖေဖေနဲ့မေမေက ကိုကိုရဲ့ အလုပ်သမားတစ်ယောက်လို့ ထင်မှာစိုးတယ်ဗျ"

မမက ရယ်၏။

သူ သည်ဘက်တိုက်သို့ ရောက်လာတော့ မမက သူမ၏ ဖေဖေ မေမေနှင့် မိတ်ဆက်ပေးသည်။

သည်မိတ်ဆက်ပေးမှုတွေထက် . . .

မမ ခိုင်ကြည်ဖြူ ကိုယ်တိုင် ဖျော်ပေးသည့် လက်ဖက်ရည် သောက်ရသည်ကို သူ ကျေနပ်လို့မဆုံး ဖြစ်နေသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၃၂]

"တင်-မင်းဟာကလည်း ပြန်ရောက်တာဖြင့် မကြာသေးဘူး။ ဖြစ်လာပြန်ပြီ"

သူ နည်းနည်းရှက်သလိုတော့ ဖြစ်သွားရသည်။

မိမိနှလုံးသားကိစ္စကို အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူကပင် ယုံကြည်ခြင်းမရှိတော့။ တော်တော်လေးပဲ ဝမ်းနည်းသွားရသည်။

"ငါ့ရင်ထဲက အချစ်ရဲ့ လေးနက်မှုတွေကို မင်းကို ငါ ဘယ်နှစ်ခါများ တည်တည်ကြည်ကြည် ပြောပြဖူးလို့လဲ အောင်ဇေယျရာ။ မမကို မြင်မြင်ချင်း နံနက်ခင်းမှာကို ငါ ချစ်သွားတာ။ နို့အကြောင်းတွေကိုလည်း





မင်းကို ချက်ချင်းပြေးပြောချင်တာ။ မင်း ဒီလိုပြောမှာစိုးလို့ အချိန်ယူပြီးတော့မှ မင်းကို ပြောပြတာ"

အောင်ဇေယျကတော့ သူပြောတာကို ဘယ်လိုမှ ယုံကြည်ပုံမရ။ လက်ဖက်ရည်ပန်းကန်ကို မ,ယူသောက်ပြီး သူ့မျက်နှာကို စွေစွေစောင်းစောင်းနှင့်ပင် ကြည့်လိုက်သေး၏။

"မမက ငါ့ကို အရမ်းအရေးပေးတာကွာ"

"အဲဒါ မင်းကို ချစ်နေတယ်လို့ ထင်နေတာလား"

သူ နှုတ်ဆိတ်သွား၏။

"အစ်ကိုကြီးကိုအောင် မျက်နှာနဲ့ မင်းကို အရေးပေးနေတာနေမှာ။ ငါ မင်းကို ညီအစ်ကိုလိုခင်လို့ စကားတစ်ခွန်း ပြောမယ်"

"ပြောမယ့်စကားကို အစချီနေစရာ မလိုပါဘူးကွာ"

"တခြားမဟုတ်ပါဘူး။ အဲဒီ အစ်မကြီးရဲ့ အေးချမ်းတဲ့ဘဝကို သွားပြီး အပူမပေးစမ်းပါနဲ့ကွာ။ အန်တီချိုတို့ အစ်ကိုကြီး ကိုအောင်တို့ မျက်နှာပျက်အောင် မင်း မလုပ်စမ်းပါနဲ့"

"ဟော့တောင်-ငါ့ရင်ထဲကို မင်း ဝင်ကြည့်ဦးကွ"

"ကြည့်ခဲ့ပေါင်းများလို့ ပြောနေတာ"

"မင်းတော့ ငါ ဆွဲထိုးမိတော့မယ် အောင်ဇေယျ"



www.burmeseclassic.com

www.burmeseclassic.com

"ထိုးကွာ။ အဲဒီအစ်မကြီးကို ကြစည်တဲ့ကိစ္စ ငါ မင်းကို လုံးဝအားမပေးဘူး"

တော်တော်ပြောရကြပ်သည့် ကောင်ပါလား။

အစပထမက တိုက်တွန်းအားပေးမှုနှင့် အကြံကောင်းဉာဏ်ကောင်း ရလိမ့်မည် ထင်ခဲ့သည်။

ခုတော့ အောင်ဇေယျအချိုးက ဘယ်လိုမှမပြေ။

"မင်း မသိဘူး"

သူက စိတ်မလျှော့ဘဲ ပြောသေး၏။

"ဘာမသိတာလဲ"

"မမက မနက်တိုင်း သူနဲ့အတူ လက်ဖက်ရည်သောက် ငါ့ကို ခေါ်တာ။ တစ်ခါတစ်လေ ငါနဲ့မမ နံနက်စောစော ထပြီး ပြည်သူ့ဥယျာဉ်တစ်ပတ် လမ်းလျှောက်ကြသေးတာ"

"အဲဒါ မင်းကို ချစ်လို့လို့ မင်းက ထင်တယ်ပေါ့"

"မင်း ငါ့ကို မရိစမ်းပါနဲ့ အောင်ဇေယျရာ။ မမ ငါ့ကို အရေးပေးတာ မပေးတာတွေ ဖယ်ထားပါ။ ငါ့ရှင်အဲမှာ မမနဲ့ ပတ်သက်ပြီး သိပ်ခံစားနေရတာကို ထွက်ပေါက်တစ်ခုအနေနဲ့ မင်း ရှာပေးစမ်းပါ"

"ငါ ဘယ်လိုမှ အကြံဉာဏ်မပေးဘူး ညီအောင်။ မင်း





ဆီလာရင်း အဲဒီ အစ်မကြီးကို နှစ်ခါ သုံးခါလောက် မြင်ဖူးတယ်။ မျက်နှာထားက တည်သလို တင်းသလို နဲ့။ မင်း တွေ့ဆုံဖူးတဲ့ ဧတိမတွေစာရင်းမှာ ဘယ်လိုမှ ထည့်လို့မရဘူး"

ဘယ်လိုမှ ပြောမရသည့်ကောင်။

သူ ဘာစကားမှ ဆက်မပြောတော့။

မမနဲ့ ပတ်သက်ပြီး . . .

သူတစ်ယောက်တည်း ခရီးဆက်ရတော့မည်ကို ညီညီအောင် ကိုယ့်ကိုယ်ကို သိလိုက်၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [၃၃]

"အမယ်လေး။ မင်း ဆိုင်ကယ်ကြီးကို မမ မစီးရဲပါ ဘူး ညီညီအောင်ရယ်"

တနင်္ဂနွေ အားလပ်ရက်။

မေမေ၏ ရွှေတောင်ခေါက်ဆွဲ လုပ်စားသည့် အစီအစဉ်ကြောင့် မမခိုင်ကြည်ဖြူ နံနက်ကတည်းက နန်းထိုက်ရတနာခြံကြီးသို့ ရောက်နေခဲ့သည်။

ခု ဆင်ဝင်အောက်မှာ သူက သူငယ်ချင်းဆီက ငှားလာသည့် ဆိုင်ကယ်ကြီးကို ထိုးရပ်ပြီး သူမကို ဆိုင်ကယ်စီးရန် ခေါ်နေ၏။

"ကျွန်တော်က ဆိုင်ကယ်ကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ် မမရဲ့"





"ကျွမ်းရင် နိုင်ငံတကာပြိုင်ပွဲတွေမှာ ဝင်ပြိုင်ကွာ။ မမ တော့ မစီးရဲပါဘူး။ နောက်ပြီး ယောကျ်ားတစ်ယောက် နောက်က အသားချင်းကပ်ပြီး ဆိုင်ကယ်စီးဖို့ကိုလည်း မမ အသိစိတ်က ခွင့်မပြုပါဘူး"

သည်စကားကတော့ သူ့ရင်ကို ရှတတလေး ဖြစ်သွားရသည်။ သူ မမမျက်နှာကို ခပ်စိုက်စိုက်ကလေး ကြည့်ခိုက်မှာ သံဆွဲ တံခါးကို ဆွဲဖွင့်ပြီး ကိုကိုအနားသို့ ရောက်လာ၏။

"မောင်နှမနှစ်ယောက် ဘာတွေဖြစ်နေကြတာလဲ"

"ကျွန်တော်က မမကို ဆိုင်ကယ်စီးဖို့ ခေါ်တာ။ မမက မစီးရဲဘူးလုပ်နေတယ် ကိုကို"

"ခိုင်က မစီးရဲဘူးလား"

ကိုကိုက လှမ်းမေးသည်။

"မစီးရဲပါဘူး"

"ညီညီက ဆိုင်ကယ်မောင်း အရမ်းကျွမ်းကျင်တာ ခိုင်ရဲ့။ လိုက်စီးကြည့်ပါလား"

မမက ကိုကို့ကို ခပ်စူးစူးကြည့်တော့ ကိုကိုက စကားကိုပြောင်းသွားပြန်၏။

"အင်း-ဆိုင်ကယ်ဆိုတာကလည်း စီးနေကျတဲ့ သူတွေသာစီးရဲတာ ညီညီရ။ ခိုင်က ဆိုင်ကယ်နဲ့ စိမ်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်စီးရဲပါ့မလဲ။ ခိုင် မပြောနဲ့ ကိုကိုတောင် မစီးရဲဘူး"

"အားပါး-သူ့ရဲကောင်းတွေနဲ့ လာတိုးနေပါလား။ ကဲ-ကျွန်တော် အောင်ဇေယျကို သွားခေါ်မယ် ကိုကို။ အောင်ဇေယျက ရွှေတောင်ခေါက်ဆွဲဆို ရေရေလည်လည် ကြိုက်တာ"

ပြောပြီး သူ ဆိုင်ကယ်ကို ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။ ဆိုင်ကယ်မောင်းရင်း သူ့စိတ်မှာ အလိုမကျမှုတစ်ခု ဖြစ်ပေါ်ခဲ့ပါ၏။ ကိုကိုနဲ့ ပတ်သက်တာလား၊ မမနဲ့ ပတ်သက်တာလား ဆိုသည်ကိုတော့ သူမသိ။

☆ ☆ ☆

ညီညီအောင် ဆိုင်ကယ်ကိုမောင်းထွက်သွားတော့မှ ခိုင်က . .

"ကိုအောင့်ကိုတော့ ဗိုက်ခေါက်ပြတ်အောင် လိမ်ဆွဲပစ်လိုက်ချင်တယ် သိလား"

"ခိုင် မျက်စောင်းကြီးဝင့်လိုက်တာနဲ့ ကိုယ်က သိလိုက်ပါတယ်"

"သိလိုက်လို့ တော်သေးတာပေါ့။ ကိုအောင် စဉ်းစား





ကြည့်စမ်း။ ကိုယ့်မတ်တော်ရမယ့်သူနဲ့ အသားချင်းကပ်ပြီး ဆိုင်ကယ်လိုက်စီးလို့ ကောင်းမလား"

သူက အသံကလေးထွက်အောင် ရယ်လိုက်၏။

တကယ်ဆို သူနှင့်ခိုင် မေတ္တာသက်ဝင်နေသည်ကို ညီညီ မသိ။ မိသားစုအားလုံးကို အသိမပေးသေးဖို့ကိုလည်း ခိုင်နှင့် သူက သဘောတူညီမှု ယူထားသည်။

"ညီညီက ငှတ်ထဲ့ရွတ် ခိုင်ရဲ့။ သူ့စိတ်ထဲမှာ ခိုင့်ကို အစ်မရင်းတစ်ယောက်လို ချစ်နေရှာတာပါ"

"ခိုင် သဘောပေါက်ပါတယ်။ ဒါပေမယ့် ခိုင်က အိမ်ထောင်ရေးနယ်ပယ်ကို ဝင်တော့မယ့်သူ မဟုတ်လား။ ပတ်ဝန်းကျင်ရဲ့ အမြင် သေးသိမ်မသွားအောင် ခိုင့်ဘက်က ဂရုစိုက်ရမယ်လေ"

"ကိုယ်က ခိုင့်ကို ယုံကြည်ပြီးသားပါ"

"ယုံကြည်တာ မယုံကြည်တာက ကိုအောင့်အပိုင်းလေ။ ခိုင့်ဘက်ကတော့ သိက္ခာကိုလုံခြုံအောင် အသိနဲ့ ထိန်းသိမ်းရမှာပဲ"

"ပိုပြီး လေးစားတယ် ခိုင်"

ခိုင်က ကျေနပ်စွာပြုံးသည်။

သည့်နောက် ခိုင်က မေမေနှင့် ဝိုင်းဝန်းကူ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ဆယ်နာရီခွန်းစွန်းမှာတော့ ညီညီနှင့် အောင်ဇေယျ ရောက်လာသည်။

စားသောက်ပွဲမှာ ရယ်မောဖွယ်စကားများကို ညီညီက ဦးဆောင် ပြော၏။

အောင်ဇေယျက သူနှင့် နိုင့်ကို အကဲခတ် ကြည့်ရှုနေသည်ကို တော့ ကိုကိုအောင် ကောင်းစွာသတိပြုမိလိုက်၏။

☆ ☆ ☆



[၃၄]

ဆရာလားဟင် ဆိုသည့် အသံကို ဦးစွာကြားရသည်။

သူ ဖုန်းခွက်ကို နားနှင့် ပုခုံးကြား ညှပ်ထားပြီး စာရင်းစာရွက် မှာ လက်မှတ်ထိုးလိုက်ရင်း . . .

"မဝေလား"

"ဟုတ်ပါတယ် ဆရာ"

"ကိစ္စက . . ."

"ညနေ ဆရာ့အတွက် စီစဉ်ထားလို့ပါ။ ဒီနေ့ ဝေ့ မွေးနေ့လေ"

"ဟုတ်လား။ ဆရာ့ကို ကြိုပြောထားဖို့ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုပြောရင် အလုပ်ပိုတစ်ခုကို ဆရာ အမှတ်အသား ထားနေရမှာ စိုးလို့ပါ"

"ကဲ-ဆိုစမ်းပါဦး။ ဘာတွေ စီစဉ်ထားလဲ"

"ဆရာ ညနေ အားတယ်နော်"

"ခုမှတော့ အားရတော့မှာပေါ့"

ဖုန်းခွက်ထဲမှ သက်နှင်းဝေ၏ ကိုးညင်းသော ရယ်သံကို သူ ကြားသည်။

"မပြောချင်သေးဘူး။ ညနေ ဆရာ ဆိုင်ကိုဝင်ခေါ် နော်။ စောင့်နေမယ်"

"ကောင်းပြီလေ ဝင်ခေါ်မယ်"

သူ ဖုန်းခွက်ကို အသာချလိုက်သည်။

ပြီး ပင့်သက်ကို ခပ်လေးလေး မှုတ်ထုတ်ပြီး ဖုန်းခွက်ကို မ,ယူ၍ ဂဏန်းကွက်လေးများကို နှိပ်၏။

တစ်ဖက်မှ ဖုန်းခွက်မသံကို ကြားသည်။

"အဝိန့်ရှိပါရှင်။ ကြင်နန်းရတနာဆိုင်ကပါ"

"ကိုကြင်နန်း ရှိလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ခေါ်ပေးနော်။ ဦးကိုကိုအောင်ဆို သူသိတယ်"

အသံရပ်သွားပြီး မကြာမီ ဖုန်းခွက်ယူသံနှင့်အတူ . . .





"ဦးကိုအောင် ကြင်နန်းပါ"

"ဩော်-တခြားမဟုတ်ပါဘူး ကိုကြင်နန်း။ ခင်ဗျားတို့ ဆိုင်က တစ်ကျပ်သား လက်ရာဆန်းဆွဲကြိုးတစ်ကုံးနဲ့ လော့ကတ်သီးလှလှလေးတစ်ခု ပို့ပေးစမ်းပါ"

"ခုလား ဦးကိုကိုအောင်"

"ညနေမစောင်းခင်လောက် လိုချင်တယ်"

"ဒါဆို ကျွန်တော် ခုပဲ ပို့လိုက်မယ်"

"ကျေးဇူးပဲ ကိုကြင်နန်း။ ငွေကို တစ်ပါတည်း ချေ လိုက်မယ်"

"ငွေကြေးစကားကို အရေးလုပ်ပြီး ထည့်ပြောနေရ သေးလားဗျာ။ ဦးကိုကိုအောင် ကျေးဇူးတွေ ကျွန်တော့်မှာ အများကြီးရှိပါတယ်"

"အလုပ်ကတော့ အလုပ်ပဲမို့လား။ ကဲ-စိတ်ချမယ်နော်။ ကျွန်တော် ရုံးခန်းမှာရှိနေမယ်"

သူ ဖုန်းခွက်ကို ချလိုက်၏။

သူ့လက်ဆောင်ပစ္စည်းအတွက် သက်နှင်းဝေ စိတ်နှလုံး ပျော်ရွှင် ချမ်းမြေ့မည် ထင်ပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



တိုက်၏ လှေကားထစ်များကို နင်းဖိတက်ခဲ့သည်။

နံဘေးမှာ အတူယှဉ်ပါလာရင်း ကလေးတစ်ယောက်လို မြူးရွှင်နေသည့် သက်နှင်းဝေကို သူ သတိပြုမိ၏။

အခန်းရှေ့သို့ ရောက်သောအခါ သက်နှင်းဝေက သူ့လက်ပွေ့အိတ်ထဲမှ အခန်းသော့ကို ထုတ်ယူသည်။

သူ သက်နှင်းဝေကို မျက်လုံးအပိုင်းသားနှင့် ကြည့်မိ၏။

သက်နှင်းဝေက သူ့အကြည့်ကို မသိကျိုးကျွံပြုပြီး တိုက်ခန်းတံခါးကို ဖွင့်သည်။

"အန်တီနဲ့ ခင်မင်းဆွေ ဘယ်သွားကြလဲ မဝေ"

"မေမေနဲ့ ညီမလေး သံလျင်က အမျိုးတွေဆီ သွားလည်ကြတယ် ဆရာ။ ညအိပ်မှာ"

သူ့ရင် အနည်းငယ် လှုပ်ရှားသွား၏။

သက်နှင်းဝေနှင့် သူသည် အခန်းထဲမှာ နှစ်ယောက်အတူ ရှိသင့်သလားဆိုသည့် အတွေး။

အန်တီနဲ့ ညီမလေး မရှိရင် ဘယ်ကောင်းမလဲ မဝေဆိုသည့် စကားကိုတော့ သူ ဘယ်လိုမှ ပြောလို့မဖြစ်။

မိန်းကလေးတစ်ယောက်၏ သိက္ခာပိုင်းဆိုင်ရာ ထိခိုက်နိုင်သည့် စကား။

တစ်ခုတော့ ရှိပါသည်။





ရံဖန်ရံခါ သူ သက်နှင်းဝေကို လိုက်ပို့လျှင် သည်လိုအဖြစ်မျိုးနှင့် မကြာခဏ ကြုံတတ်ပါသည်။

ဥပမာ သူနှင့် သက်နှင်းဝေ ရောက်ရှိပြီး အချိန်ကြာမြင့်မှ ခင်မင်းဆွေ ကျူရှင်က ပြန်လာတတ်တာမျိုး။

သက်နှင်းဝေ မေမေ ကြည့်မြင်တိုင်ညဈေးက မှောင်ရီစွန်းမှ ပြန်လာတတ်တာမျိုး။

သူ သက်နှင်းဝေ ကြားနိုင်စွမ်းမရှိအောင် ပင့်သက်ကို ဖွဖွချသည်။

အခန်းထဲရောက်တော့ သက်နှင်းဝေက မီးခလုတ် များကို လိုက်ဖွင့်သည်။ တစ်ခန်းလုံး လင်းထိန်သွား၏။

"ဆရာ ထိုင်ဦးနော်။ ဝေ ရေမိုးချိုးလိုက်ဦးမယ်"

တစ်ခဏအကြာမှာ ရေချိုးသံနှင့် သက်နှင်းဝေ၏ သီချင်းဆိုသံကို ကြားသည်။

မကြာမီ သနပ်ခါးနံ့သင်းသင်းကို ရရှိပြီး သက်နှင်းဝေ အဝတ်စားလဲပြီး ထွက်လာ၏။

အနက်မှာ အဝါရောင် ပန်းကွက်တင်ထားသည့် ဘလောက်စ်အင်္ကျီ။

ပိုးသားပျော့ပျော့ လုံချည်က သူမ၏ ကိုယ်ကာယအလှကို သိမ်မွေ့စွာ ဖော်ပြသယောင်လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ အခန်းထဲသွားရအောင်"

"ဟင် . . ."

"ဟယ်-ဆရာ ဘယ်လိုဖြစ်နေတာလဲ။ ဒီနေ့ဝေ့မွေးနေ့ဝေ့ အစီအစဉ်လေ။ ထမင်းစားခန်းမှာ ဆရာ့အတွက် ဝေ ကြိုးစားပြင်ဆင်ထားရတာ"

ခုမှ သူ သက်ပြင်းကြီးကို ချနိုင်၏။

ထိုင်ရာက ထပြီး ထမင်းစားခန်းဝင်တော့ စားပွဲပေါ်မှာ သက်နှင်းဝေ ပြင်ဆင်ထားသည့် အပြင်အဆင်ကို သူ မျက်မှောင်ကြုတ်လိုက်သည်။

"ဝေ တကယ့်ကို ဆန္ဒရှိနေတာပါ ဆရာ။ ထမင်းဖိတ်ကျွေးတယ် ဆိုတာကလည်း သာမန်အနေအထားထက် ဘာထူးခြားမှာလဲ။ ဝေက ဆရာ ဘယ်လိုအမျိုးအစား ကြိုက်နှစ်သက်တယ် ဆိုတာကိုလည်း လေ့လာစုံစမ်းထားရတာ။ ဝီစကီတစ်ပုလင်းရဲ့ တန်ဖိုး နှစ်သောင်းကျော်ဟာ ဆရာ့အတွက် ဂုဏ်ငယ်နေမလားလို့လည်း ဝေ တွေးပူတယ်"

သူ သောက်နေကျ ဘလက်လေဘယ်လ်ပုလင်း။

သူ စတီးလ်ဆိုဖာ ထိုင်ခုံကို ဆွဲယူပြီး ထိုင်လိုက်သည်။ သူနှင့်မျက်နှာချင်းခုံမှာ သက်နှင်းဝေ ဝင်ထိုင်၏။





"နေ့လည်က အိမ်တစ်ခေါက် ပြန်သေးတယ် ဆရာ။ ဝေက ချက်တတ်ပြုတ်တတ်တာမှ မဟုတ်တာ။ ဝေ အကောင်းဆုံးဆိုင်က မှာထားရတာ။ အမြည်းလို့ ပြောရမှာကို ဝေ မဝံ့ရဲပါဘူး။ ဆရာ့အတွက် နှစ်သက်ဖွယ် ဖြစ်မယ်လို့တော့ ထင်တယ်"

"အားနာစရာကောင်းနေပြီ မဝေ"

"ဆရာ နှစ်သက်ဖို့ အဓိကပါ"

"ဆရာ့ အကြိုက်ဆုံး ယပကာကို မဝေ ပြင်ဆင်ထားတာပဲ"

သူ့စကားကြောင့် သက်နှင်းဝေမျက်နှာ ဝင်းလက်သွား၏။

"ဝမ်းသာပါတယ် ဆရာ။ ရေခဲနဲ့ ဆော်ဒါကိုတော့ ဝေ ကြားဖူးနားဝနဲ့ ပြင်ဆင်ထားတာပါ"

သူက ပြုံးရင်း လက်ကိုင်အိတ်ကို ဖွင့်ပြီး အနီရောင်ကော်ဘူးဝိုင်းလေးကို ထုတ်ယူလိုက်၏။ ဘူးထဲမှ ရတနာပစ္စည်းကို ထုတ်ယူတော့ . . .

"ဝေ လက်မခံပါရစေနဲ့ ဆရာရယ်"

"ဘာဖြစ်လို့လဲ"

"မြော်မြင်တဲ့အဖြစ်မျိုး ရောက်မှာစိုးလို့ပါ။ ဝေ့ မွေးနေ့ကို ဆရာ့ကို ကြိုပြီးတောင် မပြောခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာနဲ့ပေးတာကို လက်ခံရတယ် မဝေ။ လာစမ်း လည်တိုင်ကလေး ဆန့်လိုက်စမ်း။ ဟုတ်ပြီ ကြည့်စမ်း မဝေနဲ့ ဘယ်လောက်တင့်တယ်သလဲ"

လည်ဆွဲကုံးလေးကို ကိုယ်တိုင်ဆွဲပေးသည်။

သက်နှင်းဝေ၏ ရွှန်းလက်သည့် အကြည့်တွေကိုတော့ သူ မသိကျိုးကျွင်ပြုပြီး ဝီစကီပုလင်းကို ဖွင့်လိုက်၏။ ပြီး ရေခဲနှင့် ဆော်ဒါကို သင့်တင့်စွာ ရောစပ်လိုက်သည်။

သူ အရက်သောက်သည်ကို သက်နှင်းဝေက မေးကို လက်ကလေးနှစ်ဖက်နှင့် ထောက်ပြီးကြည့်သည်။

အရက်ငှဲ့ပေးခြင်း အလုပ်ကို သက်နှင်းဝေ မလုပ်ပါ။ လုပ်လည်း လုပ်တတ်ဟန် မတူပါ။

သည်နေ့ သူ အရက်ကို လိုအပ်သည်ထက် ဘာလို့ ပိုသောက်ဖြစ်သည်ကို မသိ။ မူးယစ်ဝေသီရင်း သူ စကားတွေအများကြီး ပြောသည်။

သက်နှင်းဝေက ကြက်သားကြော်ကို အသားကလေးများ နွှင်ပေး၏။

သူ ပုလင်းကို လှမ်းယူပြီး အရက်ကို ထပ်မံငှဲ့မည်ပြုတော့ . .

"ဆရာ"

"ဟင်"





"ဆရာ မူးများပြီလို့ ဝေထင်တယ်"

သူ သတိကို ချုပ်လိုက်သည်။

ထိုင်ရာမှ ထလိုက်တော့ . . .

"အို . . . ဆရာ"

ယိမ်းယိုင်သွားသည့် ကိုယ်ကို သက်နှင်းဝေက တွဲဖက်ပြီးထိန်းပေးသည်။

"ဆရာ အရမ်းမူးနေပြီ မဝေ"

"ဝေ သဘောပေါက်ပါတယ် ဆရာ။ ဝေ ထိန်းထား ပေးမယ်နော်။ ဆရာ အိပ်ခန်းထဲမှာ လှဲလိုက်ပါလား ဟင်"

"အိပ်ခန်း ဟုတ်လား"

"မေမေ့အိပ်ခန်းက သန့်ရှင်းသပ်ရပ်ပါတယ် ဆရာ"

သူ စကားပင် မတုံ့ပြန်နိုင်တော့။

သက်နှင်းဝေ မေမေ၏ အိပ်ခန်းခုတင်ဆီ ရောက်တော့ သက်နှင်းဝေက သူ့ကို ခုတင်ပေါ် ဖေးမတင်သည်။

သည့်နောက် ခေါင်းအုံးပေါ် ခေါင်းကျသည့် အထိအတွေ့။

သူ့နဖူးပြင်ပေါ် ပြန့်ကျနေသည့် ဆံစများကို လက်နုနုကလေးနှင့် ကြင်နာစွာ သပ်တင်မှု။

သူ ကိုယ်ကို စောင်အလှည့်ဝယ် လက်တ တစ်စုံတစ်ခုကို ပွေ



www.burmeseclassic.com

www.burmeseclassic.com



တွယ်မိလျက်သား ဖြစ်သွားသည်။

"ဆရာ"

တိုးညှင်းစွာခေါ်ရင်း ဖက်တွယ်ထားသည့် သူ၏လက်ကို ဖြည်းညှင်းစွာ ဖြေလျှော့နေသည့် သတိကို အသိကသိနေ၏။

"ဆရာ ဝေ့ကို အထင်သေးသွားပြီလားဟင်"

သက်နှင်းဝေ နှုတ်ဖျားက ပွင့်ထွက်လာသည့် စကား။

သည်စကားက သူ့အသိတရားအားလုံးကို ထိန်းချုပ်ပေးလိုက်ပါသည်။

သူ ထိတ်လန့်တုန်လှုပ်စွာဖြင့် ခုတင်ပေါ်မှ လူးလဲထလိုက်၏။

ခေါင်းတစ်ချက်အယိုင်မှာ သက်နှင်းဝေက သူ့လက်မောင်းကို ဆုပ်ကိုင်ထားလိုက်သည်။

"များပြားလှတဲ့ ကျေးဇူးတရားတွေကြောင့် ဆရာပြုသမျှကို နုခံမယ့် ဝေဆိုတာ ပထမယုံပေးပါ"

"ဟာ-မဝေရယ်"

"ဒုတိယအနေနဲ့တော့ ဆရာ့ကို အစ်ကိုတစ်ယောက်လို ချစ်တယ်။ အားကိုးတယ်ဆိုတာကိုလည်း ဒုတိယအနေနဲ့ ယုံပေးပါ"

"ဘုရား . . ဘုရား . . ဆရာ ဘာတွေဖြစ်သွားပြီလဲ မဝေရယ်။ ဆရာ ဘာတွေဖြစ်သွားပြီလဲ"





သူ ရှက်ရွံ့စွာဖြင့် ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ပြီး ညှော်ခန်းကို သူ တုန်လှုပ်ချောက်ချားစွာဖြင့် လျှောက်ခဲ့၏။

သူ့ကို နှစ်ယောက်ထိုင်ဆက်တီမှာ သက်နှင်းဝေက သက်တောင့်သက်သာ ရှိစေသည်။

"ဝေ သိပါတယ်"

"မဝေက သိတယ်ဟုတ်လား။ မဝေက ဘာကို သိတာလဲ"

"ဆရာနဲ့ မမခိုင်တို့ရဲ့ နှလုံးသားကိုလေ"

"မဝေ. . . မဝေ. . . ဆရာ မဝေကို စိတ်ယုတ်မာနဲ့ ဖောက်ဖောက်ပြန်ပြန် ပြုမူခဲ့မိသလားကွယ်"

သက်နှင်းဝေက ခေါင်းကို အသာယမ်းခါသည်။

ပြီး သူ့ရင်ခွင်မှာ ခေါင်းထိုးဝင်ပြီး ရှိုက်ကြီးတငင် ငိုပါ၏။

"မဝေရယ်. . . ညီမလေးရယ်"

"ညီမလေး . . . ဟုတ်လား။ ဝမ်းသာလိုက်တာ ဆရာရယ်။ ဘဝမှာ အကြားချင်ဆုံး စကားပါ"

"ဆရာ မဝေကို ချစ်ခဲ့ပါတယ်"

"ရှင် . . ."

"မထိတ်လန့်ပါနဲ့ကွယ်။ အစ်ကိုကြီးတစ်ယောက်လို ရှင်းသန့်တဲ့ မေတ္တာမျိုးနဲ့ ညီမလေးအရင်းလို ချစ်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မဝေ ယုံလိုက်ပါ"

ရှိုက်သံတစ်ခုမှာ နားလည်မှုများ ပါနေ၏။

လေးနက်သော အသိတရားများဝယ် မှုးယစ်ဝေသီမှုများ လွင့်ပါးသွားသည်။

သူ သက်နှင်းဝေထံက ပြန်တော့ ည ဆယ့်တစ်နာရီပင် ထိုးနေပါပြီ။

ကားမောင်းရင်း စိတ်တစ်ခုလုံး လွတ်လပ်ပေါ့ပါးနေသည်ကို ကိုယ့်ဘာသာကိုယ် သိသည်။

☆ ☆ ☆



[၃၅]

ချိန်းထားသည့် လက်ဖက်ရည်ဆိုင်သို့ ဆယ်မိနစ်နောက်ကျပြီး အောင်ဇေယျ ရောက်လာ၏။

"နည်းနည်းနောက်ကျသွားတယ်။ ဒါတောင် မမကြီးက ဆိပ်ကမ်းလွှတ်နေလို့ ညနေမှ သွားမယ်ဆိုပြီး မင်းဆီ ပြေးလာတာ"

"ငါနဲ့တွေ့ရင် မင်းလုပ်ငန်းကိစ္စတွေကို ဘေးဖယ်ထား အောင်ဇေယျ။ ငါ့နှလုံးသားကိစ္စက အရမ်းအရေးကြီးနေတယ်"

"လုပ်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျက စိတ်မသက်မသာနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်သည်။

"အောင်ဇေယျရာ။ မင်းသူငယ်ချင်းရဲ့ရင်မှာ ဘယ်လို ခံစားနေရတယ်ဆိုတာ မင်း ဝင်ကြည့်ပါဦး"

"အစ်မကြီးကိစ္စမို့လား"

"ဟုတ်တယ်။ ငါ မမကို ရင်ဖွင့်တော့မယ်"

အောင်ဇေယျမျက်နှာ ခပ်မှိုင်းမှိုင်း ဖြစ်သွားသည်ကိုတော့ သူ သတိပြုမိ၏။

စားပွဲထိုးလေးက အောင်ဇေယျအတွက် လက်ဖက်ရည် လာချပေးသည်။

"ရင်ဖွင့်တဲ့နေ့နဲ့ ငါ့ဘဝထဲ မမရောက်တဲ့နေ့ တစ်နေ့တည်း ဖြစ်ရမယ်"

"ဟာ-ဟော့ကောင်။ မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"နေပါဦး။ မင်း ဘယ်လိုဖြစ်နေတာလဲ အောင်ဇေယျ၊ ခါတိုင်းဆို မင်း ငါ့ဘက်က အမြဲရပ်တည်တယ်။ ငါ့ဆန္ဒမှန်သမျှကို လိုက်လျောပြီး အကြံဉာဏ်ပေးတယ်။ ခု မမနဲ့ ပတ်သက်တဲ့ စကားမှန်သမျှ မင်း ခါးခါးသီးသီး ပုတ်ထုတ်နေတယ်"





အောင်ဇေယျ ပင့်သက်ချသည်ကိုလည်း အံ့ဩစွာ တွေ့ရ၏။

သည်အကြောင်းအရာများနှင့် ပတ်သက်ပြီး သူ့ကို ပြောချင်သည့်စကား အောင်ဇေယျမှာ ရှိနေပြီလားဟု သူ တွေးသည်။

အောင်ဇေယျက စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်ယူမီးညှိပြီး . . .

"မင်းဘဝမှာ အမှားတွေ ဆက်တိုက်ကျူးလွန်နေမိမှာ စိုးလို့ ငါ တားနေတာ ညီအောင်"

"ဘာအမှားကို ကျူးလွန်ရမှာလဲ။ မမဟာ လွတ်လပ်သူ တစ်ယောက်ပဲ အောင်ဇေယျ။ ငါ့အပေါ် ထားတဲ့ မမရဲ့မေတ္တာ စေတနာတွေကိုလည်း ငါ မင်းကို ပြောပြောပြနေတာပဲ"

"မင်း ပြောပြတာတွေကို ငါ အသေအချာ နားထောင်ပြီး ခွဲခြမ်းစိတ်ဖြာတယ် ညီအောင်။ မင်းအပေါ် ထားတဲ့ အဲဒီအစ်မကြီးရဲ့ မေတ္တာ စေတနာမှာ အချစ်ဆိုတဲ့ အရိပ်အရောင် လုံးဝမရှိဘူး"

"မင်း အတွေးအခေါ်တွေ တော်တော်ညံ့နေပါလား။ ဥပမာ မမနဲ့ ငါ မနက်ဘက် လမ်းလျှောက်ရင်း မြေနီကုန်းမှာ မလိုင်ဝင်စားတယ်။ မမက နံပြားချပ်ကို သူကိုယ်တိုင်ဖဲ့ပြီး ပန်းကန်ထဲ ထည့်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အချစ်လား"

အောင်ဇေယျ စကားကိုဖြတ်ပြီး ဝင်မေး၏။

"ဒါ နှလုံးသားချင်း နားလည်တဲ့ အချစ်ပေါ့ကွ"

သူ့စကားကို အောင်ဇေယျက လက်မခံ။

ခေါင်းကိုသာ တွင်တွင်ခါယမ်းသည်။

"ငါ မင်းကို ပြောမယ်။ ငါပြောတဲ့ စကားကို မင်း လေးလေးနက်နက် နားထောင်ပေး"

သူ နားစွင့်ထားလိုက်သည်။

အောင်ဇေယျက စီးကရက်ကို တစ်ချက်ရှိုက်ပြီး စီးကရက်ငွေ့များကို အဆုပ်တွင်းမှ ခပ်ပြင်းပြင်း မှုတ်ထုတ်၏။

"အစ်ကိုကြီး ကိုအောင်နဲ့ အစ်မကြီး ခိုင်ကြည်ဖြူ တစ်ခုခု ပတ်သက်နေရမယ်။ မင်း ယုံမလား"

သူ မျက်မှောင်ကြုတ်လိုက်သည်။

"အဲဒီ တစ်ခုခုဆိုတာကလည်း နှလုံးသားနဲ့ ပတ်သက်နေတယ်လို့ ငါ ယုံကြည်ထားတယ် ညီအောင်"

"မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး"

သူ အထိတ်တလန့် အော်သည်။

"ဖြစ်နိုင် မဖြစ်နိုင် ငါပြောတဲ့ စကားအပေါ်မှာ မင်း ဆင်ခြင်သုံးသပ်ပေး။ ငါ အစ်ကိုကြီးကိုအောင်နဲ့ အစ်





မကြီး ခိုင်ကြည်ဖြူကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ သုံးကြိမ် သုံးခါတိတိပဲ ညီအောင်။ ပထမတစ်ကြိမ် အစ်ကိုကြီးနဲ့ အစ်မကြီး သမ္မတရုပ်ရှင်ရုံထဲက အတူထွက်လာတယ်။ ဒုတိယအကြိမ်က လေဆိပ်စားသောက်ခန်းမ၊ တတိယအကြိမ်က ဗိုလ်တထောင်ဘုရားမှာ ငါ့ကို သူတို့ မမြင်ကြဘူး"

"ဟား. . .ဟား. . .အောင်ဇေယျရယ်။ အတူသွားရုံနဲ့ ကိုကိုနဲ့ မမ ချစ်နေကြလေသတည်းလို့ ဆုံးဖြတ်လို့ ဘယ်ရမလဲကွ။ သူတို့က သူငယ်ချင်းတွေပဲ။ အတူသွားလာကြတဲ့ ရက်တွေတော့ ရှိကြမှာပေါ့"

အောင်ဇေယျ သူ့ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေဆဲမှာ . . .

"ငါနဲ့ ကိုကိုက ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးဖက်ပါကွာ။ မမနဲ့ ပတ်သက်လို့ ကိုကို ငါ့ကို အရိပ်အမြွက် စကားတောင် မပြောဘူး အောင်ဇေယျ။ ကိုကိုနဲ့ မမ ဘာမှမဖြစ်ဘူးဆိုတာ ငါ လုံးဝယုံကြည်တယ်။ နောက်ပြီး မင်း အံ့သြမယ့်စကားတစ်ခွန်းကို ငါ ပြောရဦးမယ်"

စကားကို မဆက်သေးဘဲ သူက စီးကရက် အသစ်တစ်လိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ယူမီးညှိသည်။

"ကိုကိုနဲ့ သက်နှင်းဝေ ဖြစ်နေကြတယ်"

"ဟင် . ."

"မင်း တော်တော်အံ့ဩသွားတယ် မဟုတ်လား။ ဒီစကား အပိုင်စကားနော်။ ငါ ဖြီးသမ်းပြောတဲ့ စကားမဟုတ်ဘူး"

အောင်ဇေယျက အံ့ဩဟန်နှင့် သူ့မျက်နှာကို စိုက်ကြည့်နေ၏။

"သက်နှင်းဝေတို့ အောက်ထပ်မှာ ငါ့မိတ်ဆွေ တစ်ယောက် နေတာ။ လွန်ခဲ့တဲ့တစ်ပတ် သောကြာနေ့ညမှာ ကိုကို သက်နှင်းဝေ တိုက်ခန်းမှာရှိနေတယ်။ ညဆယ့်တစ်နာရီလောက်မှာ ကိုကို ပြန်သွားတယ်။ အဲဒီနေ့ကိုလည်း ငါ အမှတ်ရနေတယ်။ ကိုကို အရက်တော်တော်လေးကို သောက်ထားတယ်"

"သက်နှင်းဝေက သူ့အမေ သူ့ညီမနဲ့ နေတာပဲဟာ"

"အဲဒီနေ့မှာ သက်နှင်းဝေ အမေနဲ့ ညီမ မရှိဘူးကွ။ ငါ့ကို အတိအကျပြောတာ။ မင်း စဉ်းစားကြည့်လေ။ ကန်ထရိုက်တိုက်ခန်းကျဉ်းလေးမှာ သွေးမတော် သားမစပ် လိင်မတူ မိန်းမ၊ ယောကျ်ား နှစ်ယောက်တည်း ရှိနေတဲ့ကိစ္စမှာ ဘာတွေဖြစ်နိုင်တယ်ဆိုတာ"





"မခိုင်လုံဘူးကွာ"

"ဘာကို မခိုင်လုံတာလဲ"

"မင်း ထွက်ဆိုချက်မျိုး တရားရုံးမှာ သွားထွက်ရင် ပယ်ချလိုက်မှာပဲ ညီအောင်။ ဘာဖြစ်လို့လဲဆိုတော့ ခိုင်လုံတဲ့အကြောင်းအရာနဲ့ မျက်မြင်သက်သေရှိတာမှ မဟုတ်တာ။ မင်းမိတ်ဆွေက အတိအကျ ပြောနိုင်ရအောင် သူက ချောင်းကြည့်လို့လား"

သည်တစ်ခါတော့ သူ အောင်ဇေယျကို အရမ်းစိတ်ဆိုးသွားသည်။

ကိုကို့ဘက်က လိုက်လွန်းသည်။

ကိုကို့ကို အထင်ကြီးလွန်းသည်။

"သူတို့မှာ အလုပ်ကိစ္စ၊ စာရင်းဇယားကိစ္စနဲ့ အချိန်တွေ ကုန်လွန်ခွင့် ရှိတယ်လေကွာ။ သက်နှင်းဝေက အစ်ကိုကြီးရဲ့ ဝန်ထမ်းတစ်ယောက်ပဲ။ မခိုင်လုံပဲနဲ့ စွပ်စွဲပြောလို့တော့ ဘယ်ရမလဲ"

"တော်ကွာ၊ အောင်ဇေယျ တော်တော့။ မင်းကို စကားပြောရတာ ဘာမှအဆင်မပြေဘူး။ ဒီမယ် ကိုကိုနဲ့ သက်နှင်းဝေကိုလည်း ငါ စိတ်ဝင်စားတာမဟုတ်ဘူး။ ငါ့ဘဝမှာ စိတ်အဝင်စားဆုံးဟာ မမပဲ။ မမ ငါ့ကို ချစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့လည်း လုံးဝယုံကြည်ထားတယ်"

အောင်ဇေယျ သူ့ကို ဘာမှပြန်မပြောတော့။

လက်ဖက်ရည်ဆိုင်က ထွက်တော့ သူ အောင်ဇေယျမျက်နှာကို လှမ်းပြီး အကဲခတ်ကြည့်သည်။

ဒီကောင် ဘယ်လိုဖြစ်နေမှန်းကို မသိ။

☆ ☆ ☆



# [၃၆]

ကြိစည်ခြင်းနှင့် မျှော်လင့်ထားမှုက စောစီးစွာပင် သူ့ဆီသို့ ရောက်ရှိလာခဲ့သည်။

သူ ခြံထဲမှ ကားကို မောင်းထွက်မည်အပြုမှာပင် မမက သူ့ကို လက်ယပ်ခေါ်သဖြင့် ကားကို မမတို့ခြံထဲ ကွေ့ဝင်မောင်းခဲ့ရ၏။

"ညီညီအောင် ဘယ်သွားမလို့လဲ"

"အပြင်ကို ခဏသွားမလို့ မမ"

"ညီညီအောင် နေ့လည် နှစ်နာရီလောက် မအားဘူးလား"

သူ တွေကနဲစဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ သူ ဘယ်မှသွားစရာမရှိ။

သွားစရာရှိရင်လည်း မမအတွက် သွားလာစရာကိစ္စများကို ဖျက်ပစ်ရမည်သာ ဖြစ်သည်။

"အားတယ်လေ မမ"

"မင်း နေ့လည် နှစ်နာရီလောက် မမကို ကျူရှင်မှာ လာကြိုပါလား။ အိမ်က ကားကို ဖေဖေယူသွားလို့"

"လာကြိုမယ်လေ။ အသွားကျတော့ကော"

"မင်းအစ်ကိုကြီးနဲ့ ကားကြုံလိုက်သွားမှာ၊ ဒီနေ့ နိုင်ငံခြားက ကုန်သည်တွေ ရောက်လာမှာမို့ ကိုအောင် ဘယ်လိုမှ အားလပ်မှာ မဟုတ်ဘူး"

"စိတ်ချလေ မမ"

သူ ကားကို မောင်းထွက်ခဲ့သည်။

နေ့လည်မှ သွားကြိုရမှာဆိုတော့ . . .

သူ့မှာ စိတ်ဝင်ဖို့ အချိန်တွေ အများကြီးရနေသည်။

☆ ☆ ☆

အပျင်းပြေ ဘုရင့်နောင်တံတားကြီးကို ကားဖြတ်မောင်းရအောင်နော် မမဟု ဆိုသောအခါ မမက လိုလိုလားလားပင် ခေါင်း





ညိတ်သည်။

သည်လို လိုက်လျောမှုကိုက သူ့အတွက် အခွင့်လမ်းတစ်ခုပါပဲ။

သူ ကားကို လမ်းကြောင်းပြောင်းပြီး ကြည့်မြင်တိုင် ကမ်းနားလမ်းအတိုင်း ကားကို မောင်းခဲ့သည်။

မမက ပြင်ပရှုခင်းများကို ငေးရင်း စကားတိတ်သွား၏။

ဘုရင့်နောင်လမ်းမကြီးဘက် ချိုးကွေ့တော့ . . .

"ဒီလမ်းကို တစ်လနေလို့ တစ်ခေါက် မရောက်ပါဘူး ကွာ" ဟု မမက ပြောသည်။

ကားမောင်းရင်း သူ မမမျက်နှာကို စောင်းငဲ့ကြည့်တော့ ပကတိ အေးအေးချမ်းချမ်း။

သူ့ရင်ထဲမှာ ပူလောင်ခုန်လှုပ်နေသည့် အဖြစ်ကိုတော့ မမ သိမည်မဟုတ်။

ပြီးတော့ . . .

သူ၏ ခံစားခြင်းများကိုလည်း မမ သိမည်မဟုတ်။

သူ ကားကို တည်ငြိမ်စွာမောင်းသည်။

"ဟိုမှာ ကြည့်စမ်း။ လုံးချင်းနှစ်ထပ်တိုက်ကလေးတွေ၊ သူ့ခြံနဲ့ သူ့ဝန်းနဲ့ တော်တော်အေးချမ်းတာပဲ"

သူ ပင့်သက်ကို ဖွဖွချသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်တွေ ရွှေ့လျားရင်း လမ်းမ၏ထောင့်စွန်းကျသော ဝင်းနှင့်ခြံနှင့် တိုက်ကလေးအတွင်းသို့ ကားကိုမောင်းဝင်လိုက်သည်။

"အသိရှိလို့လား"

မမက တည်တည်ငြိမ်ငြိမ်ပင် မေး၏။

"ဟုတ်တယ် မမ၊ ကြုံလို့ ခဏဝင်နှုတ်ဆက်တာပါ"

"မကြာနဲ့နော်"

ကားတံခါးဖွင့်ပြီး ဆင်းသည်။

အသံကြောင့် ခင်မောင်ဇော် တိုက်ထဲမှ ပြေးထွက်လာ၏။

"မင်္ဂလာပါ ညီညီအောင်"

"မင်းကို သတိရလို့ ဝင်လာတာ"

"အိမ်ထဲဝင်ပါဦး"

သူ မမကို လှည့်ကြည့်ပြီး . . .

"ခဏတဖြုတ် ဝင်ထိုင်မယ်နော် မမ။ ခင်မောင်ဇော်က သူ့ဆီရောက်ရင် တစ်ခုခု စားသောက်မသွားဘဲနဲ့ ပြန်မလွှတ်ဘူး"

မမက ယဉ်ကျေးမှုကို နားလည်သဘောပေါက်သည်။ တည်ငြိမ်စွာပင် ကားပေါ်ကဆင်းပြီး သူနှင့်အတူ တိုက်ထဲဝင်ခဲ့၏။

ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်ပြီး ပတ်ဝန်းကျင်ကို အကြည့်ဝေ့သည်။





တိတ်ဆိတ်ငြိမ်သက်မှုကို တွေ့သိပြီး ခင်မောင်ဇော် ဝင်းတံခါးပိတ်၍ အပြင်ထွက်သွားသည့်အခါတွင်တော့ . . .

☆ ☆ ☆

ခိုင်ကြည်ဖြူ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

ရုတ်ခြည်းတင်းမာသွားသော မျက်နှာထားက အရာအားလုံးကို သဘောပေါက်သွားပြီမှန်း ညီညီအောင် သိလိုက်၏။

"မင်းရဲ့ ယုတ်ညံ့တဲ့အကြံဉာဏ်တွေ ဒါအကုန်ပဲလား ညီညီအောင်"

"ကျွန်တော် ယုတ်ညံ့ပြီး ယုတ်မာဖို့ မမကို ခေါ်လာတာ မဟုတ်ဘူး။ မမနဲ့ ဘဝချင်းပေါင်းစပ်ဖို့ ဒီကို ခေါ်လာတာ"

"အံ့မယ် . . အံ့မယ် . . ပြောတတ်လိုက်တာ။ ဘဝချင်းပေါင်းစပ်ဖို့ ခေါ်လာရအောင် ငါက မင်းကို ချစ်တယ်လို့ ပြောခဲ့လို့လား"

ညီညီအောင်က မခိုးမခန့် ပြုံးသည်။

"မမ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမ ထွက်ပြေးဖို့ ကြိုးစားလို့မရဘူး။ ခင်မောင်ဇော်က ဒီတိုက်ကြီးတစ်တိုက်လုံးမှာ သူတစ်ယောက်တည်းနေတာ။ အခြေနေအားလုံးကို ကျွန်တော် သူ့ကို ဖွင့်ပြောပြီးသား"

ပြောပြီး ညီညီအောင်က အနားသို့ တိုးကပ်သည်။

"မင်း ငါ့အနားကို မကပ်နဲ့"

"ကျွန်တော် မမကို တကယ်ချစ်တာပါ"

"အဲဒီစကားတွေကို ငါ စိတ်မဝင်စားဘူး။ မင်း ခြေလှမ်းကို ရပ်လိုက်စမ်း။ ငါ ထွက်ပြေးဖို့ ကြိုးစားလိမ့်မယ်လို့လည်း မင်းမထင်နဲ့"

ပြောပြီး နိုင်ကြည်ဖြူက သူမလက်ကိုင်အိတ်ထဲမှ အနက်ရောင်ပစ္စည်းတစ်ခုကို ထုတ်လိုက်သည်။

"တွေ့လား ခလုပ်ဓါး။ ဒီဓါးနဲ့ ငါ မင်းကို ထိုးဖို့လည်း မကြိုးစားဘူး။ ဒါပေမယ့် မင်း ငါ့အနားကပ်လာတာနဲ့ ငါ့ရင်ညွန့်ကို ငါ ထိုးစိုက်လိုက်မယ်။ လူဆိုတာ အသက်နဲ့ လူလုပ်တာမဟုတ်ဘူး။ အရှက်နဲ့ လူလုပ်တာ"

ညီညီအောင် ခြေလှမ်းကို ဆက်မတက်ရဲ။

နိုင်ကြည်ဖြူ မျက်နှာကိုသာ ဝေဝေသီသီ ကြည့်နေ၏။

"မင်းဟာ မိုက်မဲတဲ့ ကောင်လေး တစ်ယောက်ပဲ





ညီညီအောင်"

"ကျွန်တော် မမကို ချစ်လွန်းလို့ ခုလို ကြံစည်မိတာပါ မမရယ်။ မမကလည်း ကျွန်တော့်ကို ချစ်တယ်လို့ ထင်ခဲ့မိပါတယ်"

"မင်း ငါ့ကို ချစ်တယ်လို့ ပြောတာဟာ မင်းအစ်ကိုအပေါ်မှာ သစ္စာမဲ့လိုက်တာပဲ ညီညီအောင်"

"ဗျာ . . ."

"မင်း ခေတ်လူငယ်တစ်ယောက်ပဲ။ ငါနဲ့ ကိုကိုအောင် မေတ္တာမျှနေကြတယ်ဆိုတာကို မင်း နည်းနည်းပါးပါး ရိပ်စားမိဖို့ကောင်းတယ်"

"မယုံဘူး။ အဲဒါကိုတော့ ကျွန်တော် လုံးဝမယုံဘူး"

ညီညီအောင် ငွတ်အော်သည်။

နိုင်ကြည်ဖြူက မဲ့ပြုံးလေး ပြုံး၏။

"မင်း ဒီလို အကြောက်အကန် ပြောမယ်ဆိုတာ ငါ စဉ်းစားပြီးသားပါ။ မယုံရင် သက်သေအထောက်အထားနဲ့ ပြရမှာပေါ့လေ။ ကဲ-မင်း ငါ့ရှေ့က ခုံမှာ ထိုင်လိုက်"

အလယ်မှာ စားပွဲခြားသည်။

ညီညီအောင်က အင်အားလျော့ပါးစွာဖြင့် သူမ ညွှန်ပြသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီခုံမှာ ဝင်ထိုင်လိုက်၏။

နိုင်ကြည်ဖြူက ခလုတ်ခါးကို ပေါင်ပေါ်မှာ တင်ထားပြီး လက်ကိုင်အိတ်ထဲက အညိုရောင်သားရေဖုံး အယ်လ်ဘမ်ကလေးကို ဆွဲထုတ်ယူလိုက်သည်။

"ဒီမယ် ကြည့်စမ်း ညီညီအောင်"

ညီညီအောင် မျက်လုံး ဝိုင်းစက်သွားသည်။

"ဇလွန်ပြည်တော်ပြန်ဘုရား သွားတုန်းက ငါနဲ့ မင်းအစ်ကို တွဲရိုက်ထားတဲ့ပုံ။ အတူယှဉ်ရပ်ပြီး လက်ကလေး ဆုပ်ကိုင်ထားရုံနဲ့ မလုံလောက်ဘူး ထင်ရင် ညောင်တုန်းမြစ်ကမ်းနဖူးမှာ ရိုက်ထားတဲ့ပုံကို ငါ ပြမယ်"

နိုင်ကြည်ဖြူက အယ်လ်ဘမ်ကွက်များကို ထပ်မံလှန်လှောလိုက်သည်။

"သေသေချာချာကြည့်။ တွေ့တယ် မဟုတ်လား။ မြစ်ကမ်းနဖူးမှာ မင်းအစ်ကိုက ငါ့ပခုံးကို ဆုပ်ဖက်ပြီး ရယ်ရယ်ပျပျနဲ့ ရိုက်ထားတဲ့ပုံ"

ညီညီအောင်နဖူးမှာ ဇောချွေးတွေ ပြန်တက်လာသည်။

ရှက်ရွံ့မှုများက ညီညီအောင့်မျက်နှာပြင် တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။





"တော်. . တော်ပါတော့ မမရယ်။ ကျွန်. . ကျွန်တော် မှားပါပြီဗျာ။ ကျွန်တော် မမကို ကန်တော့ပါတယ်။ စိတ်မကျေနပ်ရင် မမ ပေါင်ပေါ်မှာ တင်ထားတဲ့ခါးနဲ့ အသေသာ ထိုးသတ်လိုက်ပါဗျာ"

"မင်း သဘောပေါက်ပြီနော်"

"ပေါက်. . ပေါက်ပါပြီ မမ"

"အေး . . သဘောပေါက်ရင် ပိတ်ထားတဲ့တံခါးကို မင်းလက်နဲ့ ကိုယ်တိုင်ထဖွင့်"

ညီညီအောင်က တံခါးကို အပြေးကလေး ထဖွင့်သည်။

နိုင်ကြည်ဖြူ တံခါးဆီသို့ ခြေအလှမ်းမှာ . . .

"ကျွန်တော် ပြန်လိုက်ပို့ပါမယ် မမ"

"မလိုဘူး။ မင်း မောင်းတဲ့ကားကို စီးပြီး မပြန်သင့်ဘူးလို့လည်း ငါ့စိတ်က ငါ့ကို ဆုံးမတယ်။ လမ်းပေါ်မှာ အငှားကားတွေ အများကြီးပါ။ ငါ့အိမ်ကို ငါ ပြန်တတ်ပါတယ်"

ဝင်းတံခါးဆီသို့ လျှောက်ခဲ့ပြီး ဝင်းတံခါးဖွင့်ရင်း . . .

"မင်းက တိမ်တစ်ဆုပ်မှာ အိမ်အရှုပ်ရှာပြီး နေချင်တဲ့ကောင်ပဲကွ"

"ကျွန်တော် နားမလည်ဘူး မမ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်သတ် စိတ်ကူးယဉ်တတ်တာကို ပြောတာ"

ညီညီအောင် ခေါင်းငိုက်ကျသွားသည်ကိုတော့ နိုင်ကြည်ဖြူ တွေ့လိုက်ရပါ၏။

★ ★ ★



အပိုင်း-သုံး

www.burmeseclassic.com

www.burmeseclassic.com

## [၃၇]

ရန်ကုန်-မန္တလေး အမြန်ရထား အထက်တန်းတွဲ၏ ထိုင်ခုံနောက်မှီပေါ် ညီညီအောင် ခေါင်းတင်ထားလိုက်သည်။

မျက်ဝန်းမှ ဝဲရစ်လာသည့် မျက်ရည်များကို သူ ပင်ပန်းကြီးစွာ ထိန်းချုပ်နေရသည်ကိုလည်း အောင်ဇေယျ သိ၏။

ညီညီအောင်ကို ကြည့်ပြီး သူ စိတ်အထိခိုက်ကြီး ထိခိုက်နေရသည်ကိုတော့ အောင်ဇေယျ ကိုယ့်ကိုယ်ကို သိသည်။

သည်ခရီးသည် သူတို့သူငယ်ချင်း နှစ်ယောက်၏ အဝေးဆုံးသော နေရာဒေသတစ်ခုပေပဲလား။ ဘယ်ဆီဘယ်ဝယ် ဆိုသည်ကိုလည်း ညီညီအောင်က အတိအကျမပြော။ တစ်နေ့ ပြန်ဆုံမှာပေါ့





အောင်ဇေယျရာ ဆိုသည့်စကားက သူ့ကို ပိုမိုခံစားစေရသည်။

"မင်း ဆုံးဖြတ်ချက်ကြီးက မြန်လွန်းတယ် ညီအောင်ရာ။ မင်း တင်္ဂတ်ထိုးစိတ်ကို သိလို့ အန်တီချို ခွင့်ပြုလိုက်ပေမယ့် အန်တီကော အစ်ကိုကြီးကိုအောင်ပါ အတော်စိတ်မကောင်းဖြစ်ကြတယ်"

"ငါ သေရွာသွားတာမှ မဟုတ်ပဲကွာ"

"သေရွာမဟုတ်လို့လည်း အန်တီနဲ့ အစ်ကိုကြီးက မင်းဆန္ဒကို လိုက်လျောလိုက်ရတာပေါ့။ တကယ်ဆို မင်း ထွက်သွားဖို့ မကောင်းဘူးကွာ။ ပိုနေမြဲ ကျားနေမြဲ နေဖို့ကောင်းပါတယ်"

"ငါ ဘယ်လိုလုပ်ပြီး စိတ်လုံမလဲ အောင်ဇေယျ။ ငါ အခု ကိုကို့ကို ကန်တော့ခဲ့ပေမယ့် ကိုကို့မျက်နှာကို မကြည့်ရဲခဲ့ဘူး"

"ဖြစ်ခဲ့တဲ့ကိစ္စတွေ အစ်ကိုကြီး မသိပါဘူး"

ညီညီအောင် ခေါင်းကို ခါယမ်းသည်။

သူက တံခါးဘောင်ပေါ် လက်တင်ပြီး ညီညီအောင့်မျက်နှာကို တွေတွေကလေး ကြည့်သည်။

"အစ်မကြီးခိုင်ကြည်ဖြူက ဒီအကြောင်းတွေကို အစ်ကိုကြီးကို ပြောလိမ့်မယ်လို့ မင်း ထင်နေတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ညီညီအောင်က ခေါင်းကို ညိတ်ပြသည်။

"အစ်မကြီး နိုင်ကြည်ဖြူဟာ ပညာတတ်မိန်းမ တစ်ယောက်ပါ ညီအောင်ရာ။ ညီအစ်ကိုနှစ်ယောက် စိတ်ဝမ်းကွဲမယ့် အဖြစ်မျိုး၊ စကားမျိုးကို အစ်မကြီး နိုင်ကြည်ဖြူ ပြောပါ့မလား။ မင်း အဲဒါကိုတော့ အသေအချာ ထည့်စဉ်းစားကွာ။ အစ်မကြီး အဲဒီလောက် စကားဖွာပြီး မိုက်မဲမယ်လို့ ငါ လုံးဝမထင်ဘူး"

"ထားပါလေ။ ငါ့ရဲ့ ရှက်စိတ်၊ ကြောက်စိတ်ကတော့ အချိန်တိုတိုနဲ့ ပြေပျောက်သွားမှာ မဟုတ်ဘူး။ ငါ မမနဲ့ ပတ်သက်ပြီး မင်းစကားတွေကို နားမဝင်ခဲ့တာက လည်း အမှားတစ်ခုပေါ့ကွာ။ ကဲ-မင်းပြန်တော့ အောင်ဇေယျ။ ရထားထွက်ခါနီးပါပြီ"

"ငါ ရထားထွက်မှ ပြန်မှာ"

"အဲသလို မလုပ်နဲ့ကွာ။ လက်ပြ နှုတ်ဆက်တဲ့အလုပ်ကို ငါ ဝမ်းနည်းတတ်တယ်ဆိုတာ မင်းသိသားနဲ့"

သူ သူငယ်ချင်းမျက်နှာကို ဝေသီစွာကြည့်ပြီး ခြေလှမ်းကို ရွှေ့လျားလိုက်သည်။

ကြော်-သူငယ်ချင်းဘဝ ငြိမ်းချမ်းပါစေ။

ရောက်လေရာအရပ်မှာ အေးချမ်းပါစေ။

☆ ☆ ☆



[၃၈]

"ကိုအောင်"

"ဘာလဲ နိုင်"

"ပင်ပန်းပြီး ကိုအောင် အိပ်ပျော်နေသလားလို့ပါ။ ညနေဘက် ဘုရားသွားဦးမယ်ဆိုတော့ နှစ်ဖက်မိဘတွေကို ကန်တော့ကြရမယ်လေ။ ဖေဖေနဲ့ မေမေက ကန်တော့ခံဖို့ စောင့်နေကြမှာ"

သူ အိပ်ရာမှာ လဲလျောင်းရင်းမှ လူးလဲထလိုက်သည်။ နိုင်က သူ့မျက်နှာကို ရွှန်းရွှန်းလဲ့လဲ့ ကြည့်ပြီး . . .

"မေမေလည်း ကန်တော့ခံဖို့ အိမ်ဦးခန်းမှာ အသင့်ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဈေးစပ်ပြီးသည့် နေ့ကစပြီး ခိုင်က မေမေ့ကို မေမေဟု ခေါ်ခဲ့သည်။

"ကိုယ် ရေချိုးချင်သေးတယ် ခိုင်"

"ချိုးလေ၊ လူ လန်းဆန်းသွားတာပေါ့"

"အင်း-ဘဝကို ဒီနေ့ကစပြီး နဖူးတွေ့ ဒူးတွေ့ စကြရပြီနော်"

"ကိုအောင်ကလဲ"

ခိုင့်မျက်နှာ ရှက်ရိပ်ကလေး ပြေးသည်။

သူက ခိုင့်နဖူးကို ဖွဖွနမ်း၏။

သည်နေ့က သူတို့နှစ်ဦးအတွက် မင်္ဂလာရက်မြတ်နေ့ပါပဲ။

စာသင်တိုက်မှာ သံဃာအပါးတစ်ရာကို မင်္ဂလာဆွမ်းကျွေးသည်။ မိတ်ဆွေအပေါင်းသင်းများကို ထောပတ်ထမင်းနှင့် ဧည့်ခံပြီး ခမ်းနားထည်ဝါစွာ ပြုလုပ်လျှင် ကုန်ကျမည့် မင်္ဂလာစရိတ်ငွေအားလုံးကို ပုဂံဘုရားများ ပြုပြင်ရန် ရေစက်ချလှူဒါန်းခဲ့သည်။

သည့်အတွက် နှစ်ဖက်မိဘနှင့် မိတ်ဆွေသင်္ဂဟများ၏ သာဓုခေါ်သံကို ရင်သိမ့်ခုန်စွာ ကြားခဲ့ရပါသည်။

သူ ရေမိုးချိုး အဝတ်အစားလဲတော့ ခိုင်လည်း အဆင်သင့်ဖြစ်နေသည်။

မေမေ့ကို ဦးချကန်တော့အပြီးမှာ မေမေက ဆုတွေအများကြီး





ပေးသည်။ ပြီးတော့ ခိုင့်ကို မေမေက ပြောသည်။

"သျှောင်နောက် ဆံထုံးပါရမယ်ဆိုတဲ့ အစဉ်လာကြီးကို ဆွဲကိုင်ထားတာ မဟုတ်ပါဘူး။ သားနှစ်ယောက် မွေးထားတဲ့ မိခင်က သမီးမိန်းကလေး လိုချင်လွန်းလို့ မင်္ဂလာအိပ်ရာ အခမ်းအနားကို အိမ်မှာ ပြင်ဆင်ပြီး သမီးလေး ခိုင်ကို အပိုင်ခေါ်ထားရတာ။ စိတ်မခုပါနဲ့လို့ ဖေဖေနဲ့ မေမေကို ပြောပြနော်"

"ဖေဖေနဲ့ မေမေက နားလည်သဘောပေါက်ပါတယ် မေမေ။ နှစ်ဖက်မိဘတွေကလည်း အဝေးကြီးမှာ နေထိုင်ကြတာမှ မဟုတ်ပဲ မေမေရယ်"

ခိုင့်စကားကို မေမေက ကျေနပ်စွာပြုံးသည်။ သည့်နောက် မေမေ့ကို ခွင့်ပန်ပြီး တစ်ဖက်ခြံသို့ ကူးခဲ့ကြ၏။

ခိုင့် ဖေဖေနှင့်မေမေကို ကန်တော့အပြီးမှာ ခိုင့် မေမေက. .

"လိမ္မာရေးခြားရှိတဲ့ သမီးလေးကို အထူးဆုံးမစရာ မလိုပါဘူးကွယ်။ သမီးလေး သိပြီးသားကို ထပ်ပြီး သတိပေးပြောချင်တာက ဖေဖေနဲ့မေမေကို ချစ်သလို မောင်ကိုကိုအောင်ရဲ့ မေမေကိုလည်း ချစ်ရမယ်။ ဖေဖေနဲ့ မေမေကို ဂရုစိုက်ပြုစုသလို မောင်ကိုကိုအောင်ရဲ့ မေမေကိုလည်း ဂရုစိုက်ပြုစုရမယ်။ လင့်ကျင့်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



မယားကျင့်ဝတ်ဆိုတာကတော့ သားတို့သမီးတို့ ပညာတတ်တွေဝိကွယ်။ စောင့်သိနားလည်မယ် ဆိုတာ မေမေ ယုံကြည်ပြီးသားပါ"

မင်္ဂလာစံအိမ်ကို ပြန်ရောက်တော့ သူရော နိုင်ပါ အနားယူချင်စိတ်တွေ ရှိနေကြသည်။

အပေါ်ထပ်သို့ လှမ်းတက်မည်အပြုမှာ . . .

"ဆရာ . . ."

ခေါ်သံကြောင့် နောက်ပါးသို့ သူကော နိုင်ပါ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟင်-မဝေ မနက်က ဘာလို့မလာတာလဲ"

"ဝေ ဆရာနဲ့ မမနိုင်ကို သီးသန့် ကန်တော့ချင်လို့ အချိန်ကိုရွေးပြီး လာတာပါ ဆရာ"

"ဒုက္ခရှာလို့ မဝေရယ်။ ကြည့်စမ်း လက်ထဲမှာလည်း လက်ဆောင်ထုပ်ကြီးနဲ့။ ငွေကုန် ကြေးကျခံပြီးတော့ များကွာ။ အားနာဖို့ ကောင်းနေပြီ"

"တန်ဖိုးမကြီးမားပေမယ့် ဆရာနဲ့ မမနိုင်အတွက် ဝေ့ရဲ့ အမှတ်တရပါ"

"ကဲ-လာ နိုင်။ မဝေက သူ့ဆရာနဲ့ ဆရာကတော်ကို သိခြားကန်တော့ချင်တာ"





နိုင်က ရယ်ရယ်ပြုံးပြုံး။

သူနှင့် နိုင် နှစ်ယောက်ထိုင် ဆိုဖာဆက်တီမှာ အတူယှဉ်ထိုင်တော့ သက်နှင်းဝေက လက်အုပ်ကလေးချီပြီး . . .

"ဆရာနဲ့ မမနိုင်ကို ဝေ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ မပြစ်မှားခဲ့ပါဘူး။ ပြစ်မှားခဲ့သလို အပြုအမူများ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပါလို့ ဦးချကန်တော့ပါတယ်"

သက်နှင်းဝေက ဦးသုံးကြိမ်ချသည်။

နိုင်က သက်နှင်းဝေ၏ နဖူးပေါ် ဝဲကျလာသည့် ဆံစများကို လက်နှင့် သပ်တင်ပေးနေဆဲမှာပင် . . .

"ကိုကိုကြီးရေ၊ ခြံထဲကို ဘုန်းကြီးတစ်ပါး စွတ်ဝင်လာတယ်"

အိမ်ဖော်ကောင်မလေး နှစ်ယောက်၏ ရူးရူးဝါးဝါး အော်သံကြောင့် သူ ထိုင်ရာမှ ဆတ်ခနဲ အထမှာပင် သင်္ကန်းဝတ်နှင့် ကိုယ်တော်တစ်ပါး အိမ်ထဲသို့ တန်းဝင်လာ၏။

"ဟင်-ညီ . . . ညီညီအောင်။ ဟာ-မဟုတ်သေးပါဘူး။ ကိုယ် . . ကိုယ်တော် . . ."

"ဦးဝိမလစာရပါ ဒကာ"

မယုံကြည်နိုင်သော အဖြစ်သနစ်များကြောင့် အားလုံး တအံ့တသြ ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ လက်အုပ်ချီတော့ နိုင်နှင့် သက်နှင်းဝေပါ လက်အုပ်ကလေး ချီသည်။

"ကိုယ်တော်ရယ်။ ဒကာမကြီးသာ သိရင် ဘယ်လောက် ဝမ်းသာဝမ်းနည်းဖြစ်ရှာမလဲ။ ဟဲ့-အေးမိနဲ့ အေးတင် နင်တို့ ဘာကြောင်တောင်တောင် ကြည့်နေကြတာလဲ။ နင်တို့ အစ်ကိုလေးလေ။ ခေါ်စမ်း - မေမေ့ကို သွား ခေါ်စမ်း"

အေးမိနှင့် အေးတင် အပေါ်ထပ် ပြေးတက်သွားပြီး ချက်ချင်း ဆိုသလိုပင် မေမေ အပြေးကလေး ဆင်းလာ၏။

"သား . . . သားငယ်"

"သတိကိုထိန်းပါ ဒကာမကြီး။ ဦးဝိမလစာရ ကိုယ် တော်ပါ"

သူတို့နှင့်အတူ မေမေပါ လက်အုပ်ကလေးချီသည်။ ကိုယ်တော် က စကျွဲကွန်ခြေကို ချထားတော်မူပြီး . . .

☆ ☆ ☆



BURMESE CLASSIC .com

[၃၉]

"ကိုယ်တော်လုပ်လိုက်ရင် အားလုံး မျက်ကလဲ ဆန်ပြာ ဖြစ်ရတာကြီးပါပဲလား။ ကိုယ်တော့် မယ်တော်ခမြာ ကိုယ်တော် ပြန်ကြွမယ်ဆိုတော့ မျက်ရည်လေးစမ်းစမ်း နဲ့ ဖြစ်ကျန်ခဲ့ရှာတယ်"

"ကျုပ် ရန်ကုန်ကို အမိဌာန်နဲ့လာတာ ဒကာ အောင် ရေယျ။ ခု အမိဌာန်ပြည့်လို့ သီတင်းသုံးရာအရပ်ကို ပြန်ကြွမှာ။ မိသားစုဘဝကို အေးအေးချမ်းချမ်း မြင်ရ တော့ ကျုပ် ဝမ်းသာပီတိဖြစ်ရပါတယ်"

"ဒါတွေကို ထားပါ ကိုယ်တော်ရယ်။ တပည့်တော် သို



www.burmeseclassic.com

www.burmeseclassic.com



ချင်တာလေးကို မေးလျှောက်ပါရစေ”

ရထားထွက်ချိန်က လိုပါသေးသည်။

အရှင်ဦးဝိမလစာရက သက်နှံးကို ပြင်ခြုံရင်း . . .

“ဒကာလေးက ဘာမေးလျှောက်ချင်လို့လဲ”

“ကိုယ်တော် ရဟန်းဘဝနဲ့ပဲ ရာသက်ပန် နေတော့မှာလား”

“အဲဒါတော့ ကိုယ်တော် အတိအကျ အဖြေမပေးနိုင်သေးပါဘူး။ စိတ်ကို နိုင်နင်းသည်ထက် နိုင်နင်းအောင် ကျင့်ကြံအားထုတ်နိုင်ခဲ့ရင်တော့ ကျုပ် ရဟန်းဘဝမှာပဲ ရာသက်ပန်ပျော်တော့မှာပါ ဒကာ”

အောင်ဇေယျက အရှင်ဦးဝိမလစာရရဲ့ မျက်နှာတော်ကို တွေတွေငေးငေးလေး ကြည့်သည်။

ဩော်-ဘဝတစ်ခုရဲ့ အပြောင်းအလဲဆိုတာ ထူးခြားမြန်ဆန်လှပါလား။

“ကဲ-ရထားလည်း ထွက်ချိန်နီးပါပြီ။ စကြံန်ပေါ်မှာ ရပ်ပြီး အချိန်ဆိုတဲ့ ဒုက္ခကြီးကို စောင့်စားမနေပါနဲ့။ ဒကာအောင်ဇေယျ ပြန်ပါတော့”

အောင်ဇေယျ ပင့်သက်ကို ချသည်။

လက်အုပ်ချီပြီး ကိုယ်တော့်ကို ကျောခိုင်းထွက်လာခဲ့သည်။





လှမ်းလျှောက်ရင်း . . .

ပုံရိပ်မှာ အရှင်ဦးဝိမလစာရရဲ့ လူ့ဘဝအရိပ်တွေက သူ့အာရုံမှာ စွဲထင်နေဆဲပါတကား။

မောင်သာပြည့်

☆ ☆ ☆



www.burmeseclassic.com